# သုံးပုံစတ္တခါးကျမ်းနှင့်
# သုံးပုံတံဝေဝးကျမ်း

မှန်သို့ဝင်ဝင်ဆေရာစဝေါ်

ဒိပဲရင်းမြို့ မြောက်လက် မုန်တိုင်ပင်ရွာကျောင်း
"ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု"
"ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"
ဘွဲ့တံဆိပ်တော် နှစ်ထပ်ရ
မုန်တိုင်ပင် ဆရာတော်
စီရင်တော်မူသော

# သုံးပုံလှေခါးကျမ်း

နှင့်

# သုံးပုံတံတားကျမ်း

တိုက်
အား

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်
၁၃၂၅-ခု (သာသနာ-၂၅၀၇) ၁၉၆၃-ခု

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon

★

ရန်ကုန်မြို့၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်ရှိ
ဟံသာဝတီ ပုံနှိပ်တိုက်အတွက် (မှတ်ပုံတင်အမှတ် ၀၅၀-
၁၃၂) ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်၊

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **သုံးပုံလျှော့ခါး** | | |
| | နိဒါန်း-အဋ္ဌုပ္ပတ္တိ | | |
| ၁။ | ရှိခိုးခြင်းပဏာမ | ... | ၁ |
| ၂။ | မြေလှုပ်ကြောင်း ၈-ပါး | ... | ၁ |
| ၃။ | တနည်း-မြေလှုပ်ကြောင်း ၈-ပါး | ... | ၂ |
| ၄။ | မြေလှုပ်ကြောင်း ၄-ပါး | .... | ၂ |
| ၅။ | မြေလှုပ်ကြောင်း ၆-ပါး | ... | ၃ |
| ၆။ | ကပ်လှာတတ်သောရောဂါ ၁၁-ပါး | ... | ၄ |
| ၇။ | နှိပ်စက်တတ်သောရောဂါ ၁၁-ပါး | ... | ၅ |
| ၈။ | ခန္ဓာငါးရပ်စွဲလှာတတ်သော ရောဂါများ | ... | ၅ |
| ၉။ | ကိုးဆယ့်ခြောက်ပါးရောဂါ | ... | ၅ |
| ၁၀။ | အနာဖြစ်ကြောင်း ၈-ပါး | ... | ၅ |
| ၁၁။ | ၃၂-ဖြာ ကံကြမ္မာ | ... | ၆ |
| ၁၂။ | ဘေး ၂၅-ပါး | ... | ၈ |
| ၁၃။ | ဥပဒ္ဒဝေါ ၁၆-ပါး | ... | ၈ |
| ၁၄။ | အပြစ်ဒဏ် ၁၀-ပါး | .... | ၉ |
| ၁၅။ | အပြစ် ၈-ပါး | ... | ၉ |
| ၁၆။ | လေပျက်ကြောင်း ၁၀-ပါး | ... | ၁၀ |
| ၁၇။ | သည်းခြေပျက်ကြောင်း ၃-ပါး | ... | ၁၁ |
| ၁၈။ | သတိပျက်ကြောင်း ၃-ပါး | ... | ၁၁ |
| ၁၉။ | ဝေဒနာဖြစ်ကြောင်း ၈-ပါး | ... | ၁၁ |
| ၂၀။ | သေခြင်းအကြောင်းတရား ၄-ပါး | ... | ၁၂ |
| ၂၁။ | အခါမဲ့သေကြောင်းတရား ၇-ပါး | ... | ၁၂ |
| ၂၂။ | သေခြင်းအကြောင်းတရား ၈-ပါး | ... | ၁၂ |


**H 488—A** [ဟံသာဝတီ]

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၃။ | ဒိဋ္ဌိဖြစ်ကြောင်း ၈-ပါး | … | ၁၂ |
| ၂၄။ | အဖြေ ၄-ပါး | … | ၁၃ |
| ၂၅။ | ပုစ္ဆာ ၅-ပါး | … | ၁၃ |
| ၂၆။ | တနည်း-ပုစ္ဆာ ၄-ပါး | … | ၁၃ |
| ၂၇။ | တနည်း-အဖြေ ၅-ပါး | … | ၁၄ |
| ၂၈။ | ကျောင်း[illegible] | … | ၁၄ |
| ၂၉။ | ကမ်းခွန်[illegible] | … | ၁၄ |
| ၃၀။ | သဲလှူခြင်း[illegible] | … | ၁၅ |
| ၃၁။ | ရန်အောင်ကြောင်းတရား ၅-ပါး | …. | ၁၅ |
| ၃၂။ | တနေ့အတွက် ထွက်သက်, ဝင်သက် | … | ၁၆ |
| ၃၃။ | ထွက်သက်,ဝင်သက် ကာယသင်္ခါရဖြစ်,မဖြစ် | | ၁၆ |
| ၃၄။ | သူတော်ကောင်း ၇-ပါး | … | ၁၆ |
| ၃၅။ | စားသောက်ရာဝယ် ဆင်ခြင်ဖွယ်တရား ၁၀-ပါး | | ၁၇ |
| ၃၆။ | ခရီးခဲ ၅-ပါး | … | ၁၇ |
| ၃၇။ | မိုးသံကြားရာ ခြားအကွာ | … | ၁၈ |
| ၃၈။ | သားအပြား ၄-ပါး | … | ၁၈ |
| ၃၉။ | ကပ္ပဋ္ဌိတိ ၄-ပါး | … | ၁၈ |
| ၄၀။ | ကောသလအိပ်မက် ၁၆-ချက် | … | ၁၉ |
| ၄၁။ | အကျိုးစီးပွါးဖြစ်ကြောင်းတရား ၆-ပါး | … | ၂၂ |
| ၄၂။ | တောင့်တအပ်သောတရား ၄-ပါး | … | ၂၂ |
| ၄၃။ | အဆွေခင်ပွန်းဖွဲ့ရာ ၃-ပါး | … | ၂၃ |
| ၄၄။ | နတ်တို့စုတေ့ကြောင်းတရား ၄-ပါး | … | ၂၃ |
| ၄၅။ | အရပ်ပြစ် ၈-ပါး | … | ၂၄ |
| ၄၆။ | အသံကြီး ၄-ပါး | … | ၂၄ |
| ၄၇။ | သည်းမခံခြင်း အပြစ် ၅-ပါး | … | ၂၄ |
| ၄၈။ | စကားများခြင်းအပြစ် ၅-ပါး | … | ၂၅ |
| ၄၉။ | စည်းစိမ်, ဥစ္စာပြည့်စုံကျိုး ၅-ပါး | … | ၂၅ |

# မာတိကာ




| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- | --- |
| ၅၀။ | ကြည်ညိုခြင်းအကျိုး ၅-ပါး | ... | ၂၅ |
| ၅၁။ | ကြည်ညိုဖွယ်ရာမြှုလုပ်ခြင်းအကျိုး ၅-ပါး | ... | ၂၆ |
| ၅၂။ | သီလအကျိုး ၅-ပါး | .... | ၂၆ |
| ၅၃။ | ကျောင်းထိုင်ပုဂ္ဂိုလ် ငရဲလားကြောင်းတရား ၅-ပါး | ... | ၂၇ |
| ၅၄။ | ပဉ္စာနန္တရိယကံ ၅-ပါး | ... | ၂၇ |
| ၅၅။ | အသံနေအသံထားဖြင့် တရားဟောခြင်း အပြစ် ၅-ပါး | ... | ၂၇ |
| ၅၆။ | စိတ်၏ဆူးငြောင့်တံသင်းတရား ၅-ပါး | ... | ၂၈ |
| ၅၇။ | စိတ်ကိုနှောင်ဖွဲ့ခြင်းတရား ၅-ပါး | ... | ၂၈ |
| ၅၈။ | လက်နက်ကြီး ၄-ပါး | ... | ၂၈ |
| ၅၉။ | သစ္စာတရား ၆-ပါး | ... | ၂၉ |
| ၆၀။ | ဘုရားကြိမ်းဝါးတော်မူရာတရား ၄-ပါး | ... | ၃၀ |
| ၆၁။ | သိနိုင်ခဲသောတရား ၅-ပါး | ... | ၃၁ |
| ၆၂။ | အပိုင်းအခြားအနားမရှိသောတရား ၅-ပါး | ... | ၃၁ |
| ၆၃။ | မိန်းမတို့ အားမရနိုင်သည့်တရား ၃-ပါး | ... | ၃၁ |
| ၆၄။ | မပြည့်နိုင်ရာသောတရား ၄-ပါး | ... | ၃၂ |
| ၆၅။ | ဘုန်းတန်းခိုးကြီးကြောင်းကောင်းမှု ၆-ပါး | ... | ၃၃ |
| ၆၆။ | သာသနာ ၃-ပါး | ... | ၃၃ |
| ၆၇။ | သာသနာ ၃-ပါး ပုံဥပမာစကား | ... | ၃၄ |
| ၆၈။ | သုံးပါးသာသနာ တွေ့ခဲ့ကြောင်းစကားရပ် | ... | ၃၄ |
| ၆၉။ | အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်းပုံ | ... | ၃၅ |
| ၇၀။ | အာဒါသမုခမင်းသား ဆုံးဖြတ်သောတရား ၁၄-ပါး | ... | ၃၆ |
| ၇၁။ | ကုရုဓမ္မတရား ၅-ပါးစောင့်သူ ၁၁-ယောက် | | ၃၈ |
| ၇၂။ | တကျိပ်တယောက် ကုဏ္ဍလုံဗ္ဗဖြစ်ဟန် | ... | ၃၈ |
| ၇၃။ | ပဉ္စသီလကျင့်ခြင်းအကျိုး | ... | ၃၈ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၄။ | ဒုဿီလမယား ၃-မျိုး | .... | ၃၉ |
| ၇၅။ | သုသီလမယား ၄-မျိုး | ... | ၃၉ |
| ၇၆။ | မီး ၃-ပါး | .... | ၄၀ |
| ၇၇။ | ကြက်သရေပြောင်းဟန် ၄-ပါး | ... | ၄၀ |
| ၇၈။ | ကြက်သားသုံးမျိုး စားရကျိုး | ... | ၄၁ |
| ၇၉။ | နတ်သမီး ၄-ယောက် | ... | ၄၂ |
| ၈၀။ | လောဘ ပွတ္တိ အကျင့် ၄-ပါး | .... | ၄၃ |
| ၈၁။ | ဩဝါဒတည်သောဇာတ်တော် ၄-ဇာတ် | ... | ၄၄ |
| ၈၂။ | ဆဗ္ဗပါဏီ ပုဏ္ဏား၏ အင်္ဂါ ၄-ပါး | ... | ၄၄ |
| ၈၃။ | ပရိတ်နာရာ အကျိုးမရကြောင်း ၃-ပါး | ... | ၄၅ |
| ၈၄။ | ပရိတ်ရွတ်ရာ အာနုဘော်မရှိကြောင်း ၃-ပါး | | ၄၅ |
| ၈၅။ | စစ်ထိုးနည်း ၃-မျိုး | ... | ၄၆ |
| ၈၆။ | ဘဝတဏှာအပြစ်များပုံ | ... | ၄၆ |
| ၈၇။ | စကြာမင်းကျင့်ဝတ် ၁၂-ပါး | ... | ၄၇ |
| ၈၈။ | တကာအင်္ဂါ ၉-ပါး | .... | ၄၇ |
| ၈၉။ | ပဏ္ဍုကမ္ဗလာကျောက်ဖျာပူခြင်းအကြောင်း ၆-ပါး | ... | ၄၈ |
| ၉၀။ | သူ့မယားပြစ်မှားခြင်းအပြစ် ၄-ပါး | ... | ၄၈ |
| ၉၁။ | မိန်းမတို့ အပါယ်လားကြောင်းတရား ၅-ပါး | | ၄၉ |
| ၉၂။ | နတ်တို့စုတေခါနီး နိမိတ် ၅-ပါးထင်ပုံ | ... | ၄၉ |
| ၉၃။ | ခင်ပွန်းယုတ်လက္ခဏာ ၁၆-ပါး | ... | ၅၀ |
| ၉၄။ | မြို့ရွာအစာ ၄-ပါး | ... | ၅၁ |
| ၉၅။ | အတတ်ပညာ ၁၂-ပါး | ... | ၅၁ |
| ၉၆။ | စကြဝဠာ ကမ္ဘာတသိန်းအာဏာနှံ့သော ပရိတ် ၇-သုတ် | ... | ၅၂ |
| ၉၇။ | စတုမဓု ၄-ပါး | ... | ၅၂ |
| ၉၈။ | ကဏှာရသေ့၏ဆု ၄-ပါး | ... | ၅၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၉။ | ဘုရားလောင်းအိမ်မက် ၅-ပါး … | ၅၂ |
| ၁၀၀။ | တကာတို့ကုသိုလ်ပွားကြောင်းအင်္ဂါ ၅-ပါး | ၅၃ |
| ၁၀၁။ | အကျွန်ုပ်၏ အလှူကြီးပေးရာ အမှုဆောင်အဖွဲ့ … | ၅၄ |
| ၁၀၂။ | သုဘာသိတဝါစာ အင်္ဂါ ၅-ပါး … | ၅၄ |
| | နိဂုံး … | ၅၅ |
| ၁၀၃။ | ကျမ်းပြုဆရာ၏ ဇာတိ,ပဝတ္တိနှင့် ကျမ်းစီရင်သောခု,နှစ် … | ၅၅ |
| ၁၀၄။ | ကျမ်းစာ၏အခြင်းအရာ,ဥပမာ,ဥယျောဇဉ် … | ၅၅ |
| ၁၀၅။ | ကျမ်းပြုဆရာ၏ ဆုတောင်း … | ၅၆ |

## သုံးပုံတံတား

| | | |
|---|---|---|
| ၁။ | ရှိခိုးခြင်းပဏာမ … | ၅၉ |
| ၂။ | နည်းပေါင်း-၂၄၀ … | ၅၉ |
| ၃။ | ပဋိစ္စသမုပ္ပါဒ်စက်ဝဲ … | ၆၂ |
| ၄။ | ပဋိစ္စသမုပ္ပါဒ်တွင်သောကစသော တရားငါးပါးမပါဝင်ပုံ … | ၆၂ |
| ၅။ | အစွန်း ၃-ပါး … | ၆၂ |
| ၆။ | အကြောင်းတရား ၅-ပါး … | ၆၃ |
| ၇။ | အကျိုးတရား ၅-ပါး … | ၆၃ |
| ၈။ | ဝဋ် ၃-ပါး … | ၆၃ |
| ၉။ | အညာနိဗ္ဗာန်ဆန်သင့်ကြောင်းစကားရပ် … | ၆၄ |
| ၁၀။ | အသက်ရှည်ကြောင်းတရား ၅-ပါး … | ၆၄ |
| ၁၁။ | သမဏသုခ ၅-ပါး … | ၆၄ |
| ၁၂။ | ဒုက္ခထာ ၅-ပါး … | ၆၅ |
| ၁၃။ | အလှူအကျိုးတရား ၅-ပါး … | ၆၅ |
| ၁၄။ | တောင့်တမရသော တရား ၅-ပါး … | ၆၅ |
| ၁၅။ | ခိုးသူ ၅-ယောက် … | ၆၅ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆။ | လှုပ်ကျွေးနိုင်ခဲ့သော သူနာအင်္ဂါ ၅-ပါး | ... | ၆၆ |
| ၁၇။ | သူနာ လုပ်ကျွေးထိုက်သူ၏ အင်္ဂါ ၅-ပါး | ... | ၆၆ |
| ၁၈။ | အမျက်ငြိမ်းကြောင်းတရား ၅-ပါး | ... | ၆၇ |
| ၁၉။ | တနည်း-အမျက်ငြိမ်းကြောင်းတရား ၅-ပါး | ... | ၆၇ |
| ၂၀။ | အားထုတ်နိုင်ခြင်းအကြောင်းတရား ၅-ပါး | ... | ၆၈ |
| ၂၁။ | အမြဲဆင်ခြင်အပ်သောအကြောင်း တရား ၅-ပါး | ... | ၆၈ |
| ၂၂။ | ဆင်ခြင်ခြင်းအကျိုးတရား ၅-ပါး | ... | ၆၈ |
| ၂၃။ | မီးလှုံခြင်း အပြစ် ၅-ပါး | ... | ၆၉ |
| ၂၃။ | အနုဂါမိ ဥစ္စာ ၅-ပါး | ... | ၆၉ |
| ၂၄။ | ကုသိုလ် ၅-ပါး | ... | ၆၉ |
| ၂၅။ | စင်္ကြံသွားခြင်း အကျိုးတရား ၅-ပါး | ... | ၆၉ |
| ၂၆။ | စစ်သည်နှင့်တူသော ရဟန်း ၅-ပါး | ... | ၇၀ |
| ၂၇။ | ဗြဟ္မဝိဟာရ တရား ၄-ပါး | ... | ၇၀ |
| ၂၈။ | ဗြဟ္မဝိဟာရပွားပုံ | .... | ၇၁ |
| ၂၉။ | သံဝေဇနီယ ၅-နည်း | ... | ၇၁ |
| ၃၀။ | ပဒသံဝေဇနီယ ၈-ပါး | .... | ၇၁ |
| ၃၁။ | လိင်္ဂ ပဒသံ ဝေဇနီယ ၆-ပါး | ... | ၇၂ |
| ၃၂။ | အတ္ထ သံဝေဇနီယ ၉-ပါး | ... | ၇၂ |
| ၃၃။ | လိင်္ဂတ္ထသံဝေဇနီယ ၅-ပါး | .... | ၇၂ |
| ၃၄။ | သံဝေဇနီယ ၅-ပါး | ... | ၇၂ |
| ၃၅။ | ၂-ပါး၊ ၂-ပါးအားဖြင့် သံဝေဇနီယ ခြောက်ပါး ပြားပုံ | ... | ၇၃ |
| ၃၆။ | သံဝေဇနီယဆစ် ၆ခု | ... | ၇၃ |
| ၃၇။ | ဆောင်ပုဒ် | ... | ၇၃ |
| ၃၈။ | တရားနာခြင်း အကျိုး ၅-ပါး | ... | ၇၄ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၉။ | သီလညစ်ညူးကြောင်း, ဖြူစင်ခြင်း ကြောင်းစကားရပ် | .... | ၇၄ |
| ၄၀။ | မေထုန သံယောဇဉ် ၇-ပါး | .... | ၇၄ |
| ၄၁။ | နိကန္တတဏှာနှင့်မေထုနသံယောဇဉ်အပြစ် | ... | ၇၅ |
| ၄၂။ | အဂ္ဂေဘိကျီတပ် | ... | ၇၅ |
| ၄၃။ | အမိဋ္ဌာန် ၅-ပါး | .... | ၇၆ |
| ၄၄။ | ဓမ္မတာ အပြား ၃၀ | .... | ၇၆ |
| ၄၅။ | အန္တရာယ် မပြုနိုင်သည့်တရား ၄-ပါး | ... | ၇၇ |
| ၄၆။ | ဘုရားတို့ မစွန့်သောအရပ် ၄-ပါး | ... | ၇၈ |
| ၄၇။ | ပရိနိဗ္ဗာန် ကြွစံတော်မူကြောင်း ၃-ပါး | ... | ၇၈ |
| ၄၈။ | တမန် အင်္ဂါ ၈-ပါး | ... | ၇၈ |
| ၄၉။ | မလိမ္မာ၍ ဘေးတွေ့ပုံနှင့် လိမ္မာ၍ချမ်းသာပုံ | ... | ၇၉ |
| ၅၀။ | ကြည်ရှောင်အပ်သော တရား ၄-ပါး | ... | ၇၉ |
| ၅၁။ | သီလရှိစဉ် အလှူဒါန ပြု၍ အကျိုးကြီးပုံ | ... | ၈၀ |
| ၅၂။ | သဋ္ဌေးသား၄-ယောက်အမဲသားတောင်းပုံ | ... | ၈၀ |
| ၅၃။ | နသာမုတရား ၄-ပါး | ... | ၈၁ |
| ၅၄။ | သူဋ္ဌေးသမီး ၄-ယောက် ကျိန်ဆိုပုံ | ... | ၈၂ |
| ၅၅။ | တေမိမင်းသား တောထွက်ကြောင်းစကား | ... | ၈၃ |
| ၅၆။ | တေမိမင်းသား အလိုစမ်းခန်း | ... | ၈၄ |
| ၅၇။ | တရားဟောပုဂ္ဂိုလ်နှလုံးသွင်းအပ်သော တရား ၅-ပါး၊ ၆-ပါး | ... | ၈၄ |
| ၅၈။ | တရားဟောပုဂ္ဂိုလ်ပြုကျင့်ရာသော တရား ၅-ပါး | ... | ၈၄ |
| ၅၉။ | ပြုနိုင်ခဲသော တရား ၄-ပါး | ... | ၈၅ |
| ၆၀။ | မရောင့်ရဲနိုင်သောတရား ၁၆-ပါး | ... | ၈၆ |
| ၆၁။ | မင်းလေးပါး လက္ခဏာရေး ၄-ခုကို အာရုံပြုရုံ လက္ခဏာရေးသုံးပါးရှုပုံ | ... | ၈၇ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၆၂။ | အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ပုံ ဥဒါရုဏ် | ... | ၈၇ |
| ၆၃။ | မင်းကျင့်တရား ၁၀-ပါး | ... | ၈၈ |
| ၆၄။ | ကံအကျိုးပေးပုံ | ... | ၈၉ |
| ၆၅။ | ကံ ၁၄-ပါးဝေဖန်ဟန် | ... | ၈၉ |
| ၆၆။ | သမုဒ္ဒရာမြစ်၏မှတ်ဖွယ်များ | ... | ၉၀ |
| ၆၇။ | သမုဒ္ဒရာ ၅-စင်းမှ ရတနာ ၅-ပါး | ... | ၉၀ |
| ၆၈။ | ဒေဝဒတ်သတ်နိုင်သော ဓာတ် ၅-ဓာတ် | ... | ၉၁ |
| ၆၉။ | ဥပါသကာမြတ်၏ အင်္ဂါ ၅-ပါး | ... | ၉၁ |
| ၇၀။ | ဥပါသကာယုတ်၏ အင်္ဂါ ၅-ပါး | ... | ၉၂ |
| ၇၁။ | မရောင်းဝယ်အပ်သောကုန် ၅-ပါး | ... | ၉၂ |
| ၇၂။ | သုံးပါးရတနာကိုးကွယ်ပါ | .... | ၉၃ |
| ၇၃။ | ဥပါသကာတို့ကျင့်ရာသောတရား ၄-ပါး | .... | ၉၃ |
| ၇၄။ | ခိုးသူကြီး ၅-ယောက် | ... | ၉၃ |
| ၇၅။ | မင်းတို့မကျင့်အပ်သောတရား ၃-ပါး | ... | ၉၄ |
| ၇၆။ | အလှူဝတ္ထုတခုခုလှူရာ၌ပင် ပါရမီ ၃၀-ပြည့်နိုင်ပုံ | ... | ၉၄ |
| ၇၇။ | ပဝါရဏာ ၄-ပါး | ... | ၉၅ |
| ၇၈။ | သိက္ခာကျကြောင်းစကားရပ် | ... | ၉၅ |
| ၇၉။ | သာဝကဗောဓိ ၃-ပါး | ... | ၉၅ |
| ၈၀။ | နိဂ္ဂဏ္ဍာဆွမ်းအကျိုး ၁၂-ပါး | ... | ၉၆ |
| ၈၁။ | သူမိုက်တို့ပျင်းခြင်းအကြောင်း ကုသိတတရား ၈-ပါး | ... | ၉၆ |
| ၈၂။ | သူတော်ကောင်းတို့ အားထုတ်ကြောင်း ဝီရိယာရမ္ဘတရား ၈-ပါး | ... | ၉၇ |
| ၈၃။ | ရသေ့ ၈-မျိုး | ... | ၉၇ |
| ၈၄။ | ပုဏ္ဏားမည်ရာသော အင်္ဂါ ၅-ပါး | ... | ၉၇ |
| ၈၅။ | အလှူဦးရာ ၅-ပါး | ... | ၉၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၆။ | ဥပသမ္ပဒကံ၏ ပုဗ္ဗကိစ္စ ၈-ပါး … | ၉၈ |
| ၈၇။ | စကြာမင်း၏တန်းခိုး ၄-ပါး … | ၉၉ |
| ၈၈။ | အင်္ဂါဇာတ်နိုင်ကြောင်း ၅-ပါး … | ၉၉ |
| ၈၉။ | ရှင်အာနန္ဒာပညာကြီးကြောင်းတရား၄-ပါး … | ၉၉ |
| ၉၀။ | အဝိဇ္ဇာဥဥ္ခံမှ ပေါက်တော်မူရပုံ … | ၁၀၀ |
| ၉၁။ | ဇမ္ဗူဒီပကျွန်းမြို့,ရွာကျေးလက်အရေအတွက် … | ၁၀၀ |
| ၉၂။ | ကုသိုလ်အကျိုးကြောင့်စည်းစိမ်ပြည့်စုံသော သဌေးသား ၄-ယောက် … | ၁၀၀ |
| ၉၃။ | အိပ်မက် ၄-မျိုး … | ၁၀၁ |
| ၉၄။ | သရဏဂုံသီလအကျိုး … | ၁၀၂ |
| ၉၅။ | ရဟန်းမိန်းမတို့ကျင့်ရသည့် ဂရုဓမ္မတရား ၈-ပါး … | ၁၀၂ |
| ၉၆။ | ဝါဒဆယ်ပါးပြား၍ သံဂါယနာတင်ရကြောင်း | ၁၀၃ |
| ၉၇။ | လ,နေညစ်ကြေးကြောင်း ၄-ပါး … | ၁၀၃ |
| ၉၈။ | ရဟန်းတို့အညစ်အကြေး ၄-ပါး … | ၁၀၃ |
| ၉၉။ | မိမ္ဗိသာရမင်းကြီး၏တောင့်တခြင်း ၅-ပါး … | ၁၀၃ |
| ၁၀၀။ | တိတ္ထိတထောင်တို့အား တန်းခိုးပြခန်း … | ၁၀၄ |
| ၁၀၁။ | သင်္ကန်းဝတ်တိုင်း ဆင်ခြင်သူအားအကျိုး ၈-ပါး … | ၁၀၄ |
| ၁၀၂။ | ကျောင်းကိုမှီ၍တိုင်း ဆင်ခြင်သူအား အကျိုး ၁၀-ပါး … | ၁၀၅ |
| ၁၀၃။ | ဆွမ်း,ပစ္စည်းသုံးဆောင်တိုင်း ဆင်ခြင်သူအား အင်္ဂါ ၈-ပါး … | ၁၀၅ |
| ၁၀၄။ | ဆေး,ပစ္စည်းသုံးဆောင်တိုင်း ဆင်ခြင်သူအား အကျိုး ၂-ပါး … | ၁၀၅ |

နိဂုံး



ဤ"သုံးပုံ လေ့ခါးကျမ်းနှင့် သုံးပုံ တံတားကျမ်း"၏ အသွင်အပြင်, အဆင်းတန်းဆာ, လက္ခဏာကို အကျယ်တဝင့် ဖွင့်ဆိုရေးသားရန် လိုအပ်မည်မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော်....၁၉၅၉-ခုနှစ် ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်မှပင် ရိုက်နှိပ်ထုတ်ဝေသော "သုံးပုံတံချူကျမ်းနှင့် သုံးပုံအိတ်ထောင့်ကျမ်း"တို့၏ အသွင်နှင့် ဆင်ဆင်မပြားခြားနားလှမည် မဟုတ်သောကြောင့်ပင်တည်း။

ဂန္ထကာရက ကျမ်းပြုဆရာ၏ ရည်သန်ချက် ရရှိတော်မူသည့် တံဆိပ်ဘွဲ့ထူး၊ သီတင်းသုံးတော်မူရာ ဒေသ-ဌာန၊ ကြီးမားခိုင်ကျည်သော ပညာအရည်၊ ဖွားခုနှစ်၊ လွန်ခုနှစ်-စသော ကျမ်းမွန်မုတ်ဦး အတွက် လိုအပ်ချက်များကို ယင်းကျမ်း၏ သဘာဝနိဒါန်း၌ပင် အပြည့်အစုံ,အကုံအင ပါရှိပြီးဖြစ်ပေသည်၊ မှီးငြမ်းပြု၍ သိနိုင်ရာသည်။

သို့ရာတွင် "သုံးပုံ တံချူကျမ်းနှင့် သုံးပုံအိတ်ထောင့်ကျမ်း"ထက် ထူးခြားချက်တခုကား ရှိပေသည်၊ ယင်းသည်ကား ဤ"သုံးပုံလေ့ခါးကျမ်းနှင့် သုံးပုံတံတားကျမ်း"သည် ပိဋကတ်သုံးပုံမှ ဥဒါဟရုဏ်ပုံစံ သရုပ်ပြတို့ကိုဖေါ်ထုတ်ရာတွင် သုတ္တန်နှင့်အဘိဓမ္မာကိုသာ အထူးတလည်အရေးထားကာ လေးစားစွာ နုတ်,ကောက်ညွှန်ပြထားခြင်းနှင့် နက်နဲသိမ်မွေ့စွာ သိပ္ပံနည်းကျကျ တင်ပြထားခြင်းတို့ပင် ဖြစ်ပေသည်၊ ခိုင်ကျည်စေရန် ပုံစံတခုကိုတင်ပြရလျှင် သုံးပုံလေ့ခါးကျမ်းတနေရာတွင်—

# နိဒါန်း

“တနာရီမှာ၊ သုံးရာခြောက်ဆယ်၊ ထွက်သက်
ဝယ်တည့်၊ တသွယ်ဝင်သက်၊ နည်းတူတွက်ရှင့်၊
နှစ်ချက်အရ၊ ပေါင်းလိုက်ထမူ၊ ခုနစ်ရာ့နှစ်ဆယ်၊
တနေ့ဝယ်သော်၊ ပေါ်သည်သုံးထောင်၊ ထို့နောင်
နှစ်ရာ၊ လေးဖသောင်းလာသည်၊ ၊ကျမ်းလာတရား
မှတ်လေကား”ဟူ၍—

တနေ့အတွက် ထွက်သက်,ဝင်သက် အရေအတွက်ကို အသေးစိတ် သုံးသပ်စိစစ်၍ တင်ပြထားချက်မျိုးတို့ပင် ဖြစ်ပေသည်။

အကယ်ဆိုသော်····၌“သုံးပုံလျှော့ါးကျမ်း သုံးပုံတံတား ကျမ်း”မြတ်မဟာတို့သည် သဗ္ဗသိပ္ပ မုတစုံစေ့ ကြွေ့ကြွေး ဖြိုင်ပြွမ်းသော“သုတပဒေသာပင်”ကြီးဆီသို့ လွယ်လင့်တကူ သွားရောက်၍ ခူး, ဆွတ်, စားသုံးနိုင်ရန်အလို့ငှါ နွှယ်ရှက် ကူးသားပေးသော ပေါင်းကူး လျှော့ါး-ပေါင်းကူးတံတား များသာ ဖြစ်ပေသတည်း။

မမြို့-မိုးကြည်
၂၀-၉-၆၂

# အတ္ထုပ္ပတ္တိ

**ကျမ်းအမည်**

မြတ်စွာဘုရားသခင်ဟောတော်မူအပ်သောသုတ်,ဝိနည်း, အဘိဓမ္မာ-ဟူသော သုံးပုံသော ပိဋကတ်တော်သည် အစမှ အဆုံးတိုင် လူတိုင်းလူတိုင်း ကြည့်ရှုလေ့လာနိုင်ဘို့မဖြစ်နိုင်၊ အဇ္ဇတာဝေဟင် ကောင်းကင်ပြင်သို့ ရောက်နေသည့် ပမာ အလှမ်းဝေးကွာနေသောကြောင့် လူတိုင်းလူတိုင်း ကြည့်ရှု မှတ်သားနိုင်ကြစေရန် လျှော့ခါးသဖွယ် ဤကျမ်းငယ်ကိုရေး သားစီရင်ရကြောင်းကိုဇင်း,ထို့ပြင် ၃-ပုံသောပိဋကတ်တော် သည် တသွင်သွင် တဒီးဒီး စီးဆင်းသော ချောင်း၏တဘက် ကမ်းသို့ရောက်နေသည့်ပမာ အလှမ်းဝေးကွာနေသဖြင့်လည်း တံတားသဖွယ် ဤကျမ်းငယ်ကို စီရင်ရေးသားရကြောင်းကို ဇင်း ဆရာတော်ကိုယ်တိုင် နိဂုံးတွင်ဆိုထား၏၊ ထို့ကြောင့် ဆရာတော်၏သုံးပုံတံချူ, သုံးပုံအိပ်ထောင့်, သုံးပုံလျှော့ခါး, သုံးပုံတံတား ဟူသော ကျမ်း ၄-ကျမ်းသည် ပိဋကသုံးပုံကို ငုံမိခြုံမိသော ကျမ်းများဖြစ်လေသည်။

**ကျမ်းပြုဆရာတော်**

ဤကျမ်းကို ပြုစုတော်မူသော မုန်တိုင်ပင်ဆရာတော်၏ အကြောင်းအရာအတ္ထုပ္ပတ္တိကို သုံးပုံတံချူ, သုံးပုံအိတ်ထောင့် ကျမ်းတို့၏ သဘာဝနိဒါန်းတွင် အပြည့်အစုံ အကျယ်တဝင့် ပါရှိနေပြီးဖြစ်၍ ဤသုံးပုံလျှော့ခါး, သုံးပုံတံတားကျမ်းများ၏ နိဒါန်းတွင်မူ အတိုချုံး၍ လိုရင်းကိုသာ ပြဆိုလိုပေသည်။

ကျမ်းပြုအကျော် မုန်တိုင်ပင်ဆရာတော်သည် ကောဇာ သက္ကရာဇ် **၁၁၄၁-ခုဘွား** နံတော်ဗုဒ္ဓဟူးသားဖြစ်တော်မူ၍၊

ရှင်သာမဏေမဖြစ်မီကပင် မိဘ,နှစ်မသားချင်းများနှင့်အတူ လယ်စောင့်- ယာစောင့်အလုပ်, ကျွဲကျောင်းအလုပ်များ ကိုလုပ်ခဲ့သည်၊ ကျွဲကျောင်းအလုပ်ကိုလုပ်စဉ်က ကျွဲပေါ်တွင် စာကျက်ခဲ့သည်၊ ကုံလုံကြွယ်ဝသောမိဘတို့မှ ဖွားမြင်သူ ဖြစ်လျက်လည်း ဘော်ကြော့မနေမိဘတို့နှင့်ဒိုးတူဘောင်ဘက် အလုပ်ကိုလည်းလုပ်၏၊သုံးပုံထဲ၌စိတ်စွဲလှသဖြင့် စာကိုလည်း မျက်နှာလွှဲမရဖြစ်ကြောင်းကို ဆရာတော်ကိုယ်တိုင် နိဂုံး တွင်မိန့်ဆိုထားသည်။

## ရှင်အဖြစ်,ရဟန်းအဖြစ်

ဆယ့်ခြောက်နှစ်အရွယ်ရောက်သောအခါ ရှင်သာမဏေ ပြုလုပ်၏၊ ရှင်သာမဏေအဖြစ် ၇-ဝါရပြီးမှ ရဟန်းပြုတော် မူသည်၊ လူအဖြစ် ၁၆-နှစ်, သာမဏေအဖြစ် ၇-နှစ်၊ ၂၃-နှစ်ကျမှရဟန်းဘဝရောက်ကြောင်း ဆရာတော်ကိုယ်တိုင် ရေးသားသည်ကိုတွေ့ရ၏၊ဆရာတော်၏မယ်တော်မှာရဟန်း မခံမီကပင်ကွယ်လွန်ခဲ့၏၊ရဟန်းဝါ ၄-ဝါရသောအခါ ဆရာ တော်၏ခမည်းတော်က ကျောင်းဆောက်လှူဒါန်း၍ ပစ္စည်း လေးပါးဖြင့်လည်း ထောက်ပင့်ထား၏၊ ကျောင်းဒါယကာ လည်းဖြစ်,ပစ္စည်း ၄-ပါးဒါယကာလည်းဖြစ်သော ခမည်း တော်သည် အသက် [illegible]၂-နှစ်အရောက်တွင် ကွယ်လွန်လေ သည်။

## ရာဇဂုရုတံဆိပ် ၂-ထပ်ရ

ကုန်းဘောင်ဆက် အမရပူရမြို့တည်နန်းတည် ဆဒ္ဒန် ဆင်မင်းသခင် ဘဝရှင် ဘိုးတော်မင်းတရားကြီး လက်ထက် တွင် မင်းတရားကြီး၏သားတော် အိမ်ရှေ့ဥပရာဇာက ကိုး

[illegible]ယ်၍ မင်းတရားကြီးကိုယ်တိုင် "ဝံသာဘိလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ပဋ္ဌမ ဘွဲ့တံဆိပ်တော်၊ "ဝံသာဘိလင်္ကာရ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ၁၉-လုံးရှိဒုတိယ ဘွဲ့တံဆိပ်တော် ၂-မျိုးဖြင့် ပူဇော်ဆက်ကပ်ခြင်းကိုခံယူရရှိတော်မူသည်၊အမရပူရမြို့တော်၌သီတင်းသုံးတော်မူစဉ်အခါ သားတော်အိမ်ရှေ့မင်းကြီးက အဝမြို့အရှေ့တောင်ထောင့် အရပ်တွင်"မဟာမင်္ဂလာရွှေဘုံမိုးထိကျောင်း"ဟူသောအမည်ဖြင့်ကျောင်းကြီးတဆောင် ဆောက်လုပ်လှူဒါန်း ကိုးကွယ်တော်မူသည်။

**ကျေးလက် သာသနာပြု**

ဆရာတော်သည် အမရပူရမြို့တော်မှ ကျေးလက်ဖြစ်သော ဒီပဲရင်းမြို့ မြောက်လက် မုန်တိုင်ပင်ရွာကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးကာ တပည့်တပန်း ရဟန်းသံဃာတို့အား စာပေပို့ချတော်မူ၍ သာသနာပြုတော်မူ၏၊ ဒီပဲရင်းမြို့မြောက် ရွာပေါင်း ခြောက်ဆယ့်လေးရွာရှိ ဂိုဏ်းသံဃာတို့၏ ဩဝါဒါစရိယ ဆရာတော်အဖြစ်ဖြင့် သာသနာရေးကို ဆောင်ရွက်တော်မူသည်။

**ပြုစုတော်မူသောကျမ်းများ**

၁။ သုံးပုံတံချူကျမ်း (၁၁၉၁) ခု
၂။ သုံးပုံအိတ်ထောင့်ကျမ်း (၁၁၈၆) ခု
၃။ သုံးပုံလှေခါး (၁၂၀၃) ခု
၄။ သုံးပုံတံတား (၁၁၀၄) ခု
၅။ စကားပြေကျမ်း၊
၆။ သဒ္ဒါအတက်ကျမ်း၊
၇။ ငါးရှဉ့်ငါးဆယ်စကားပြေဝတ္ထု၊
၈။ သဒ္ဒါကြီးနိဿယ၊

၉။ အဘိဓမ္မတ္ထမေဒဒီပနီ၊
၁၀။ ဝိနည်းအဆုံးအဖြတ် စသည်တို့ဖြစ်၏။

**သက္ကရာဇ်စိစစ်ချက်**

ဆရာတော်၏ ဖွားသက္ကရာဇ်, ရဟန်းခံသက္ကရာဇ်,ကျမ်းပြီးသက္ကရာဇ်တို့သည် တဦးနှင့်တဦးမညီ ဖြစ်နေ၏၊ ဖွားသက္ကဇ်ကို ၁၁၀၂-ခုနှစ်ဟုရင်း, ၁၁၄၀-ခုနှစ် ဟုရင်း ရဟန်းခံရာမှာလည်း အချို့က အသက်ပြည့်ဟုရင်း,အချို့က အသက်လွန်ဟုရင်း ကွဲပြားခြားနားစွာ ဆိုကြသည်၊ ဤနေရာ၌ ဆရာတော်ကိုယ်တိုင် သုံးပုံအိတ်ထောင့်ကျမ်း နိဂုံးတွင် ပြဆိုထားသည့် စာသာလျှင် အခိုင်အမာယူရန်ရှိသည်၊ ထိုနိဂုံးတွင် "၁၆-နှစ်ရောက်မှ ရှင်သာမဏေပြုခဲ့ကြောင်း,ရှင်သာမဏေဘဝဖြင့် ၇-ဝါနေခဲ့ကြောင်း, ၂၃-ဝါရသောအခါ အသက် ၄၆-နှစ်ရှိပြီ ဖြစ်ကြောင်း, ကောဇာသက္ကရာဇ် ၁၁၆၈-ခု ရောက်သောအခါ ၄-ဝါရပြီဖြစ်၍ ခမည်းတော်၏ကျောင်းကို အလှူခံယူခဲ့ကြောင်းများကို–

၁။ ခြောက်နှစ်စွန်းကယ်၊ သက်တဆယ်၊ ရှင်ငယ်ဖြစ်သည်သာ။

၂။ ဝါတေဝီသ၊ရဟန်းမှ၊ ရှင်က ခုနစ်ဝါ၊

၃။ ခြောက်နှစ်စွန်းကယ်၊ သက်လေးဆယ်၊ ကြီးကျယ်ဉာဏ်ပညာ၊

၄။ ခြောက်ဆယ့်ရှစ်နှစ်၊သက္ကရာဇ်၊ရောက်လစ်ထိုအခါ၊

၅။ စတုဝဿ၊ လေးဝါရ၊ တင်ထ ဤကျောင်းမှာ။

ကျမ်းပြီးသက္ကရာဇ်များကိုမူ ထိုထိုကျမ်းများ နိဂုံးတွင် အတိအလင်းဆိုထားသည်ဖြစ်၍၊ အထူးစိစစ်ဘွယ်မရှိ ဖြစ်ပါကြောင်း။

"ဟံ သာ ဝ တီ"

# သုံးပုံလျှော်ခါးကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ရှိခိုးခြင်း ပဏာမ

(၁) သုံးပါးရတနာ၊မြတ်ဆရာကို၊သဒ္ဓါ စုံမက်၊ နှစ်သက်ဝမ်းသာ၊ ရှိခိုးပါ၏၊ များစွာ ကျမ်းထွက်၊ စကားနက်ကို၊ ဆောင်ရွက်ဖွယ် ရာ၊ ညွှန်းလိုက်မှာသည်၊ ၊မကွာနှုတ်ထဲ ဆောင်အမြဲ။

## မြေလှုပ်ကြောင်း ၈-ပါး

၂။ ပဋိသန္ဓေ၊ နေသည့်ကာလ၊ ဖွားထတဖန်၊ ရွှေဉာဏ် တော်ရ၊ ဓမ္မစကြာ၊ ဟောခါကာလ၊ လွှတ်ထအာယု၊ ပြုသည် နိဗ္ဗာန်၊ ဈာန်ဂုဏ်တန်ခိုး၊ တမျိုးချောက်ချား၊ ဤရှစ်ပါး

ကြောင့်၊ ကြီးမားသုန္ဓရေ၊တုန်လှုပ်လေသည်၊ ၊ပုံသွေမယွင်း နှလုံးသွင်း။

[ဤကား မြေလှုပ်ကြောင်းရှစ်ပါးစကားရပ်မှတ်ဖွယ်တည်း။]

## တနည်း-မြေလှုပ်ကြောင်း ၈-ပါး

၃။ တောထွက်ကာလ၊ ကပ်ထဗောဓိ၊ခံဘိပွဲ့သကူ၊ ဖွပ်ယူ တဖြာ၊ ကာ,ဂေါ်,ဝေ,မြ၊ ဤရှစ်ဝကြောင့်၊ ဌာနအောက်မြေ၊ တုန်လှုပ်လေသည်၊ ၊လေးထွေကြောင်းရင်း တုန်လှုပ်ခြင်း။

[ဤကား တနည်း-မြေလှုပ်ကြောင်း ရှစ်ပါးစကားရပ် မှတ်ဖွယ်တည်း။]

## မြေလှုပ်ကြောင်း ၄-ပါး

၄။ ကောင်းချီး,သက်သေ၊ တထွေဝီရိယ၊ အံ့ထတဖြာ၊ အခါမဲ့ငြား၊ ဤလေးပါးကြောင့်၊ ရှစ်ပါးဌာနေ၊ တုန်လှုပ် လေသည်၊ ၊မှတ်လေတမျိုး မြေလှုပ်ရိုး။

[ဤကား မြေလှုပ်ကြောင်း လေးပါးစကားရပ် မှတ် ဖွယ်တည်း။

ကာ-မှာ ကာလကာရာမသုတ်၊ ဂေါ်-မှာ ဂေါတမ ကသုတ်၊ ဝေ-မှာ ဝေဿန္တရာဇာတ်၊ မြ-မှာ မြဟ္မဇာလ သုတ်ကို ယူလေ။

တောထွက်ရာ ဗောဓိမဏ္ဍိုင်သို့ကပ်ရာ၌ ဝီရိယကြောင့် လှုပ်သည် ယူလေ၊ ပွဲ့သကူခံယူရာ၌ အံ့ဖွယ်သရဲ အဟုန် ကြောင့်လှုပ်သည်၊ ပွဲ့သကူဖွပ်ရာ,ဝေဿန္တရာဇာတ် ဟော ရာ၌ အခါမဲ့လှုပ်သည်၊ ကာလကာရာမသုတ်,ဂေါတမ ကသုတ်ကို ဟောရာ၌ သက်သေခံသဖြင့် လှုပ်သည်၊ မြဟ္မဇာလသုတ်ကိုဟောရာ၌ ကောင်းချီးပေးလို၍ လှုပ် သည် မှတ်လေ။]

## မြေလှုပ်ကြောင်း ၆-ပါး

၅။ သုံးတန်သင်္ဂါယနာ၊ တင်သည်ကာလ၊ နာမခေါ်ဆို သီဟိုဠ်သာမော၊ စပယ်တော၌၊ ထေရာမဟိန္ဒ၊ မြတ်မဟ္မကို ဟောထသောခါ၊ ကလျာဏီယ၊ ကျောင်းဒေသ၌၊ ပိဏ္ဍပါတိ ယထေရ်၊ ဟောသည်ကာလ၊ နာမပညတ်၊ ကြေးပြာသာဒ်၏၊ တည်လတ်ရွှေသုန်း၊သရက်ကုန်း၌၊ ရှင်ပြုံးဝမ်းသာ၊ဘာဏက ထေရ်၊ ရွတ်သည်အားလုံး၊ သုတ်အဆုံး၌၊ ရေဆုံးတိုင်ထိ၊ လှုပ်လေဘိသည်၊ ၊ဘူမိစာလ ခြောက်ဌာန။

[ဤကား ဘုရားမရှိသည့်နောက် တရားအာနုဘော် ကြောင့် လှုပ်ကြောင်းခြောက်ပါး စကားရပ် မှတ်ဖွယ် တည်း။

ဗြဟ္မဇာလသုတ်ကို ဘုရားဟောတော်မူသောသုတ် အဆုံးမှသာ လှုပ်သည်မဟုတ်၊ခြောက်ဆယ့်နှစ်ပါးသောဒိဋ္ဌိ တို့တွင်တပါးတပါးအဆုံး၌တကြိမ်စီတကြိမ်စီခြောက်ဆယ့် နှစ်ကြိမ်တိုင်အောင်လှုပ်သည် ယူလေ။ ။ဘာဏကထေရ် ဟူရာ၌ ဒီဃဘာဏကထေရ် ယူလေ။

မာတ်ချောက်ချားခြင်းကြောင့် လှုပ်ခြင်း, တန်းခိုး တေဇော် အာနုဘော်တော်ကြောင့် လှုပ်ခြင်း, ဘုရား လောင်း ပဋိသန္ဓေနေခြင်း, ဖွားခြင်း, သမ္ဗောဓိဉာဏ် ကိုရခြင်း, ဓမ္မစကြာတရား ဟောတော်မူခြင်း, အာယု သင်္ခါရလွှတ်ခြင်း,ပရိနိဗ္ဗာန်ပြုခြင်း ရှစ်ပါး။

တောထွက်ခြင်း,မောဓိမဏ္ဍိုင်သို့ ကပ်ခြင်း,ပံ့သကူကို ခံခြင်း,ဖွပ်ခြင်း,:ကာလကာရာမသုတ်, ဂေါတမကသုတ်, ဝေဿန္တရာဇာတ်,ဗြဟ္မဇာလသုတ် ရှစ်ပါးတည်း။

တောထွက်ရာ,မောဓိမဏ္ဍိုင်သို့ကပ်ရာ၌ဝီရိယကြောင့်, ပံ့သကူခံရာ၌ အံ့ဘွယ်သရဲအဟုန်ကြောင့်, ပံ့သကူဖွပ်ရာ, ဝေဿန္တရာဇာတ် ဟောရာ၌ အခါမဲ့လှုပ်၏၊ ကာလ

ကာရာမသုတ်, ဂေါတမကသုတ်ဟောရာ၌ သက်သေခံ အဖြစ်ဖြင့် လှုပ်၏၊ မြဟ္မဇာလသုတ်ကို ဟောရာ၌ ကောင်း ချီးပေးသော အားဖြင့်လှုပ်၏၊ ၊သုတ်သီလက္ခန် အင်္ဂ ကထာလာ။]

''အဋ္ဌ ခေါ ဣမေ အာနန္ဒ ဟေတူ အဋ္ဌ ပစ္စယာ ဘူမိစာလဿ ပါတုဘာ ဝါယ''။ သုတ်မဟာဝါပါဠိတော်၃၂-ချပ်လာ။

[ရေလှုပ်ခြင်းကြောင့်မြေလှုပ်ခြင်း,ရဟန်းပုဏ္ဏားတန်းခိုး ကြောင့်လှုပ်ခြင်း, ဘုရားလောင်းပဋိသန္ဓေနေခြင်းကြောင့် လှုပ်ခြင်း, ဘုရားလောင်း ဖွားမြင်ခြင်းကြောင့်လှုပ်ခြင်း, ဘုရားအဖြစ်သို့ရောက်ခြင်းကြောင့် လှုပ်ခြင်း, ဓမ္မစကြာ တရားဟောခြင်းကြောင့်လှုပ်ခြင်း, အာယုသင်္ခါရ လွှတ် ခြင်းကြောင့်လှုပ်ခြင်း, အနုပါဒိသေသနိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုခြင်းကြောင့်လှုပ်ခြင်း။

ကြီးစွာသော လေသည် လာလေသည်၊ လာခြင်း ကြောင့် ရေကိုခံသောလေ လှုပ်လေသည်။

''ဓာတုကောပေန ပဌမ၊ ဣဒ္ဓါနုဘာဝေန ဒုတိယ၊ ပုညတေဇေန တတိယ၊ စတုတ္ထ၊ ဉာဏတေဇေန ပဥ္စမ၊ သာဓုကာရဒါနဝသေန ဆဋ္ဌ၊ ကာရုညသဘာဝေန သတ္တမ၊ အာရောဒနေန အဋ္ဌမ'']။

---

## ကပ်လှာတတ်သောရောဂါ ၁၁-ပါး

၆။ စက္ခု,သောတ၊ ဃာန,ဇိဝှါ၊ တဖြာကာယ၊ သီသ, ကဏ္ဏာ၊ ဒန္တာ,မုခ၊ ကာသ,သောသော၊ ရောဂါ ဆယ့်တစ် ရပ်၊ ကပ်လှာတတ်သည်၊ ၊ကြပ်ကြပ်ကိုယ်တွင်း မြဲစေမင်း။

[ကာသ-မှာ ချောင်းဆိုးနာ၊ သောသော-မှာ ကုတ် ဖါးနာယူလေ။]

## နှိပ်စက်တတ်သောရောဂါ ၁၁-ပါး

၇။ ဆောင်းပေးခါးနာ၊ ကိုယ်ပူနာနှင့်၊ဝမ်းနာတခြား၊ အဖျားတထွေ၊ မူးဝေတချက်၊ ဝမ်းသွေးထွက်,ဝမ်းသွန်နာ၊ နူနာ,ထွတ်မြင်း၊ ဆင်ညှင်းကြီးနာ၊ ထိုးကျင်နာဟု၊ ရောဂါ ဆယ့်တရပ်၊ နှိပ်စက်တတ်သည်၊ ၊မပြတ်ဝမ်းတွင်း နှလုံး သွင်း။

[ထိုးကျင်နာဟူသည်-တံကျင်ကဲ့သို့ ကိုက်ခဲသည် ဆို လိုသည်။]

## ခန္ဓာငါးရပ် စွဲလှာတတ်သောရောဂါများ

၈။ ခယရုဂ်နာ၊ ပိတ်ခဲနာနှင့်၊ တူလာသရော၊ ဖေါ်သော အနာ၊ ယားနာ ဝဲ,ပွေး၊ ဆင်ပွေးကြီးနာ၊ ယင်းနာ,မြင်းသ ရိုက်၊ တလိုက်ရှူးနာ၊ ဤရောဂါလည်း၊ ခန္ဓာငါးရပ်၊ စွဲလှာ တတ်သည်၊ ၊မလတ်မကင်း သတိသွင်း။

[ပိတ်ခဲနာ-ဟူသည် အနီ,အရွှေကျသောအနာကို ယူ လေ၊ ဖေါ်သောအနာမှာ-ထွတ်အိုင်းနာ ဆိုလိုသည်။]

## ၉၆-ပါး ရောဂါ

၉။ (က) ပိတ္တ,သေမှ၊ ဝါတတသွယ်၊ မြှောက်ခါဝယ် ၌၊ သုံးဆယ့်နှစ်ပါး၊ သုံးလီပြား၍၊ ခြောက်ပါးစွန်းကယ်၊ ကိုးဆယ်ရောဂါ၊ ကိုယ်ခန္ဓာ၌၊ များစွာထွေထွေ၊ ဖြစ်တတ် ချေသည်၊ ၊ဉာဏ်နေမကင်း သိစေမင်း။

## အနာဖြစ်ကြောင်း ၈-ပါး

၁၀။ (ခ) သလိပ်တထွေ၊ သည်းခြေတဖြာ၊ လေနာ တရပ်၊ သန္နိပါတ်နှင့်၊ ဖြစ်လတ်ဥတု၊ စားမှုအစာ၊ တဖြာ

လို့လ၊ ကမ္မဝိပါက်၊ ရှစ်ချက်မူလ၊ ဖြစ်ကြောင်းပြသည်၊ သုံးဝမကင်း လေတို့လျှင်း။

[ဤကား ကိုးဆယ့်ခြောက်ပါးသော ရောဂါအပြား စကားရပ်မှတ်ဖွယ်တည်း။

အနာဖြစ်ကြောင်းရှစ်ပါးဟု ဟောတော်မူလျက် သုံးပါးနှင့်မြှောက်ရခြင်းသည် သုံးပါးနှင့်မကင်း ဆက်ဆံခြင်းကြောင့် မြှောက်ရလေသည် ဟူလိုသည်။

အင်္ဂုတ္တရ နိကာယ် ဒသကနိပါတ် ဂိရိမာနန္ဒသုတ်၊ မဟာနိဒ္ဒေသပါဠိတော် ကာမသုတ္တနိဒ္ဒေသ စသည့်တို့၌ လာသောနည်းတည်း၊ဆေးကျမ်းတို့၌ လောကီကျမ်း အလျောက် အစေ့အစုံဆိုသည်။]

## ၃၂ ဖြာ ကံကြမ္မာ

၁၁။ (က) ကမ္မကရဏ၊ ဒွတ္တိံသ၏၊ အရသရုပ်၊ ဖေါ်ပြထုတ်ပိမ့်၊ ဆောက်ပုတ်ကြိမ်လုံး၊ ဖြတ်သုံး လက်,ခြေ၊ သုံးထွေနား,နှာ၊ ဖြတ်ရာတတည်၊ ပ[illegible]ိုးရည်အိုး၊ ဆယ်မျိုးကမ္မ၊ ကရဏကို၊ ၊မြင်ကမယွင်း လန့်စေမင်း။

(ခ) ရာဟုခံကျင်း၊ ခရူသင်း,လျှော်တော၊ တိုက်လေ မီးလျှံ၊ တဖန်မီးတောက်၊ ထို့ဒနောက်တလီ၊ [illegible]သားအလား၊ ဆားငံတချက်၊ ပိန်းရွက်အလား၊ ငါးမျှားချိတ်အသွင်၊ တံခါးကျင်သဖွယ်၊ တဆယ်ကမ္မ၊ ကရဏကို၊ ၊မြင်ကချက်ခြင်း ကြောက်စေမင်း။

(ဂ) ဆီသွန်းတမထွေ၊ ကောက်ရိုးခွေပမာ၊ တသပြာ အသား၊ လှံ,ဓား,သန်လျက်၊ လျှိုနှက်တံကျင်၊ ထို့ပြင် လက်,ခြေ၊ ပေါင်းလေရင်ဝ၊ မယ်နတံသင်း၊ နှက်ခြင်း ငါး

ထွေ၊ ခုတ်ခလဲမားမ၊ ရွှေထဲကွပ်၊ မလွတ်မကင်း၊ ခံရခြင်းကို၊ ၊ဝမ်းတွင်းသံဝေ ထိတ်လန့်စေ။

[ဤကား ကြမ္မာသုံးဆယ့်နှစ်ပါး စကားရပ် မှာ်ဖွယ်တည်း၊ အင်္ဂုတ္တိုရ် ဒုကနိပါတ် ပဌမသုတ်, ဥပရိပဏ္ဏာသ မဟာနိဒ္ဒေသ, မိလိန္ဒပဉှာ-စသောကျမ်းတို့၌ လာသည်။

ကြိမ်လုံးမှာ ဆူးရှိ,မရှိ နှစ်ခုယူ၊ ဖြတ်သုံ·မှာ-လက်ဖြတ်,ခြေဖြတ်,လက်,ခြေ·နှစ်ပါးဖြတ်ယူ၊ နား,နှာ၌လည်း နည်းတူယူလေ၊ပအုံးရည်အိုး၌ ဦးခေါင်းခွံကိုခွါ၍ လောလောပူသောသံဘွေကို ညှပ်ဖြင့်ယူ၍ထည့်သဖြင့် ကျက်ကျက်ဆူသော ပအုံးရည်သဖွယ်ဖြစ်လေသည်။

ရာဟုခံတွင်း၌ သံတံသင်းတို့ဖြင့် ခံတွင်းကိုဖွင့်၍မီးညှိခြင်း, မျက်နှာကို ဆောက်ဖြင့်ရွေ၍ ခံတွင်းပြည့်အောင်သွေးဆင်းစေခြင်းတည်း၊ ခရုသင်းကဲ့သို့ ဦးခေါင်းခွံကိုကြမ်းသောကျောက်ဖြင့်ပွတ်သည်။

ကိုယ်အလုံးကိုဆီသုတ်ပုဆိုးကြမ်းဖြင့်ရစ်၍မီးတိုက်သည်၊ လက်၌ ဆီသုတ်ပုဆိုးကိုရစ်၍ မီးညှိသည်၊ ပိန်းမြက်ရွက်ကဲ့သို့အရေလွှာကိုခွါသည်၊လျှော်တေဝတ်သကဲ့သို့ လည်မှစ၍ အရေကိုခွါ၍ ခါး၌ထားခြင်း၊ ခါးမှစ၍ အရေကိုခွါ၍ ဖမျက်၌ထားခြင်းကိုပြုလေသည်၊တတောင်နှစ်ဖက်, မြင်းခေါင်းနှစ်ဖက်တို့၌ သံခြေကျင်း သံကွင်းလျှို၍ သံချောင်းနှက်၍ ထက်ာန်းကျင်မီးထည့်၍ ဇော်သားကဲ့သို့ လေးဘက်တွားလျက် ရှိစေသည်၊ အသွားနှစ်ဖက် ရှိသော မြှော့ချိတ်ဖြင့် အရေအကြောတို့ကို ကွ·စေသဖြင့် အရိုးကျဲစဲရှိစေသည်၊ တဖက်စောင်းအိပ်စေ၍ နား၌ သံတကျင်မြေဝယ်စပ်အောင်နှက်ပြီးမှ ခြေကိုကိုင်၍ တံခါးကျည်ကိုလည်သကဲ့သို့ပြုလေသည် အရေအပေါ်သားတို့ မစုတ်စေဘဲ ကျောက်သားတို့ဖြင့် အရိုးတို့ကိုထုပြီးသော်ဆံ

ကိုကိုင်၍ အသားစုသာကျန်အောင်ခွါပြီးမှ ဆံဖြင့်ရစ်၍ ကောက်ရိုးခွေကွဲသို့ပြုလေသည်၊ နှစ်ရက်,သုံးရက်အစ ' ၊ မပေးသောခွေးငတ်တို့ကို ကိုက်စေသည်၊

အကြွင်း တို့ကို ကြံစည် ထိုးထွင်းလေ၊ ပညာရှိတံ နည်းခံလေ။]

ဘေး ၂၅-ပါး

၁၂။ ရောဂ,ဘော၊ သီလ ဒိဋ္ဌိ၊ ဉာတိ ပျက်စီး၊ မီး, ရေ,ခိုးသူ, ရန်သူနှင့်မင်း၊ ငတ်မွတ်ခြင်းနှင့်၊ ထခြင်းလှိုင်းဝဲ၊ သားရဲမိကျောင်း၊ တကြောင်းနောင်တ၊ သုံးဝသောဒဏ်၊ တတန်စွပ်စွဲ၊ ပွဲလယ်ရှုံးရှာ၊ ယုတ်မာအလား၊ ရှာခြွေးသက်မွေး၊ သေဘေးအနာ၊ ဇရာဇာတိ၊ ကြောက်ဘိအပ်စွာ၊ဘေး ဖြစ်ရာသည်။ ။သံသရာရှည်ဝေး မြော်ရှုဧတွေး။

[ဤကား ဘေးနှစ်ဆယ့်ငါးပါးစကားရပ် မှတ်ဖွယ်တည်း။ မိလိန္ဒပဉှာကျမ်း (၁၉၄)၌လာ၏။ ငရိတ်ကြီး၌ ရာဇ တော၀ါစသည် တနည်းလာသည်။

သုံးပါးသောဒဏ်ဟူရာ၌ နှုတ်ဒဏ်, လက်ဒဏ်,ကြေး ဒဏ်ဆိုလိုသည်၊]

ဉပဒ္ဒဝေါ ၁၆-ပါး

၁၃။ ထိ [illegible] ကြီးခြကျင်း၊ ရေရှုတ်ခြင်းနှင့်၊ သွင်းသည် နှောင်အိမ်၊ ကြိ [illegible] ယ်မယုတ်၊ ဇနပုဒ်မြို့ရွာ၊ စဉ်လာရဌ၊ နိပ(မဖြင့်၊ဆိုထ [illegible] ကား၊ မသွားရစွာ၊ ရန်ဘီးကာသား၊ ဉစ္စာ

မှတ်ချက်။ ။လွယ်ကူစွာကြည့်ရှုကြစေရန် ဆင္ဘသင်္ဂါယနာ တင်မှု စာမျက်နှာများကို ပက်သည်းကွင်းများဖြင့် ဖေါ်ပြလိုက်ပါ သည်။

ဆောင်ခြင်း၊ ဆင်းရဲဒုက္ခ၊ဆယ့်ခြောက်ဝကို၊ ၊ရှောင်ကြလေမင်း ဝေးဝေးကွင်း။

[ဤကား ဥပဒ္ဒဝေါ်တဆယ့်ခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း၊ မဟာနိဒ္ဒေသ၌ လာသည်။

ဆိုထစကား မသွားရစ္စာ-ဟူရာ၌-သင်မသွားလင့်ဟု ဆိုခြင်းတည်း၊ ဥစ္စာဆောင်ခြင်း၌-ထိုသူဥစ္စာကို အရာ, အထောင်,အသိန်းတို့ကိုဆောင်စေသည်၊ ထိုအကြောင်းကြောင့် ဆင်းရဲခြင်းသည် ဒုက္ခမည်၏၊ ကြိမ်ဖြင့်နှောင်ဖွဲ့သည်၊ နွယ်ဖြင့်ဖွဲ့သည်၊ ဇနပုဒ်စသည်ဖြင့်ဖွဲ့သည် ဆိုလိုသည်။]

## အပြစ်ဒဏ် ၁၀-ပါး

၁၄။ မပြစ်မှားအပ်၊ ပြစ်မှားတတ်စွာ၊ အပြစ်မှာကား၊ ကျင်နာပြင်းပြ၊ ဒုက္ခဝေဒနာ၊ အင်္ဂါသုံးပါး၊ ကြီးမားအနာ၊ လေးလံစွာနှင့်၊ စိတ်မှာမတည်၊ ရူးသည်တချက်၊ စက်ဆုပ်ရှိရှာ၊ စွပ်စွဲလှာသား၊ ဆွေညာပျက်စီး၊ ပြွန်းတီးဥစ္စာ၊ မင်းဘေးလာ၍၊ အိမ်ရာမီးလောင်၊ ထို့နောင်ငရဲ၊ ဖေါက်လဲကာလ၊ ကျလေရသည်၊ ၊တွေ့ရမမှား ပြစ်ဆယ်ပါး။

[ဤကား မပြစ်မှားအပ်သောသူတို့အား ပြစ်မှားခြင်းကြောင့် အပြစ်ဆယ်ပါးစကားရပ် မှတ်ဖွယ်တည်း၊ အပဒါန်လာ။]

## အပြစ် ၈-ပါး

၁၅။ လုပ်ဆောင်ပျက်စီး၊မင်း,မီး,ခိုးသူ၊ ပေမူတခြား၊ မြှုပ်ထားဥစ္စာ၊ တည်ရာလျှောရွေ့၊ ဆွေးမြေ့တုံငြား၊ သား

မြေးမကောင်း၊အကြောင်းတရား၊ ပြစ်ရှစ်ပါးသည်၊ ၊လေး ပါးအမျိုး ပျက်စီးရိုး။

[ဤကား အပြစ်ရှစ်ပါးစကားရပ်မှတ်ဖွယ်တည်း၊ ဂါ မဏိသံယုတ်လာ။

မင်းစသည်တို့ကြောင့် အမျိုးပျက်စီးသည် ဆိုလိုသည်၊ လုပ်ဆောင် ပျက်စီးဆိုရာ၌ မကောင်းသဖြင့် စီရင်မိ၍ လုပ်ဆောင်သည့်အမှုပျက်စီးသည်ကိုယူလေ၊ သား,မြေး မကောင်းဟူရာ၌ စီးစိမ်ဥစ္စာကိုဖျက်ဆီးတတ်သော သား မြေးတို့သည် ထိုအမျိုး၌ဖြစ်လာသည်ကိုယူ။

ရှေးရှေးသော ဆရာမြတ်တို့ပရိတ်ရွတ်၍ ပရိတ်မွှန်း တရားဟောရာတို့၌ ကိုးဆယ့်ခြောက်ပါးသော အနာ, နှစ်ဆယ့်ငါးပါးသောဘေး, တဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ, ဆယ်ပါးသောဒဏ်,ရှစ်တန်သောအပြစ်ဟူ၍ သာမညကို ကြားနာကြရသည်၊သရုပ်,သချာ,သချေယျနှင့် တကွ ဝိသေသကြားနာရခဲ၏။

ကျမ်းကြီးကျမ်းမ မသင်ကြားဘူးသော ဉာဏ်ငယ် သောသူကို မဆိုထားဘိ၊ သင်ကြားရသော ဉာဏ်ကြီး သောသူပင်ဖြစ်သော်လည်း ဟောပြောနိုင်ခဲသည် ဖြစ်၍ အကျဉ်း ဆောင်ပုဒ်ထုတ်လိုက်သည်၊ နှုတ်တက်အာဂုမ် ဆောင်လေကုန်။]

---

## လေပျက်ကြောင်း ၁၀-ပါး

၁၆။ သီဘ,ဉဏှ၊ ပိပါသနှင့်၊ အတိဘုတ္တတဖြာ၊ ဇိဃစ္ဆာ,ပမာန၊ဌာနဘင်္ဂ၊အာခါဝနေ,နဝကမ္မ၊ဥပက္ကမတဖြာ၊ဖြစ်ကြောင်းလာသည်၊ ၊ဝါတာဆယ်မျိုး ပျက်လေရိုး။

[ဤကား လေပျက်ကြောင်း ၁၀-ပါးစကားရပ် မှတ် ဖွယ်တည်း။]

## သည်းခြေပျက်ကြောင်း ၃-ပါး

၁၇။ သီတ,ဥဏှ၊ ဝိသမအစာ၊ သုံးဖြာပိတ္တ၊ ပျက်ကြောင်းပြသည်၊ ၊မုချမယွင်း မှတ်လေမင်း။

[ဤကား သည်းခြေပျက်ကြောင်းသုံးပါး စကားရပ်မှတ်ဖွယ်တည်း။]

## သလိပ်ပျက်ကြောင်း ၃-ပါး

၁၈။ အန္န,ပါန၊ ခြေသုံးဝတွင်၊ ချန်လေနောက်ဆုံး၊ ထည့်သုံးသေမှ၊ ပျက်ကြောင်းပြသည်၊ ၊နိစ္စမယွင်း ရှောင်လေမင်း။

[ဤကားသလိပ်ပျက်ကြောင်း သုံးပါးစကားရပ် မှတ်ဖွယ်တည်း၊

သည်းခြေပျက်ကြောင်းသုံးပါးတွင် နောက်ဆုံးတပါးကိုချန်၍ အန္နပါနကို ထည့်လေဆိုလိုသည်။]

## ဝေဒနာဖြစ်ကြောင်း ၈-ပါး

၁၉။ ဝါတ,ပိတ္တ၊ သေမှတရပ်၊ သန္နိပါတ်တခု၊ ဥတုဖေါက်ပြန်၊ ကံနှင့်လုံ့လ၊ ဝိသမအစာ၊ ဖြစ်ကြောင်းလာသည်၊ ၊ဝေဒနာရှစ်မျိုး ခံစားရိုး။

[ဤကား ဒုက္ခဝေဒနာဖြစ်ကြောင်းရှစ်ပါး စကားရပ်မှတ်ဖွယ်တည်း။

ဤရှစ်ပါးတို့တွင် ကံကြောင့် ဖြစ်သည်ကား နည်း၏၊ ကြွင်းသော အကြောင်းကြောင့် ဖြစ်သည်သာများလေသည်၊ကံကြောင့်သာ ဒုက္ခဝေဒနာ ဖြစ်၏-ဟု ယူသောသူတို့ကား မှားလေ၏ မှတ်လေ၊ ၊မိလိန္ဒပဉှာကျမ်းလာ။]

## သေခြင်းအကြောင်းတရား ၄-ပါး

၂၀။ အသက်,ကံကုန်၊ နှစ်ပါးစုံနှင့်၊ ဖြတ်တိုကမ္မ၊ ဤလေးဝကြောင့်၊ သုံးဝဘုံသား၊ သေရပြားသည်၊ ၊တရားသံဝေ ထိတ်လန့်စေ။

[ဤကား သတ္တဝါတို့ သေခြင်း အကြောင်းတရား လေးပါးစကားရပ် မှတ်ဖွယ်တည်း။

ထိုလေးပါးတို့တွင် ဥပစ္ဆေဒက ကံကြောင့်သေခြင်းကို ဥတ္တရကုရု ကျွန်းသူ, ငရဲသူ,အချို့သော နတ်တို့အား မရအပ်ကုန်၊ ၊သဂြိုဟ်ဋီကာကျော် ကျမ်းတို့၌လာ။]

## အခါမဲ့သေကြောင်းတရား ၇-ပါး

၂၁။ ဓား,လှံ, မီး,ရေ၊ ဆိပ်မြွေ,ထမင်း၊ ရေငတ်ခြင်းဟု၊ သေခြင်းတရား၊ ခုနစ်ပါးကို၊ ၊စိတ်ထားဉာဏ်နေ စွဲမိစေ။

[ဤကား အခါမဲ့သေကြောင်းတရား ခုနစ်ပါးစကား ရပ်မှတ်ဖွယ်တည်း၊ ၊မိလိန္ဒပဥှာကျမ်းလာ။]

## သေခြင်းအကြောင်းတရား ၈-ပါး

၂၂။ ဝါတ,ပိတ္တ၊ သေမှတရပ်၊ သန္နိပါတ်တခု၊ ဥတုဖေါက်ပြန်၊ ကံနှင့်လို့လ၊ ဝိသမအစာ၊ ကြောင်းရှစ်ဖြာကြောင့်၊ သတ္တဝါအများ၊ သေရပြားသည်၊ ၊တရားသံဝေ ကြောက်ကြစေ။

[ဤကား သေခြင်းအကြောင်းတရား ရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊မိလိန္ဒပဥှာကျမ်းလာ။]

## ဒိဋ္ဌိဖြစ်ကြောင်း ၈-ပါး

၂၃။ သညာ,ဖဿ၊ ပါပမိတ္တာ၊ အဝိဇ္ဇာနှင့်၊ ခန္ဓာဝိတက်၊ မိန္နမြွက်အဟော၊ ပရတောဃောသ၊ ပျက်ထချွတ်

ယွင်း၊ နှလုံးသွင်းဟု၊ ရှစ်ခုပါဠိ၊ ကျမ်းဝယ်ရှိသည်း ၊ဒိဋ္ဌိ အပေါင်း ဖြစ်ရကြောင်း။

[ဤကား ဒိဋ္ဌိဖြစ်ကြောင်းရှစ်ပါးစကားရပ် မှတ်ဖွယ်တည်း၊ ၊သုတ်သီလက္ခန်အဋ္ဌကထာကျမ်း(၉၉)လာ။]

## အဖြေ ၄-ပါး

၂၄။ ဝိဘဇ္ဇဗျာကရဏီယ၊ ကော်သနှင့်၊ ဌပနီယတဖြာ၊ ပဋိပုစ္ဆာဗျာကရဏီယ၊လေးဝဝိသဇ္ဇနာ၊ကျမ်း၌လာသည်၊ ၊ဆရာထံရင်း တတ်အောင်ချဉ်း။

[ဤကား အဖြေ ၄-ပါး စကားရပ်မှတ်ဖွယ်တည်း။]

## ပုစ္ဆာ ၅-ပါး

၂၅။ ဝိမတိစ္ဆေဒနာ၊ ဒိဋ္ဌာ,ဒိဋ္ဌ၊ဖြေထလေမှု၊ ကထေတုကမျတာ၊ လိုရာရှေးရှု၊ အနုမတိပုစ္ဆာ၊ငါးထွေလာသည်၊ ၊မေးခါဘယ်သင်း သိစေမင်း။

[ဤကား ပုစ္ဆာငါးပါးစကားရပ်မှတ်ဖွယ်တည်း၊ ဒိဋ္ဌာဒိဋ္ဌမှာ-ဒိဋ္ဌ အဒိဋ္ဌပုဒ်ဖြတ်၍ ဒိဋ္ဌသံသန္ဒနပုစ္ဆာ, အဒိဋ္ဌဇောတနပုစ္ဆာဟု နှစ်ခုယူလေ။]

## တနည်း-ပုစ္ဆာ ၄-ပါး

၂၆။ ပုရေပဥှာ၊ ပစ္ဆာ,မောဃ၊ ပုဏ္ဏတဖြာ၊ ကျမ်း၌လာသည်၊ ၊ပုစ္ဆာလေးမျိုး သိအောင်ကြိုး။

[ဤကား တနည်း- ပုစ္ဆာလေးပါး စကားရပ် မှတ်ဖွယ်တည်း။

ပုဏ္ဏမှာ ပရိပုဏ္ဏပဥှာ ယူလေ။]

## တနည်း-အဖြေ ၅-ပါး

၂၇။ ပါဠိဂတိ၊ ပဋိသေခ၊ ဝစနနှင့်၊ သရူပတထွေ၊ ပဋိက္ခေပ၊ ငါးဝဝိသဇ္ဇနာ၊ ကျမ်း၌လာသည်၊ ၊ညဝါဟော ရင်း သိစေမင်း။

[ဤကား တနည်း-အဖြေငါးပါး စကားရပ် မှတ် ဖွယ်တည်း။
ဝစနမှာ ပဋိဝစနဝိသဇ္ဇနာယူ။]

## ကျောင်းလှူခြင်းအကျိုး

၂၈။ သဒ္ဓါစုံမက်၊ လွန်နှစ်သက်၍၊ မြက်ကုဋိအလှူ၊ ကျူကုဋိတတန်၊ ကြိုကုဋိတချက်၊ သစ်ရွက်ကုဋိတခြား၊ လှူသောအားဖြင့်၊ ကြီးမားမြင့်မြတ်၊ ဘုံပြာသာဒ်၌၊ ထက်နတ် လူ့ရွာ စံပြီးခါမှ၊ ပစ္ဆိမာဘဝိက၊ နိဗ္ဗာန်ရသည် ထုံးကိုရည်၍၊ ကြည်ဖြူလှစွာ၊ လှူအပ်ရာသည်၊ ၊ကျမ်းလာစွဲသုံး ကျောင်း လှူထုံး။

[ဤကား ကျောင်းလှူကျိုးစကားရပ် မှတ်ဖွယ်တည်း။]

## တမ်းခွန်လှူခြင်းအကျိုး

၂၉။ တိဿမည်တွင်၊မြတ်ရှင်ပင်ကို၊ ကြည်လင်ညွှတ်နူး၊ ဖြောင့်စူးကြည်ဖြူ၊ တမ်းခွန်လှူ၍၊ နောက်မှုဘဝ၊ သံသာရ၌၊ လေးဝအပါယ်၊ ကိုးဆယ်နှစ်ကမ္ဘာ၊ လုံးလုံးကွာ၍၊ သုံးရာ နတ်မင်း၊ လူမင်းစကြာ၊ ကြိမ်ငါးရာတည့်၊ ငါးဖြာ ပဒေသ ရာဇ်၊ ဆက်တိုင်းဖြစ်၍၊ နောက်ပစ္ဆိမ၊ဆုံးဘဝ၌၊ ခဇဒါယက မထေရ်၊ ဖြစ်လှာသည်ဟု၊ ဟောသည်ကျမ်းဂန်၊ အပဒါန်လာ၊ ရှိသည်တာကြောင့်၊ ကိုးဖြာဂုဏ၊ ဉာဏ်ဒသနှင့်၊ ဓမ္မသာမိ၊

မုနိဘဂဝါ၊ စိန္တေယျာ၌၊ သဒ္ဓါညွတ်နူ၊ ဖြောင့်စူးဝမ်းသာ၊ လှူအပ်စွာသည်၊ ၊ကျမ်းလာဟောရိုး တမ်းခွန်ကျိုး။

[ဤကား တမ်းခွန်လှူခြင်းအကျိုးစကားရပ် မှတ်ဖွယ်တည်း။]

## သဲလှူခြင်းအကျိုး

၃၀။ မူဆိုးဘာသာ၊ တောလည်ရာဝယ်၊ သဒ္ဓါစိုရွှဲ၊ စကြံံထဲ၌၊ သဲတံခါးပိုက်၊ နှစ်ချိုက်ဝမ်းသာ၊ ကြံသည့်တာကြောင့်၊ လေးဖြာအပါယ်၊ သုံးဆယ့်တကမ္ဘာ၊ ကင်းလွတ်ကွာ၍၊ ဆုံးခါဘဝ၊ ပစ္ဆိမ၌၊ ပုလိနစက်မနိယထေရ်၊ ဖြစ်လာသည်ဟု၊ ဟောသည်ကျမ်းလာ၊ သိစိမ့်မှာသည်၊ ၊မကွာမြဲထွေ စွဲမှတ်လေ။

[ဤကားစကြံထဲ၌ သဲကြဲကျိုး စကားရပ် မှတ်ဖွယ်တည်း၊]

## ရန်အောင်ကြောင်းတရား ၅-ပါး

၃၁။ မန္တန်,တံစိုး၊ အမျိုးအနွယ်၊ တိုင်ပင်ဘွယ်နှင့်၊ ချစ်ဖွယ်စကား၊ ဤငါးပါးသည်၊ ၊မှတ်သားလေမင်း ရန်အောင်ခြင်း။

[ဤကား ရန်အောင်ကြောင်း ငါးပါးစကားရပ် မှတ်ဖွယ်တည်း၊ ၊ပဉ္စကနိပါတ် တစသာရဇာတ် ဇ-ချပ် (တတိယတွဲ ၁၉၁)လာ။

ဘုရားလောင်းသူငယ်ကိုပင်းတကားလည်တောက်ဖြင့် ယူ၍ မင်းကြီးအားပြလေလျှင် ဤတရားငါးပါးကို ဟော၍ ပင်းတကားလည်တောက်ပယ်၍ အမတ်အရာကို ပေးလေ၏။

## တနေ့အတွက် ထွက်သက်,ဝင်သက်

၃၂။ တနာရီမှာ၊ သုံးရာခြောက်ဆယ်၊ ထွက်သက်ဝယ်တည့်၊ တသွယ်ဝင်သက်၊ နည်းတူတွက်ရှင့်၊ နှစ်ချက်အရ၊ ပေါင်းလိုက်ကမူ၊ ခုနစ်ရာ့နှစ်ဆယ်၊ တနေ့ဝယ်သော်၊ ပေါ်သည်သုံးထောင်၊ ထို့နောင်နှစ်ရာ၊ လေးသောင်းလာသည်။ ။ ကျမ်းလာတရား မှတ်လှေကား။

[ဤကား-အဿာသ ပဿာသ ထွက်သက်,ဝင်သက် စကားရပ် မှတ်ဖွယ်တည်း။]

## ထွက်သက်,ဝင်သက် ကာယသင်္ခါရဖြစ်,မဖြစ်

၃၃။ ဝမ်းဝယ်ကိန်းနေ၊ သေသူတဝ၊ နိရောဓနှင့်၊ စတုတ္ထဈာန်၊ တဖန်ရူပ၊ အရူပနှင့်၊ ကိန်းထရေမှာ၊ မုစ္ဆာကာလ၊ ဤရှစ်ဝဥ္၊ ချုပ်ထလေရာ၊ ဘုံမှာဆယ့်တစ်၊ ဈာန်ဝယ် ဖြစ်မူ၊ သုံးခုယူလော့၊ စိတ်မူလေးဆယ်၊ လေးပါး ကယ်လိမ့်၊ ဤဝယ်ဌာန၊ သင်္ခါရ၏၊ ဖြစ်ထလေရာ၊ ကျမ်းဝယ်လာသည်။ ။ ဆရာဆွေးနွေး သိအောင်မေး။

[ဤကား-အဿာသ ပဿာသ ကာယသင်္ခါရဖြစ်, မဖြစ် စကားရပ် မှတ်ဖွယ်တည်း။]

## သူတော်ကောင်းတရား ၇-ပါး

၃၄။ ဓမ္မ,အတ္ထ, မတ္တတဖြာ၊ ကာလ,အတ္တ၊ ပရိသနှင့် ပုဂ္ဂလတခု၊ ခုနစ်ဂုဏ်၊ သပ္ပုရိသ၊ မြတ်ဓမ္မကို၊ ဤကာ ထိုးထွင်း သိစေမင်း။

[ဤကား-သပ္ပုရိသတရားခုနစ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ဓမ္မ..,အတ္ထညူစသည်ဖြင့် ယူလေ။]

ဓမ္မညူမှာ-ပါဠိကိုသိသည်၊ အတ္ထညူမှာ-အနက်ကို သိသည်၊ မတ္တညူမှာ-ခံခြင်း,သုံးဆောင်ခြင်း အတိုင်းအရှည်ကို သိသည်၊ အတ္တညူမှာ- ဤမျှလောက်သော သီလ, သမာဓိ, ပညာ ငါ့၌ရှိ၏-ဟု ကိုယ်ကို သိသည်၊ ကာလညူမှာ-ပါဠိသင်ချိန်, အဋ္ဌကထာသင်ချိန်, ကမ္မဋ္ဌာန်းရှုချိန်, မဂ်-ဖိုလ်ရောက်ချိန်ကာလကိုသိသည်။

ငါး၀ါ ပါဠိသင်ချိန်၊ ဆယ်၀ါ အဋ္ဌကထာသင်ချိန်။ တနည်း-ဆယ်၀ါပါဠိသင်ချိန်၊ ၀ါနှစ်ဆယ် အဋ္ဌကထာသင်ချိန်၊ နောက်ကို ကမ္မဋ္ဌာန်းရှုချိန်ကာလဖြစ်၏။

ပရိသညူမှာ-ပရိသတ်ရှစ်ပါးကိုသိသည်၊ ပုဂ္ဂလညူမှာ မှီ၀ဲအပ်,မမှီ၀ဲအပ် ပုဂ္ဂိုလ်ကိုသိသည် ယူလေ။]

---

## စားသောက်ရာ၀ယ် ဆင်ခြင်ဖွယ်တရား ၁၀-ပါး

၃၅။ အသွား,အရှာ၊ တည်ရာ,အထား၊ သုံးညား,ကျိုးဆက်၊ ကျက်,မကျက်နှင့်၊ ပေလျက်ကျိုးရင်း၊ ဆင်ခြင်ခြင်း၀ယ်၊ ရွံဖွယ်ဆယ်ခု၊ စားတိုင်းရှုက၊ မောဟကင်းရာ၊ ဘာ၀နာသည်၊ ၊မကွာအမြဲ စားတိုင်းခဲ။

[ဤကား-စားသောက်ရာ၀ယ် ဆင်ခြင်ဖွယ်ဖြစ်သော စက်ဆုပ်ဖွယ်ဆယ်ပါး စကားရပ် မှတ်ဖွယ်တည်း။]

---

## ခရီးခဲ ၅-ပါး

၃၆။ သားရဲ,ဘီလူး၊ တထူးခိုးသူ၊ ရေမူမရှိ၊ နည်းဘိအစာ၊ ဤငါးဖြာသည်၊ ၊သွားလာနိုင်ခဲ ခရီးခဲ။

[ဤကား-ကန္တာရခရီးခဲငါးပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ကေနိပါတ်ဇာတ်အဋ္ဌကထာ(၁၁၅)လာ။]

---

## မိုးသံကြားရာ ခြားအကွာ

၃၇။ တိမ်တောင်,မိုးသက်၊တက်သည်အမူ၊ သုံးယူဇနာ၊ ကြားလေရာခဲ့၊တဖြာလျှပ်စစ်၊လေး,ငါးဖြစ်လိမ့်၊တစ်,နှစ် ယူဇနာ၊ မိုးသံမှာတည့်၊ ဒိသာရပ်ခွင်၊ ထက်ကောင်းကင်က၊ ကြားမြင်ရသည်၊ ၊လောကမလွဲ ဖြစ်စမြဲ။

[ဤကား တိမ်တောင်,မိုးသက်,လျှပ်စစ်,မိုးသံကြားရာ စကားရပ် မှတ်ဖွယ်တည်း၊ လေး,ငါးမှာ-လေး ယူဇနာ, ငါးယူဇနာယူ၊ တစ်, နှစ်-မှာ တယူဇနာ, နှစ်ယူဇနာ ယူလော။]

---

## သားအပြား ၄-ပါး

၃၈။ အတြဇနှင့်၊ ခေတ္တ,အန္တေ၊ မွေးပေတိုထ၊ ဒိန္နကဟု၊ ပုတ္တလေးဖြာ၊ ကျမ်းဌလာသည်၊ ၊ဉာဏ်မှာ အမြဲ သက်လုံးစွဲ။

[ဤကား သားအပြားလေးပါး စကားရပ် မှတ်ဖွယ်တည်း၊ အတြဇသားမှာ ကိုယ်၌ဖြစ်သည်၊ ခေတ္တဇသားမှာ အိပ်ရာပလ္လင်ရင်း၌ ဖြစ်သည်၊ အန္တေဝါသိက သားမှာ အတတ်သင်လို၍ အနီးအပါး၌ နေပါသည်၊ ဒိန္နကသားမှာ-မွေးစေခြင်းငှာပေးသည်၊ ၊ကေနိပါတ်ဇာတ် အဋ္ဌကထာ ကဏ္ဍဝါဟနဇာတ် (၁၅၂)လာ။]

---

## ကပ္ပဋ္ဌိတိ ၄-ပါး

၃၉။ မျောက်မင်းဖြစ်ရာ၊ ရေကန်သာ၌၊ ကျူမှာအဆစ်၊ မရှိဖြစ်ခဲ့၊ စင်စစ်မယွင်း၊ ငုံးမင်းဖြစ်ရာ၊ မီးမလာတည့်၊ တ

ဖြာယုန်လ၊ တူကွမယိမ်း၊ အိုးထိန်းဖြစ်ရာ၊ မိုးမရွာပဲ့၊ ကမ္ဘာအမျှ၊ တည်လေရသည်၊ ၊အိုံ့ထလေးပါး ဤစကား။
[ဤကား တကမ္ဘာပတ်လုံးတည်-လေးပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ငှင်းဇာတ် အဋ္ဌကထာ(၁၈၈-၁၁၅) လာ။]

---

## ကောသလအိပ်မက် ၁၆-ချက်

၄၀။ ဥသဘ,သစ်ပင်၊ ထို့ပြင်တခြား၊ နွားမ,နွားငယ်၊ တသွယ်မြင်းစား၊ တခြားရွှေခွက်၊ ထမင်းချက်နှင့်၊ တချက် ရေအိုး၊ တမျိုးရေကန်၊ တဖန်မြေခွေး၊ မဝေးတထူး၊ စန္ဒ ကူးနှင့်၊ ဖူးတောင်း,ကျောက်ပေါ်၊ တဖော်ဖါးမ၊ မျိုထ နဂါး၊ ကျီးကားဟသ်ာ၊ ဆိတ်မှာသားရဲ၊ မလွဲအိပ်မက်၊ ဆယ့်ခြောက်ချက်ကို၊ နောက်ဆက် အခါ၊ ဖြစ်မည့်တာ ကြောင့်၊ ရာဇာမင်းမြတ်၊ မြင်လေတတ်သည်၊ ၊မှတ်ကြ လေဝေး လာလိမ့်ဘေး။

[ဤကား ကောသလမင်းကြီး အိပ်မက်ဆယ့်ခြောက် ချက် စကားရပ် မှတ်ဖွယ်တည်း၊ အဓိပ္ပါယ်ကား—

၁။ နွားဥသဘလေးခု ဧရှ့ယောင်ပြု၍ မဧရှ့ဘဲနေ သကဲ့သို့ လူတို့ အဓမ္မ ကို ကျင့်သော အခါ, ကောင်းမှုပြုသူ နည်း၍ မကောင်းမှုပြုသူ များ သောအခါ လေးမျက်နှာက မိုးရွာယောင်မြည် ၍ မရွာပဲနေလတ္တံ့။

၂။ သစ်ပင်ငယ် သီး,ပွင့်သကဲ့သို့ သတို့သမီး ငယ်တို့ သား,သမီး ဖွားလတ္တံ့။

၃။ အမိနွားမကြီးက ထိုနေ့ဖွားစနွားငယ် နို့ကို စို့ သကဲ့သို့ မိ,ဘက သား,သမီးကို မှီ၍ အသက် မွေးရလတ္တံ့။

၄။ နွားကြီးကို မကာ နွားငယ်ကို က,၍ ဝန်ကို မဆောင်နိုင် သကဲ့သို့ ပညာရှိ လူကြီးကို မသုံး၊ ပညာမရှိ မသိမလိမ္မာသော လူငယ်ကို မြှောက်စား၍ အမှုမကုန်လတ္တံ့။

၅။ ခံတွင်းနှစ်ခုရှိသော မြင်းသည် ခံတွင်းနှစ်ခုဖြင့် ခြေက ကိုယ်,ခေါင်း တိုင်အောင် စားသကဲ့သို့ တရားရုံးသူ,နိုင်သူ နှစ်ဦးပင် တရားသူကြီးတို့ စားလတ္တံ့။

၆။ အဖိုးတသိန်းထိုက်သော ရွှေခွက်၌ မြေခွေးအို ကျင်ငယ်စွန့်သကဲ့သို့ အမျိုးယုတ်နှင့် အမျိုးမြတ် ပေါင်းကြလတ္တံ့။

၇။ အထက်ကလွှန်ကျစ်၍ ထားသည်ကို အင်းပျဉ် အောက်အိပ်သော မြေခွေးမငယ်က စားသကဲ့သို့ သားလင် ခင်ပွန်းရှာ၍ ရသော ဥစ္စာကို မယား က ငင်ငယ်သယောက်ထား၍ စားလေလတ္တံ့။

၈။ လေးမျက်နှာ,ရှစ်မျက်နှာက ရေအိုးတို့ဖြင့် ရေကို ယူဆောင်၍ ရေပြည့်သော အိုးကြီး တလုံးကို လောင်းဘိသကဲ့သို့ ဆင်းရဲသားတို့ဥစ္စာ မင်းကြီး ကျီမှာသွင်းရလတ္တံ့။

၉။ နက်လှစွာသော ရေကန်အလယ်နောက်၍အနား ကြည်သကဲ့သို့ မင်းတို့သည် လူတို့ကို ယန္တရားဝယ် ကြိသဖွယ်ကဲ့သို့ အခွန်အတုတ် နှိပ်စက်၍ အစွန်း အနားမှာနေ၍ အလယ်ဆိတ်လတ္တံ့။

၁၀။ ထမင်းအိုးတလုံးထဲ၌ ထမင်းသုံးတွေ ဖြစ်သကဲ့သို့ တပြည်ထဲတမျိုးထဲ၌ မိုးသုံးတွေရွာလတ္တံ့။

ထမင်း သုံးတွေမှာ-အချို့က ညစ်ညူးသည်၊ အချို့က အထပ်ထပ်ရှိသည်၊ အချို့က ကောင်းစွာကျက်သည်။

မိုးသုံးထွေမှာ-အချို့ အရပ်ရွာသည်၊ အချို့ အရပ်မရွာ၊ အချိန်လွန်မှရွာသည်၊ လွန်၍ရွာသည်

၁၁။ အဖိုးတသိန်းထိုက်သော စန္ဒကူးနံ့သာကို ပအုံးရည်အိုး၌ထည့်သကဲ့သို့ နိဗ္ဗာန်အကျိုးငှာ ဟောတော်မူသောတရားကို အလဇ္ဇီတို့သည် ပစ္စည်းလေးပါးအလို့ငှာ ဟောလတ္တံ့။

အချို့သောသူတို့လည်း ခရီးအကြားလမ်းဆုံ ဘုံခါး စသည်တို့၌ တသပြာ,တသပြာခွဲ,တမတ်-တပဲ, တကျပ်-တကျပ်ခွဲ စသည်အကျိုးငှာ ဟောလတ္တံ့။

၁၂။ ရေမရှိသော ဗူးတောင်းနစ်သကဲ့သို့ မင်းတို့သည် အမျိုးမြတ်ကို မချီးမြှောက်၊ အမျိုးယုတ်ကို ချီးမြှောက်လတ္တံ့၊အလဇ္ဇီတို့စကားသာ ထွက်မြောက်လတ္တံ့။

၁၃။ တောင်ထွတ် မျှလောက်သော ကြီးစွာသော ကျောက်ဖျာ ရေမှပေါ်လာသကဲ့သို့ သူယုတ်မာတို့သည် ထင်ပေါ်လတ္တံ့၊ ချီးမြှောက်ခံရလတ္တံ့။

၁၄။ ဖါးငယ် မြွေကိုမျိုသကဲ့သို့ မယားငယ် တို့သည် မယားကြီးကို နိုင်လတ္တံ့။

၁၅။ ကျီးယုတ်ကို ရွှေဟင်္သာရံသကဲ့သို့ အမျိုးယုတ်ကို အမျိုးမြတ်က လုပ်ကျွေးခစားလတ္တံ့။

၁၆။ ဆိတ်သည် သစ်,ကျား,သားရဲတို့ကိုလိုက်၍ သစ်, ကျား,သားရဲတို့သည်တောအုပ်ချုံပိတ်ပေါင်းသို့ဝင် ၍ပုန်းရသကဲ့သို့ အမျိုး ယုတ်တို့သည်လည်းကောင်း, ယုတ်မာသော ရဟန်းတို့သည်လည်းကောင်း နိုင်
ကာ မှ ... သိုလ်

စက်သောကြောင့် အမျိုးမြတ်သောသူ, သီလချစ်
သောရဟန်းတို့သည် ချုပ်ပိတ်ပေါင်း တောအုပ်သို့
ဝင်လျှိုးပုန်းရလတ္တံ့၊

ဤကား အိပ်မက်တဆယ့်ခြောက်ချက် အဓိပ္ပါယ်
တည်း၊ ၊ကေနိပါတ်ဇာတ်အဋ္ဌကထာ(၃၅၅)လာ။]

## အကျိုးစီးပွါး ဖြစ်ကြောင်းတရား ၆-ပါး

၄၁။ သုတ,သီလာ၊ ဆရာမြတ်လှ၊ ဩဝါဒနှင့်၊ ကင်းထ
အနာ၊ သုံးဖြာသုစရိုက်၊ စိတ်၌ဖြောင့်သား၊ ဤခြောက်ပါး
ကြောင့်၊ နှစ်ပါး အတ္ထ၊ ဖြစ်လေရသည်၊ ၊ဒွါရတံခါး
ကဲ့အလား။

[ဤကားအကျိုးစီးပွါးဖြစ်ကြောင်း တံခါးခြောက်ပါး
စကားရပ် မှတ်ဖွယ်တည်း၊ ၊ကေနိပါတ် အတ္ထဿဒွါရ
ဇာတ်လာ။

သုတမှာ-ဗဟုသုတကိုယူ၊သီလမှာ-အာစာရသီလကိုယူ၊
ဩဝါဒမှာ-ပညာရှိတို့အဆုံးအမကိုယူ၊ကင်းထအနာမှာ-
ကိုယ်အနာ,ကိလေသာစိတ်အနာကိုယူ၊ ကိုယ်အနာကင်း
မှလာဘ်ရနိုင်ရာသည်၊ကိလေသာစိတ်အနာကင်းမှဈာန်,
မဂ်စသည်ကိုရနိုင်ရာသည်၊ဒုစရိုက်ကိုစွန့်၍ သုစရိုက်ကိုကျင့်
ရာသည်၊စိတ်မတွန့်ဖြူစင်ဖြောင့်မတ်မှ သားမြတ်ထွက်ပေါ်
ရာသည်။

ဤခြောက်ပါးသည်အကျိုးစီးပွါးတံခါးခြောက်ပေါက်
မည်၏၊ ခုနစ်နှစ်သားက အဖကိုမေး၍ မဖြေနိုင်၍ဘုရားကို
လျှောက်၍ ဟောသည်မှတ်လေ။]

## တောင့်တအပ်သောတရား ၄-ပါး

၄၂။ တိုင်ပင်သူအား၊ စကားတည်ကြည်၊စစ်သည်နှစ်ဝ၊
ဆိုင်ကာလမှာ၊သူရဲသာတည့်၊အစာအာဟာရ၊အကောင်းရမှု၊

ချစ်သူတောင့်တ၊ ကိစ္စခဲခက်၊ စကားနက်ရော၊ ပညာရှိမြတ်၊
တောင့်တအပ်သည်၊ ၊မှတ်လေအမြဲ နှလုံးထဲ။

[ဤကား တောင့်တရသော တရားလေးပါး စကား
ရပ် မှတ်ဖွယ်တည်း၊ ၊ကေနိပါတ်ဇာတ် ဦ-ချပ်လာ။

ဥစ္စာ ပျောက်သည်ကို ဘုရားအလောင်း အမတ်
ရအောင်ပြု၍ အမတ်အား မင်းကြီးသည် ရတနာခုနစ်ပါး
တို့ဖြင့် ပူဇော်လေသည်။]

## အဆွေခင်ပွန်းဖွဲ့ရာ ၃-ပါး

၄၃။ အယုတ်, အလတ်၊ အမြတ်တထွေ၊ ဤသုံးထွေကို၊
အဆွေဖွဲ့ရာ၊ ဇာတ်တော်လာသည်၊ ၊မေတ္တာမကင်း
စေနှင့်မင်း။

[ဤကား အဆွေခင်ပွန်းဖွဲ့ရာသုံးပါး စကားရပ်မှတ်
ဖွယ်တည်း၊ ၊ကေနိပါတ် ကုသနာဠိဇာတ်လာ။

သဖန်းပင်စောင့်နတ်နှင့် မင်္ဂလာဥယျာဉ်သစ်ပင်စောင့်
နတ်အဆွေခင်ပွန်းဖွဲ့၍မင်္ဂလာဥယျာဉ်ကို ခုတ်မည်ပြုသော
အခါ သဖန်းပင်စောင့်နတ် ပုတ်သင်ယောင် ဆောင်၍
စောင်မကယ်ဆယ်ဘူးလေသည်။]

## နတ်တို့ စုတေ့ကြောင်းတရား ၄-ပါး

၄၄။ အမျက်ကောပ၊ အာဟာရနှင့်၊ ကုန်ထကောင်းမှု၊
အာယုအသက်၊ ဤလေးချက်ကြောင့်၊အထက်နတ်ရွာ၊ စုတေ့
ရာသည်၊ ၊သင်္ခါရတရား နှလုံးထား။

[ဤကား နတ်တို့စုတေ့ကြောင်းတရားလေပါး စကား
ရပ် မှတ်ဖွယ်တည်း။]

## အရပ်ပြစ် ၈-ပါး

၄၅။ ငဲ့တဖြာ၊ ပိတ္တာတတန်၊တိရစ္ဆာန်နှင့်၊ ပစ္စန္တရစ်၊ ကျင့်ညစ်မိစ္ဆာ၊ အင်္ဂါချို့ထ၊ အရူပနှင့်၊ ကင်းထနာမ်လျှင်၊ အသညသတ်၊ ဤရှစ်ရပ်၌၊ ဖြစ်လက်တုံငြား၊ မြတ်တရားကို၊ မကြားရရာ၊ ရှစ်ဖြာအရပ်၊ ကင်းတုံလတ်မှ၊ သုံးရပ်ရတနာ၊ တွေ့မြင်ရာသည်၊ ၊လွတ်ရာလွတ်ကြောင်း ခုကတောင်း။

[ဤကား တရားတော်ကို မကြားထိုက်ရာ အရပ်ပြစ် ရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း။]

## အသံကြီးလေး ၄-ပါး

၄၆။ ကုသရာဇာ၊ လောင်းပွင့်လျှာနှင့်၊ အာဠဝက၊ ပုဏ္ဏကဘည့်၊ ကြီးထခွေးနက်၊ လေးချက်အသံ၊ ကြီးလေ ဟန်ကို၊ ၊ကြက်ဝယ်အမြဲ သိအောင်ခဲ။

[ဤကားဇမ္ဗူဒီပါတကျွန်းလုံးကြားသောအသံကြီးလေး ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ကေနိပါတ်ဇာတ်လာ။ ဒွါဒသနိပါတ် မဟာကဏှဇာတ်၌ အာဠဝကမပါ၊ ၎င်းအရာ၌ ဘူရိဒတ်ဇာတ်ထွက် သုဒဿန နဂါးမင်း ပါ၍ လေးပါးလာသည်။]

## သည်းမခံခြင်းအပြစ် ၅-ပါး

၄၇။ သည်းမခံရာ၊ အပြစ်မှာကား၊ များစွာမချစ်၊ အပြစ်ရန်များ၊ သေကားတွေဝေ၊ လားလေအပါယ်၊ ဤငါး သွယ်ကို၊ ၊ကိုယ်ဝယ်မလွဲ တွေ့လိမ့်မြဲ။

[ဤကား သည်းမခံခြင်းအပြစ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း။

သည်းခံခြင်းအကျိုး ငါးပါးကိုလည်း ဗျတိရေက နည်းဖြင့်သိလေ။]

## စကားများခြင်းအပြစ် ၅-ပါး

၄၀။ စကားများရာ၊ အပြစ်မှာကား၊ မုသာဝါဒ၊ ပိသုဏာနှင့်၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ သောကပါယ်ရွာ၊ လားလေရာသည်၊ ၊မှန်စွာမမှား သတိထား။

[ဤကား စကားများသောသူ အပြစ်ငါးပါး ရောက်ကြောင်း စကားရပ် မှတ်ဖွယ်တည်း။

စကားနည်းသောသူ၌ အကျိုးငါးပါးကိုလည်း ဗျတိရေကနည်းဖြင့် သိလေ။]

## စည်းစိမ်ဥစ္စာပြည့်စုံကျိုး ၅-ပါး

၄၉။ ကိုယ်လည်းချမ်းသာ၊ နှစ်ဖြာမိ,ဖ၊ မွေးထတခြား၊ သား,မယား,မိတ်ဆွေ၊ လှူပေရဟန်း၊ ငါးခန်းဌာန၊ အကျိုးရသည်၊ ၊နိစ္စအမြဲ သတိစွဲ။

[ဤကား စည်းစိမ်ဥစ္စာပြည့်စုံကျိုးငါးပါး စကားရပ် မှတ်ဖွယ်တည်း။]

## ကြည်ညိုခြင်းအကျိုး ၅-ပါး

၅၀။ ကြည်ညိုဖွယ်ရာ၊ ပြုကျင့်ရာ၌၊ ပညာရှိနှင့်၊ မိမိချီးမွမ်း၊ ကျော်ဇန်းသတင်း၊ ကင်းသည်တွေဝေ၊ သေခါနတ်ဘုံ၊ ရောက်လေတုံသည်၊ ၊ပုံသေမလွဲ သတိစွဲ။

[ဤကား ကြည်ညိုဖွယ်ရာ ကာယကံ၌ ငါးပါး, ဝစီကံ၌ငါးပါး,မနောကံသုစရိုက်တို့၌လည်း ငါးပါး စကားရပ်မှတ်ဖွယ်တည်း။

မကြည်ညိုဖွယ်ရာ ကာယကံဒုစရိုက်, ဝစီကံဒုစရိုက်, မနောကံဒုစရိုက်တို့၌လည်း ငါးပါးစီ ဗျတိရေက နည်းဖြင့် သိလေ။

တနည်းလည်း—ငါးပါးအနက်တွင် နောက်နှစ်ပါးကို ချ, ရှေ့သုံးပါးကိုယူ၊ မသူတော်တရားမှထခြင်း,သူတော်ကောင်းတရား၌တည်စေခြင်း၊ဤနှစ်ပါးကိုထည့်၍ ငါးပါး ရှစ်လီအံ့ားဖြင့်တရားပေါင်းလေးဆယ် မှတ်ဖွယ်ဖြစ်၏။ ]

## ကြည်ညိုဖွယ်ရာပြုလုပ်ခြင်းအကျိုး ၅-ပါး

၅၁။ မကြည်ညိုသူ၊ လွန်ကြည်ဖြူလိမ့်၊ကြည်ညိုသူအား၊ ပွားတက်လေရာ၊ သာသနာလည်း၊ ပြုရာမှန်လှ၊ ပစ္ဆိမဇနတာ၊ ဒိဋ္ဌာနုဂတိ၊ လိုက်လေဘိ၍၊ မိမိစိတ်က၊ ကြည်ညိုရလိမ့်၊ ဖလငါးတန်၊ ရကြောင်းမှန်သည်၊ ၊ဉာဏ်ဝယ်အမြဲသိအောင်ခဲ။

[ဤကား ကြည်ညိုဖွယ်ရာ အရှပ်ရေးခြင်း, တံမြက်လှည်းခြင်း စသောအမှုတို့ကိုပြုရာ၌ အကျိုးငါးပါးစကားရပ် မှတ်ဖွယ်တည်း။

တံမြက်မလှည်းခြင်းစသော မကြည်ညိုဖွယ်ရာကိုပြုရာ၌ အပြစ်ငါးပါးကိုလည်း ဤမှပြန်၍ ဗျတိရေက နည်းဖြင့်သိလေ။]

## သီလအကျိုး ၅-ပါး

၅၂။ သီလရှိရာ၊ အကျိုးမှာကား၊ များစွာစည်းစိမ်၊ ကောင်းရှိန်သတင်း၊ ကင်းသည်ရွံ့ရှာ၊ ခလေးဖြာပရိသတ်၊ ကပ်သည်ကာလ၊ ကင်းထတွေဝေ၊ သေခါနတ်ရွာ၊ ရောက်လေရာသည်၊ ၊ငါးဖြာကောင်းကျိုး,ရအောင်ကြိုး။

[ဤကား သီလအကျိုးငါးပါး စကားရပ် မှတ်ဖွယ်တည်း။

သီလမရှိခြင်း အပြစ်ငါးပါးကိုလည်း ဤမှပြန်၍ ဗျတိရေကနည်းဖြင့် သိလေ]

## ကျောင်းထိုင်ပုဂ္ဂိုလ် ရေလားကြောင်းတရား ၅-ပါး

၅၃။ ကျောင်းနေဆရာ၊ အပြစ်မှာကား၊ အာဝါသနှင့်၊ ကုလ,လာဘာ၊ ဝဏ္ဏာ,ဓမ္မ၊ ဤငါးဝကြောင့်၊ ကျလိမ့်နောင်လာ၊ ပြိတ္တာငရဲ၊ ပြေးမလွဲသည်၊ ။မြဲပါစေကား ကျောင်းနေအား။

[ဤကား ကျောင်းနေပုဂ္ဂိုလ် အပါယ်လားကြောင်း ငါးပါး စကားရပ် မှတ်ဖွယ်တည်း။]

---

## ပဥ္စာနန္တရိယကံ ၅-ပါး

၅၄။ အမိ,အဖ၊ သတ်ထရဟန္တာ၊ သံဃာသင်းခွဲ၊ သွေးစိမ်းထဲက၊ ငါးဝဂရုကံ၊ လားလိမ့်မှန်သည်၊ ။ကေန်မယွင်း ဝီစိဆင်း။

[ဤကား အဝီစိငရဲကြီးသို့ရောက်ကြောင်း ပဥ္စာနန္တရိယကံငါးပါး စကားရပ် မှတ်ဖွယ်တည်း။]

---

## အသံနေအသံထားဖြင့် တရားဟောခြင်း အပြစ် ၅-ပါး

၅၅။ အသံရှည်စွာ၊ ဟောရာအပြစ်၊ ငါးပါးဖြစ်လိမ့်၊ တပ်ရစ်အသံ၊ နှစ်တန်ယူထ၊ ကွဲရဲ့ကြလိမ့်၊ ပျက်ထသမာဓိ၊ ဂတိဒိဋ္ဌာ၊ နောင်လာသူအား၊ နည်းကားယူထွေ၊ လိုက်ကြလေသည်၊ ။ရှောင်လေရှင်းရှင်း လွတ်အောင်ကွင်း။

[ဤကား အသံကိုရှည်စွာထား၍ တရားဟောရာ အပြစ်ငါးပါးစကားရပ် မှတ်ဖွယ်တည်း။]

---

## စိတ်၏ဆူးငြောင့်တံသင်းတရား ၅-ပါး

၅၆။ ဗုဒ္ဓ,ဓမ္မ၊ သံဃ,သိက္ခာ၊ ငါးဖြာသတင်း၊ သုံးဘော်ခြင်းနှင့်၊ မကင်းယုံမှား၊ ရှိတိုင်ငြားက၊ ငါးပါးငြောင့်ဆူး၊ စိတ်ဝယ်စူးသည်၊ ။စူးကြမည်ကား သတိထား။

[ဤကား စေတောခိလ-စိတ်၏တံသင်းငါးပါး စကားရပ် မှတ်ဖွယ်တည်း။]

## စိတ်ကိုနှောင်ဖွဲ့ခြင်းတရား ၅-ပါး

၅၇။ ကာမ,ကာယ၊ ရူပဒ္ဒဝယ်၊ သုံးသွယ်တပ်ခြင်း၊ မကင်းလေပါ၊ သုံးဖြာသုခ၊ ခံစားကြခဲ့၊ တောင့်တနတ်ရွာ၊ ဤငါးဖြာသည်၊ ။ဖွဲ့ရာမမှား ကြိုးအလား။

[ဤကား စေတောဝိနိဗန္ဓ-စိတ်ကိုနှောင်ဖွဲ့ခြင်းငါးပါး စကားရပ် မှတ်ဖွယ်တည်း။

အလိုရှိတိုင်း ဝမ်းပြည့်အောင်စားပြီးလျှင် ညောင်စောင်းအင်းပျဉ်၌ အိပ်ခြင်းသေယျသုခ၊ လက်ဝဲလက်ျာနံ တောင်းလျောင်းခြင်း,အိပ်ခြင်းချမ်းသာကိုခံစားခြင်းပဿသုခ၊ ငိုက်မျဉ်းခြင်းချမ်းသာကို ခံစားခြင်းမိဒ္ဓသုခ၊ ဤသုံးပါးကို တပါးတည်းယူ၍ ဤငါးပါးနှောင်ဖွဲ့သောသူအား မဂ်,ဖိုလ်,နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို အားထုတ်ခြင်းငှါ မတတ်နိုင် ဟူလိုသည်။]

## လက်နက်ကြီး ၄-ပါး

၅၈။ သိကြား,ဝေဿဝဏ္ဏ၊ ယမမင်းနှင့်၊ အာဠဝကဘီလူး မည်ယူးထင်ရှား၊ လေးယောက်သားတို့၊ စွဲငြားလက်နက်၊ စက်ဝရဇိန်၊ အရှိန်ပြင်းထန်၊ နှင်တန်တမျိုး၊ မျက်စောင်းတိုးနှင့်၊ ပုဆိုးဘွဲ့ဖြူ၊ စဉ်သင့်ယူ၍၊ လေးဆူလက်နက်၊ ပျိုး

အထွက်ကို၊ကျက်မှတ်ဖွယ်ရာ၊ ညွှန်ပြမှာသည်၊ ၊မဂ္ဂါအမြဲ သိအောင်ခဲ့။

[ဤကား လက်နက်ကြီးလေးပါးစကားရပ် မှတ်ဖွယ် တည်း။

သိကြားမင်းအမျက်ထွက်၍ လက်နက်ကိုမြင်းမိုရ်တောင် ထိပ်သို့လွှတ်သည်ရှိသော် ယူဇနာဘသိန်းခြောက်သောင်း ရှစ်ထောင်ရှိသောအရပ်ကို ထုတ်ချင်းထွင်း၍ အောက်သို့ သွားလေ၏။

ဝေဿဝဏ္ဏနတ်မင်း အမျက်ထွက်၍ နှင်တန်ကိုလွှတ် သည်ရှိသော် ဘီလူးတထောင်တို့၏ဦးခေါင်းကျ၍ ဟတ္ထ ပါသ်သို့လာ၍ တည်လာပြန်၏။

ယမမင်းအမျက်ထွက်၍ မျက်စောင်းထိုးကြည့်သည်ရှိ သော် တထောင်သော ကုမ္ဘဏ်တို့သည် အိုးကင်းပူ၌ နှမ်းကဲ့သို့ ဖရိုဖရဲပျက်စီးကုန်၏။

အာဠဝကဘီလူး အမျက်ထွက်၍ ဘွဲ့ဖြူလက်နက်ကို ကောင်းကင်သို့လွှတ်သည်ရှိသော် တဆယ့်နှစ်နှစ်ပတ်လုံး မိုးမရွာဘဲ နေလေ၏၊ မြေသို့ပစ်သော် တဆယ့်နှစ်နှစ် အတွင်း မျက်သစ်ပင်တို့သည် မပေါက်နိုင်ဘဲဖြစ်၏၊ သမုဒ္ဒ ရာသို့ ပစ်က အိုးကင်း၌ ရေပေါက်ကဲ့သို့ အလုံးစုံသောရေ ခန်းခြောက်လေရာ၏၊ မြင်းမိုရ်တောင်ကိုပစ်သော် အပိုင်း အပိုင်းပြတ်၍ ဖရိုဖရဲ ကြေလေရာ၏။

ဤကား မဟာနုဘာဝလက်နက်လေးပါး အာနုဘော် တည်း၊ ၊သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ(၂၉၆)လာ။]

---

## သစ္စာတရား ၆-*ပါး

၅၉။ ဝါစာ,ဝိရတိ၊ ဒိဋ္ဌိ,ဖြပ္ပ၊ ပရမတ္ထတဖြာ၊ သစ္စာ ခြောက်ပါး၊ မြတ်တရားကို၊ တပါးရသာ၊ မတူပါရှင့်၊ သစ္စာ

*ဤသစ္စာ၆-ပါး၌အရိယသစ္စာတပါးထည့်သွင်းယူလိုဟန်ရှိသည်။

လေးမြတ်၊ သောက်ရတတ်က၊ ဥပဒ်ကင်းကွာ၊ လိုရာတောင့်တ၊ ပြည့်စုံရသည်၊ ၊မှုချမယွင်း မှန်၏မင်း။

[ဤကား သစ္စာခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာလာ။

''သစ္စံ ဟဝေ ရသာနံ သာဓုတရံ'' အဖွင့်မှာ ကြည့်လေ၊ သစ္စာကြောင့် မိုးရွာခြင်း, မီးမလောင်ခြင်း, မြွေဆိပ်, မြားဆိပ်ကင်းခြင်း, မြစ်ရေတန့်ခြင်း, အနာကင်းခြင်း စသော များစွာသောအကျိုးရှိ၏ ဟုလိုသည်။

မူလ-ဖလ-ပဏ္ဏစသော အရသာတို့မှာ သရီရဇ္ဈတ္တိကဟန်-အရေအသားပွါးခြင်းအကျိုး၊ သံကိလေသိကသုခ-ညစ်ညူးသောချမ်းသာကိုသာ ဆောင်တတ်သည်။

သစ္စာအရသာမှာ-သမထ,ဝိပဿနာ စသည်ဖြင့် စိတ္တဇ္ဈတ္တိကဟန်-စိတ်ပွါးခြင်းအကျိုး၊ အသံကိလေသိကသုခ-မညစ်ညူးသော ချမ်းသာကို ဆောင်တတ်သည်၊ ထို့ကြောင့်အရသာတို့တွင် သစ္စာအရသာမြတ်၏ဟုဟောတော်မူသည်။]

---

## ဘုရားကြိမ်းဝါးတော်မူရာ တရား ၄-ပါး

၆၀။ ဝိနယနှင့်၊ ဘုမ္မတဖြာ၊ ပစ္စယာကာရ၊ ယူထတဖန်၊ သမယန္တရ၊ ဂန္ထိရကို၊ ငါမှတပါး၊ ဟောကြားခြင်းငှါ၊ မစွမ်းရာဟု၊ လေးဖြာဌာန၊ ကြိမ်းဝါးပသည်၊ ၊နိစ္စ အမြဲ ဉာဏ်၌စွဲ။

[ဤကား ဘုရားကြိမ်းဝါးတော်မူရာ ဉာဏပဝေသန တရားလေးပါး စကားရပ် မှတ်ဖွယ်တည်း၊

ဘုမ္မ၌- ဘုမ္မန္တရဆိုလိုသည်၊ အဘိဓမ္မာတရားကိုယူ၊ ပစ္စယာကာရ၌ ပဋိစ္စသမုပ္ပါဒ်ကိုယူ၊ သမယန္တရ၌ ခြောက်ဆယ့်နှစ်ပါး ဒိဋ္ဌိကိုယူလေ၊ ၊သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာလာ။]

## သိနိုင်ခဲသောတရား ၅-ပါး

၆၁။ မီး, မင်း, ဆင်, မြွေ,တထွေမိန်းမ၊ ဤငါးဝကို၊ နိစ္စအမြဲ၊ သတိစွဲ၍၊ မှီဝဲပါလေ၊ ညွန်ခဲ့ပေသည်၊ ။ရိပ်ခြေအထဲ သိနိုင်ခဲ။

[ဤကား သိနိုင်ခဲသော တရားငါးပါး စကားရပ်မှတ်ဖွယ်တည်း၊ ကြာမြင့်စွာအတူတကွနေသည်ဟူ၍ အကျွမ်းမဝင်အပ်၊ ဖျက်ဆီးတတ်သည် ဟူလိုသည်။]

---

## အပိုင်းအခြားအနားမရှိသောတရား ၅-ပါး

၆၂။ သေသောက်တဲနှင့်၊ မလွဲသဘင်၊ သောက်ရေစင်နှင့်၊ထို့ပြင်တသီး၊ မြစ်ခရီးနှင့်၊ အပြီးတူစွာ၊ မိန်းမမှာတည့်၊ ဝေလာကာလ၊ မရှိကြသည်၊ ။နိစ္စအမြဲ မှန်မလွဲ။

[ဤကားအပိုင်းအခြားအနားမရှိသော တရားငါးပါး စကားရပ် မှတ်ဖွယ်တည်း။]

---

## မိန်းမတို့ အားမရနိုင်သည့်တရား ၃-ပါး

၆၃။ မေထုန်တခြား၊သားဖွား,တန်းဆာ၊ အလင်္ကာဟု၊ သုံးဖြာဓမ္မ၊ အားမရခဲ့၊ မိန်းမတို့အား၊ လင်ငါးယောက်ရှင်၊ ဖြစ်လေကျင်လည်း၊ လူ့တွင်ညစ်စုတ်၊ သူဆွံ့ယုတ်နှင့်၊စက်ဆုပ်ဖွယ်ရာ၊ အဝိဇ္ဇာကြောင့်၊ မိစ္ဆာစာရ၊ ကျင့်လေကြသည်၊ ။ မြဲ်ထနောင်ရေး မိန်းမဘေး။

[ဤကား မိန်းမတို့အားမရနိုင်သည့် တရားသုံးပါး စကားရပ်မှတ်ဖွယ်တည်း၊ ။အသီတိနိပါတ်ဇာတ် အဋ္ဌကထာလာ။

ဗာရာဏသီပြည် ကိန္နရီမိဖုရားနှင့် မစွမ်းမသန်သော သူဆွံ့တို့မှားယွင်း၍ နှင်ထုတ်လေသည်။

ဗာရာဏသီပြည် ဗကမင်းနှင့် ဗာဝရိကမင်းနှစ်ပါး မိဖုရားဖြစ်သော ပဥ္စပါပီသည် အို၍ခါးကုန်သောလှအိုလူ ကုန်းနှင့် မှားယွင်းဘူးလေသည်။

မြဟ္မဒတ်မင်း မိဖုရားလည်း မြင်းထိန်းနှင့်မှားယွင်း လေ၍ မိဖုရားအရာမှ ကျလေသည်၊ မိန်းမတို့မာယာ လေးဆယ်ရှိကြောင်းကို နိပါတ်တော်ဇာတ်၌ လာသည်၊ မိန်းမတို့သဘောသည် မြွေ,မြစ်ဆိပ်,ဘီလူးရက္ခိုသ်,နွား, ဆူးခက်,နွယ်စသည်တို့နှင့်တူကြောင်း ဘုရားဟောသည်။ သန်လျက်စွဲသူဘီလူးနှင့် စကားပြောရာ၏၊ မြွေကိုကိုင် ရာ၏၊ ဆိတ်ကွယ်ရာ၌ မိန်းမနှင့် စကား မပြောရာ-လာ သည်၊ ၊အသီတိနိပါတ် ကုဏာလဇာတ် အဋ္ဌကထာ (၄၆၅)မှာ ကြည့်လေ။]

---

## မပြည့်နိုင်ရာသောတရား ၄-ပါး

၆၄၊ သမုဒ္ဒရာ, ပုဏ္ဏား၊ မင်းအား, မိန်းမ၊ လေးဌာန ဝယ်၊ ဆန္ဒတဏှာ၊ မပြည့်ရာသည်၊ ၊ပညာတောင်ကြီး ကန့်လန့်ဆီး။

[ဤကား မပြည့်နိုင်ရာသော တရားလေးပါးစကား ရပ် မှတ်ဖွယ်တည်း။

သမုဒ္ဒရာမှာ ကျယ်သောကြောင့် မပြည့်နိုင်သည်၊ ပုဏ္ဏားမှာ ဗေဒင်သင်ရန်များသောကြောင့် မပြည့်နိုင် သည်၊ မင်းမှာ သမုဒ္ဒရာအဆုံးတိုင်အောင် လေးကျွန်းလုံး ကို ရသော်လည်း တဏှာများ၍ မပြည့်နိုင်သည်၊မိန်းမမှာ လည်း လင်ရှစ်ယောက်ပင်ရသော်လည်း ကိုးယောက်ကို တောင့်တပြန်လေသည်၊ ကိုးယောက် ရပြန်လျှင်လည်း ထို့ထက်အလွန်အများကိုတောင့်တပြန်သည်၊ ကာမရာဂ များ၍ မပြည့်နိုင်ဘဲရှိသည်၊ ''ဦနတ္တာဟိ နံပူရတိ''ဟု လာသည်၊ ၊အသီတိနိပါတ် ကုဏာလဇာတ် (၄၀၇) ကြည့်လေ။]

## ဘုန်းတန်းခိုးကြီးကြောင်း ကောင်းမှု ၆-ပါး

၆၅။ ပုဆိန်တရပ် ၊ထင်းဖြတ်ပဲကွပ်၊ မလွတ် မကင်း၊ ထင်း,မီး,တင်းကုပ်၊ မယုတ်တဖန်၊ စာရေးတန်ဟု၊ ခြောက်တန်ဒါန၊ စိုက်ပျိုးချ၍၊ ထာမစွမ်းအား၊ ကြီးမားတေဇာ၊ ပေါရိသာဒ၊ဖြစ်ရလေသည်၊ ၊စိုက်ကြလေမင်း ဒါနခင်း။

[၍ကား-ဘုန်းတန်းခိုးကြီးခြင်းအကြောင်း ကောင်းမှုခြောက်ပါး စကားရပ်မှတ်ဖွယ်တည်း၊ ၊အသီတိနိပါတ် သုတသောမဇာတ်လာ။

"အဟံ ပေါရိသာဒေါ၊ပေါရိသာဒ-ဆိုသူသည် ငါမ ဟုတ်လော"ဟု၍ကြိမ်းဝါး၍ပြေးလာလျှင် တစုံတယောက် သောသူ မရပ်တန့်နိုင်၊ သုံးယူဇနာကို တဟုန်တည်းပြေး သွားနိုင်ခြင်း၊ ခွန်အားစွမ်းပကား တန်ခိုးတေဇော် ကြီး ခြင်းသည် ကဿပဘုရား လက်ထက်တော်က ဒီရဘတ္တ သလ္လာက နို့ဃနာစာရေးတံ, ရဟန်းသင်္ဃာတို့၏ အချမ်း ပျောက်စေခြင်းငှါ မီး,တင်းကုပ်, ထင်း, ပဲကွပ်,ပုဆိန်ကို လှူခဲ့ဘူးလေသည်။]

## သာသနာ ၃–ပါး

၆၆။ သုံးဖြာပိဋကတ်၊ ပရိယတ်တည့်၊ ဆယ့်သုံးရပ် ဓုတင်၊ ဆယ့်လေးအင် ခန္ဓက၊ ရှစ်ဆယ့်နှစ်ဝတ်ကြီး၊ တသီး သီလ၊ တကွသမာဓိ၊ ထူးဘိဝိပဿနာ၊ သညာတရပ်၊ပဋိပတ် တည့်၊ လေးရပ်မဂ္ဂ၊ ဖလလေးတန်၊ နိဗ္ဗာန်တရား၊ ၍ကိုးပါး မှာ၊ ထူးခြားစွာဘိ၊ ကျေးဇူးရှိသည်၊ ပဋိဝေဓ၊ မည်တွင် ထ ၏၊သုံးဝသာသနာ၊တွင်အခါဝယ်၊ ၊နှစ်ဖြာစိုက်ခင်းကောင်း စေမင်း။

[၍ကား သာသနာသုံးပါးစကားရပ်မှတ်ဖွယ်တည်း၊ နှစ်ပါးသောအနုဂ္ဂဟဖြင့် ချီးမြှောက်နိုင်စေရာဆိုလိုသည်။]

## သာသနာ ၃-ပါး ပုံဥပမာစကား

၆၇။ သုံးဖြာသော-ပ၊ အရင်းစနှင့်၊ သုံးဝသာသနာ ဖြစ်သည်တာတွင်၊ ပဌမာပ၊ နွားမပမာ၊ တဖြာနောက်ပ ဒုတိယကား၊ နွားထီးလားတည့်၊ တခြားထို့ပြင်၊ နှိုင်းရန် ဆင်မူ၊ နွားရှင်ဒုတိယ၊ ပဌမနွားကျောင်း၊ တူတုံ့ ရှောင်း လိမ့်၊ တကြောင်းရွှေအိုး၊ လိပ်ထိုးကမ္ပည်း၊ ရှေးနည်းအတူ၊ စဉ်သင့်ယူရှင့်၊ နည်းတူထို့ပြင်၊ တပုံဆင်မူ၊ သုံးအင်ပ,မျိုး၊ ကန့်ရိုးရေကြာ၊ ကဲ့ပမာတည့်၊ လက္ခဏာအရ၊ တူစွာလှ၏၊ လောကစီးပွား၊ ထားခဲ့သည်မှာ၊ ငါးထောင်သာတည့်၊ ငါး ဖြာဒုလ္လဘ၊ ရမည့်အရာ၊ ခဲလှစွာသည်၊ ၊သုံးဖြာ ခေတ် တွင်း ခဲလေမင်း။

[ဤကား-သာသနာသုံးပါး ပုံဥပမာစကားရပ် မှတ် ဖွယ်တည်း၊

သာသနာပဉ္စ လှည်းအစည်းခြောက်သောင်းတိုက်လူ သောထက် သာသနာတွင်း တဟင်းချို တယောက်မ ကသာသည်ဖြစ်၍ တွေ့ကြုံမဆဲဘွင် ခဲ့လေဆိုလိုသည်။]

---

## သုံးပါးသာဆနာ တွေ့ခဲကြောင်းစကားရပ်

၆၈။ သုံးပါးသာသနာ၊ညခါလျှပ်စစ်၊ကဲ့သို့ဖြစ်လိမ့်၊ မ ဖြစ်သည်မှာ၊ ညဥ့်ပမာတည့်၊ တည်ရာကားရှား၊ မတည် များခဲ့၊ စကားအရာ၊ ဥပမာမူ၊ သမုဒ္ဒရာဝယ်၊ လိပ်သဖွယ် တည့်၊သုံးသွယ်ဓမ္မ၊ ထွန်းလင်းပရာ၊တွေ့ခဲစွာသည်၊ ၊လသာ ခိုက်တွင်း ခဲလေမင်း။

[ဤကား-သာသနာတွေ့ခဲကြောင်း စကားရပ် မှတ် ဖွယ်တည်း၊တွေ့ခဲချေ၏၊ ခဲလေဆိုလိုသည်။]

## အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းပုံ

၆၉။ ဒီဃ,ရဿ၊ ဤနှစ်ဝကို၊ ယူထထွက်,သက်၊ ဝင်သက်၌မူ၊ ဤနည်းတူတည့်၊ ယူလေလေးပါး၊နှာသီးဖျားဝယ်၊ နွားဖမ်းပမာ၊ ရှုအပ်စွာသည်၊ ကြီးစွာနောင်ရေး အကျိုးပေး။

[ဤကား-အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းရာသော အခြင်းအရာ စကားရပ် မှတ်ဖွယ်တည်း။

ထွက်သက်အစကား ချက်၊ အဆုံးကား နှာသီးဖျားတည်း၊ ဝင်သက်အစကား နှာသီးဖျား၊ အဆုံးကား ချက်တည်း။

နွားဖမ်းယောကျ်ားသည် ခြံအပြင်မှာလည်းမဖမ်း၊ ခြံတွင်းမှာလည်း မဖမ်း၊ ခြံဝင်ပေါက်မှာဖမ်းသကဲ့သို့ ထွက်သက်,ဝင်သက်ကိုလည်း နှာသီးဖျားတွင် ရှုလေ- ဆိုလိုသည်။

''အာနာပါနဿတိံ ရာဟုလ ဘာဝနံ ဘာဝေဟိ၊ အာနာပါနဿတိ ဘာဝနာ ရာဟုလ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာတိ''။

ဟူ၍ အကျိုးကြီးကြောင်းကို ဟောတော်မူသည်၊ ၊ သုတ္တသင်္ဂဟအဋ္ဌကထာ အကျယ်ရှိ၏၊ ကြည့်လေ။

ပင်္ဂုလောပမာ-ပခက်လွှဲ၊ ဒေါဝါရိကောပမာ-တံခါးစောင့်၊ ကကစူပမာ-လွှတိုက်ပမာကိုလည်း မှတ်လေ၊ နည်းခံလေ။

ငါးခုမှအောက်,ဆယ်ခုကအထက်, မလွန်မယုတ်စေမူ၍ ထွက်သက်ဝင်သက်ကို ရေတွက်လေ၊ စပါးချင့်သောသူတို့သည် တတင်း,နှစ်တင်း ရေသကဲ့သို့ ရေလေ။

ဘာဝစရိမ, ဈာနစရိမ, စုတိစရိမ-စရိမသုံးပါး။]

## အာဒါသမုခမင်းသား ဆုံးဖြတ်သော တရား ၃၄-ပါး

၇၀။ နွား,သားတရား၊ မပြားနည်းတူ၊ မြင်း,ကျူထရံ၊ တဖန်ရွာစား၊ တခြားပြည့်တန်းဆာ၊ တဖြာမေးငှယ်၊ မိန်းမငယ်နှင့်၊မြွေဝယ်,သမင်၊ သစ်ပင်စောင့်နတ်၊ မေးလတ်ပုဏ္ဏာ၊ ခါ,နှင့် နဂါး၊ ပုဏ္ဏားလုလင်၊ တို့မြင်ရသေ့၊ ဆယ့်လေးစေ့သား၊ ဤတရားကို၊ ဘုရားအလျှာ၊ အာဒါသမင်း၊ ဖြေပြရှင်းသည်၊ ၊ထိုးထွင်းဉာဏ်နေ နက်လှစေ။

[ဤကား အာဒါသမုခမင်းသား ဘုရားအလောင်း ဆုံးဖြတ်စီရင် ဖြေသုတ်သင်သော တဆယ့်လေးပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊တိကနိပါတ် ဂါမဏိစန္ဒဇာတ်၊ဒိ-ချပ် (၂၇၀) မှာကြည့်လေ။

၁။ နွားငှား၍ နွားရှင်ကိုအပ်ထားရာ သူတပါးနှံ၍ နွားပျောက်တရား၌ အပ်လာသောအခါ နွားကို မမြင်ပါဟု နွားရှင်မှသားဆိုသောကြောင့် နွားဖိုး နှစ်ဆယ့်လေးကျပ် အသပြာပေးစေ၊ နွားရှင် မျက်လုံးကိုထုတ်စေ-စီရင်သောကြောင့် နွားငှားသူ အားပေး၍ နွားရှင်ပြေးလေသည်။

၂။ သားသေရာ၌ သားရှင်က သားစားရလိုကြောင်း ကိုဆိုလျှင် ထိုသူ့မယားကို သင့်အိမ်သို့ ခေါ်၍ မယားပြု၍ သားစားပေးစေ စီရင်သောကြောင့် သားရှင်က အစွဲခံသူကို အသပြာပေး၍ ပြေးလေသည်။

၃။ မြင်းကျိုးရာ၌ မြင်းရှင်မှသားဆို၍ လျှာကိုထုတ်စေ၊မြင်းဖိုးတထောင်ကိုပေးစေ စီရင်၍ အသပြာ ပေး၍ ပြေးလေသည်။

၄။ ကျူထရံသည် အဖသေရာ၌အဖစားရလိုကြောင်း ကိုဆိုလျှင် ဤသူ့မယားကို သင့်အိမ်သို့ ခေါ်၍

အဖပြုလေ စီရင်သောကြောင့် အသပြာပေး၍ ပြေးလေသည်။

၅။ ဂါမဏိစန္ဒ အမတ်ကြီး တယောက်ထဲ၌ပင် အမှု လေးခုရောက်၍ လေးမှုကိုပင် အောင်လေသည်၊ ရွာစား လာဘ်နည်းကြောင်းကိုမေးသည်၊ တရား စီရင်ရာ အဓမ္မကြောင့် နည်းသည်ဟု ဖြေသည်။

၆။ ပြည့်တန်းဆာမ ရှေးကဲ့သို့ တရားမစောင့်။

၇။ မိန်းမငယ် မမွေ့လျော် ခြင်းသည် လင်ငယ် သ ယောက်ထားသည်။

၈။ မြွေ တောင်ပို့ကထွက်သောအခါ လေးသည်၊ဝင် သောအခါ ပေါ့ခြင်းသည် ရွှေအိုး တောင်ပို့၌ ရှိသည်။

၉။ ခါ မတွန်နိုင်ခြင်းသည် တောင်ပို့ရင်း၌ ရွှေအိုး ရှိသည်။

၁၀။ သမင် အရပ်တပါးသို့သွား၍ မြက်မစားနိုင်ခြင်း သည် ထိုသစ်ပင်ထက်၌ ပျားအုံကြီး ရှိသည်။

၁၁။ နဂါးရေကန်၌ ရေနောက်ခြင်းသည် အချင်းချင်း ငြင်းခုံ၍ဖြစ်သည်။

၁၂။ ရသေ့သစ်သီးမချိုခြင်းသည် မိစ္ဆာဇီဝဖြင့် အသက် မွေး၍ ဖြစ်သည်။

၁၃။ ပုဏ္ဏားလုလင်တို့ အတတ်ပညာသင်၍ မတွင်နိုင် ခြင်းသည် အခါမဲ့တွန်သော ကြက်ကြောင့် ဖြစ် လေသည်။

၁၄။ သစ်ပင်စောင့်နတ် တောအုပ်ခရီးသို့ လာသော ခရီးသမား လူတို့ကိုမစောင့်သောကြောင့် လာဘ် ပူဇော်မရသည်။

ဇမ္ဗူဒိပါတကျွန်းလုံး ပညာကြီးကြောင်းကို ကျော်သည်၊ ဘုရားဖြစ်မှသာ ငါ့ပညာကြီးသည် မဟုတ်ဟု ဟောတော်မူသည်။]

## ကုရုဓမ္မတရား ၅-ပါးစောင့်သူ ၁၁-ယောက်

၇၁။ (က) ရာဇ,မာတာ၊ တဖြာဒေဝီ၊တလီသားကြီး၊ တသီးပုဏ္ဏား၊ တခြားကြီးသွဲ၊ မလွဲမတိမ်း၊ ရထားထိန်း, သဌေး၊ မဝေးတမည်၊ တင်းသည်အမတ်၊ စောင့်လတ်တံခါး၊ မပြားပြည့်တန်းဆာ၊ ငါးဖြာသီလ၊ စောင့်တုံကြ၍၊ ယူထ ရွှေပေ၊ ပေးလိုက်လေသည်၊ ၊စောင့်လေချက်ခြင်း ကာသိမင်း။

[ဤကား ကုရုတိုင်း ဇုန္နပတ္တပြည်၌ ကုရုဓမ္မတရား ငါးပါးစောင့်သူ တကျိပ်တယောက် စကားရပ် မှတ်ဖွယ်တည်း။]

## တကျိပ်တယောက် ကုက္ကုစ္စ ဖြစ်ဟန်

၇၂။ (ခ) မြားနှင့်ရွှေပန်း၊ တခန်းလောဘ၊ ဖွတ်ထမိုးရွာ၊ တဖြာတပ်မက်၊ တချက်လှံကာ၊ နှင်တံအမှတ်၊ ပန်လတ်စပါး၊ ရောငြားတထွေ၊ ဆိုင်လေမယား၊ ယူငြားအခါ၊ ကုက္ကုစ္စသည်၊ ၊စောင့်ကြမလွဲ ကိုယ်၌မြဲ။

[ဤကား တကျိပ်တယောက် ကုက္ကုစ္စဖြစ်ဟန် စကားရပ် မှတ်ဖွယ်တည်း၊ ၊ရှေ့ပုဒ်နှင့်ဟပ်လေ၊ ဆရာထံမှလည်း နည်းခံလေ၊အကျဉ်းဆောင်ပုဒ်ဖြစ်သည်။]

## ပဥ္စသီလကျင့်ခြင်းအကျိုး

၇၃။ (ဂ) ဆယ်ပါးဓမ္မ၊ ငါးဝသီလာ၊ စောင့်သည်တာကြောင့်၊ သုံးဖြာသောဘေး၊ ကင်းလွတ်ဝေးသည်၊ ၊ရှေးတူမမှား ကျင့်လေကား။

[ဤကား ပဥ္စသီလငါးပါးကိုကျင့်၍ ဘေးသုံးပါးကင်းကြောင်းစကားရပ် မှတ်ဖွယ်တည်း၊ ၊ကလိင်္ဂတိုင်း ဒန္တပူရပြည်၌ မိုးခေါင်၍ ကုရုတိုင်း ဣန္ဒပတ္တပြည် တကျိပ် တယောက်သောသူတို့ထံ ကုရုဓမ္မတရားငါးပါးကို ရွှေပေ၌ယူ၍ ကျင့်သောခဏ၌ မိုးရွာ၍ဘေးသုံးပါးကင်းကြောင်းစကားရပ် မှတ်ဖွယ်တည်း။

ဆာတဘယ, ရောဂဘယ, ဒုဗ္ဘိက္ခဘယကို ဘေးသုံးပါးယူလေ၊ ၊တိကနိပါတ် ကုရုဓမ္မဇာတ် ဂါးချပ်(၃၃၀) မှာ အကျယ်ကြည့်လေ။]

---

## ဒုသီလမယား ၃-မျိုး

၇၄။ မထိမဲ့ငြား၊ စိတ်ပြစ်မှား၍၊ စီးပွါးမဲ့သူ၊ သူသတ်တူလိမ့်၊ ခိုးသူမှာကား၊ သိမ်းထားဥစ္စာ၊ ဆုတ်ယုတ်စွာခဲ့၊ ကြမ်းစွာစကား၊ အကောင်းစား၍၊ ပျင်းငြားတုံမူ၊ သခင်တူလိမ့်၊ ပုံတူမခြား၊ ဤသုံးပါးမှာ၊ လားလိမ့်အပါယ်၊ တုံလေးသွယ်၌၊ ကြီးကျယ်ဒုက္ခ၊ တွေ့ကြုံရသည်၊ ၊ရှောင်ကြလေကား လင်မယား။

[ဤကား အပါယ်လားကြောင်း ဒုသီလမယားသုံးပါး စကားရပ် မှတ်ဖွယ်တည်း။]

---

## သုသီလမယား ၄-မျိုး

၇၅။ မိ,ဘပမာ၊ လွန်ကြင်နာလျက်၊ ဥစ္စာမပျောက်၊ စောင့်ရှောက်သည်မှာ၊ မာတာတွင်ထ၊ နှမအလား၊ ရက်ငြားရှိသော၊လုပ်ကျွေးပေမူ၊ နှမတူလိမ့်၊ ကြည်ဖြူစိတ်နေ၊ မိတ်ဆွေနှစ်ဦး၊ ရှည်ကြူးဝေးစွာ၊ မတွေ့ကြာက၊ တွေ့ခါခဏ၊ ဝမ်းမြောက်ကြသို့၊ အားရဝမ်းသာ၊ ရှိသည်မှာမူ၊ အဆွေတူလိမ့်၊ ငြူစူအမျက်၊ မထွက်ဒေါသ၊ မာနမရှိ၊ခြိမ်းခြောက်ဘိလည်း၊

ကျွန်၏အလား၊ သည်းပြြားမှု၊ ကျွန်နှင့်တူလိမ့်၊ ဤသူလေးယောက်၊ ခြောက်ထပ်နတ်ပြည်၊ ရောက်ကြောင်းမည်သည်၊ ၊ တည်စေတရား ဝတ်ငါးပါး။

[ဤကား နတ်ရွာရောက်ကြောင်း သုသီလမယား လေးပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊တိကနိပါတ်,သုဇာတဇာတ် ၇-ချပ်(၃၁၄)မှာကြည့်လေ၊ပေါင်း ၇-ပါး။]

## မီး ၃-ပါး

၇၆။ သီလဝန္တ၊ ရဟန်းစသား၊ မိ,ဘအိမ်ရှင်၊ မိမိလင်ဟု၊ လူတွင်ညီးညီး၊ မိန်းမမီးတည့်၊ တသီးသီလဝန်၊ မိမွန်,ဖခင်၊ လောင်ချင်တတ်ပြီး၊ ယောကျ်ားမီးတည့်၊ ဖျက်ဆီးတတ်စွာ၊ မီးသုံးဖြာသည်၊ ၊လောင်ရာမဆုံး တဟုန်းဟုန်း။

[ဤကား မီးသုံးပါးစကားရပ် မှတ်ဖွယ်တည်း၊ ' သုတ်ပါထေယျပါဠိတော်(၁၈၂)လာ။]

## ကြက်သရေပြောင်းဟန် ၄-ပါး

၇၇။ ကြက်,ပတ္တမြား၊ တောင်ဓေ့အားနှင့်၊ မယားတထွေ၊ ကြက်သရေသီရိ၊ ပြောင်းလေဘိသည်၊ ၊သိလေမှားသငွေးအား။

[ဤကား အနာထပိဏ်သဌေးကြက်သရေပြောင်းဟန် လေးပါး စကားရပ် မှတ်ဖွယ်တည်း။

အနာထပိဏ်သဌေးကြက်သရေကို ခိုးအံ့-ဟု ပုဏ္ဏားလာ၍ကြည့်ရှုလေသော် ကြက်မောက်၌ တည်သည်ကို မြင်၍ ကြက်ကိုတောင်း၍ပေးလျှင် ပတ္တမြား၌ တည်၏၊ ဤနည်းတူ တောင်းတိုင်းပေး၏၊ ပေးတိုင်းပြောင်း၏၊ ကုသိုလ်မရှိက မရနိုင်ကြောင်း စကားရပ် မှတ်ဖွယ်တည်း။]

## ကြက်သား ၃-မျိုးစားရကျိုး

၇၈။ အောက်ကြက်အသား၊ စားကအသပြာ၊ တထောင်သာတည့်၊ တဖြာတိုးတက်၊ အထက်ကြက်မူ၊ ထူလမံသ၊ စားလေရက၊ ရာဇဓကေန်၊ တဖန်အပ၊ စားကတသီး၊ စိတ်ဆူကြီး,မိဖုရား၊ ဖြစ်တုံငြားလိမ့်၊ အသား,အရိုး၊ ဘဏ္ဍာစိုးနှင့်၊ တမျိုးမင်းဆရာ၊ ဖြစ်လေရာသည်၊ ၊သုံးဖြာအသား စားသူအား။

[ဤကား ကြက်သားသုံးပါးကိုစား၍ မင်းစသည် ဖြစ်ကြောင်း စကားရပ် မှတ်ဖွယ်တည်း။

ထူလမံသ, ဗဟိမံသ, အဋ္ဌိမံသ, သုံးပါးတည်း၊ ထူလမံသမှာ ဆူသည်၊ ဗဟိမံသမှာ အပ၊ အဋ္ဌိမံသမှာ အရိုး၌ကပ်သည့်အသားကိုယူ။

သစ်ပင်၌ အထက်,အောက်အိပ်ကြသည့် ကြက်ခိုက်ရှေ့နှ်ဖြစ်ကြ၍ သင့်အစွမ်းကား အဘယ်သို့ ရှိသနည်း မေးကြ၍ အသီးအသီးပြောဆိုသောစကားကို ထင်းခွေယောကျ်ားကြား၍ သတ်ပြီးလျှင် စားအံ့-ဟု မြစ်နား၌ ပြုစဉ် လေခပ်သောရေဟုန်ကြောင့် အောက်ဆိပ်သို့မျော၍ ဆင်ရေတိုက်သောအမတ်ရ၍ စားကြလေသဖြင့် အမတ်လည်းမင်း,မယားလည်းမိဖုရား၊ ဆရာရသေ့လည်း မင်းဆရာဖြစ်လေ၏၊ အသရေဟူသည် တင့်တယ်ခြင်း,စည်းစိမ်နှင့်ပြည့်စုံခြင်း, ဘုန်းတန်ခိုးပညာကို ဆိုလိုသည်၊ ဤသူတို့အားသာစည်းစိမ်ဥစ္စာတည်သည်၊ မရှိသူမတည်ကြောင်း ဥဒါဟရဏ် ပုံ,သက်သေထူး စကားထူးမှတ်ဖွယ်တည်း၊ ၊တိကနိပါတ် သိရီစောရဇာတ် ၄-ချပ်(၃၆၉)မှာ ကြည့်လေ။

သိရိယတိ ဥပနိဿိယတိတိ သိရီ။ ။ယာသမ္ပတ္တိ၊ အကြင်ပြည့်စုံခြင်းကို။ကတပုညေဟိ၊ပြုအပ်ပြီးသောကောင်းမှုရှိသောသူတို့သည်။ သိရိယတိ ဥပနိဿိယတိ၊ မှီဝဲအပ်၏။

ဥတိတသ္မာ၊ထို့ကြောင့်။ ဝါ-မှိဝဲအပ်သောသတ္တိကြောင့်။ သာသမ္ဘတ္တိ၊ ထိုပြည့်စုံခြင်းသည်။ သိရီ-သိရီမည်၏၊ သိခတ်,ဤပစ္စည်း၊ ၊ဝီသတိဝဏ္ဏနာလာ။]

---

## နတ်သမီး ၄-ယောက်

၇၉။ သိရီ အန္တာ၊ သဒ္ဓါ အနုံစ္စ၊ တောင့်တ,အာသာ၊ ချွတ်ယွင်းစွာခဲ့၊ မြတ်ရာဟိရိ၊ ဖြစ်လေဘိသည်၊ ၊သိကြစေကား လေးယောက်သား။

[ဤကား-ရှင်ရသေ့ထံမှာ ပန်းတောင်း လာသော နတ်သမီးလေးယောက် စကားရပ် မှတ်ဖွယ်တည်း၊ ၊ အသီတိနိပါတ်,သုဓာဘောဇနဇာတ် နိချုပ် (၄၀၇)မှာ ကြည့်လေ။

သိကြားမင်းသမီးလေးယောက်တို့သည် များစွာသော နတ်ပန်းတို့ကိုယူ၍ ရေကစားအံ့သောငှါ အနဝတတ် အိုင်သို့ကြ၏၊ ထိုခဏ၌ နာရဒရသေ့လည်း တာဝတိံသာနန္ဒဝန်ဥယျာဉ်, စိတ္တလတာဥယျာဉ်တို့၌ နေ၍ ပင်လယ်ကသစ်ပန်းကို ထီးကဲ့သို့အရိပ်အလို့ငှါ ဆောင်းလျက် ဆေးဒန်းမြင်းသီလာကျောက်ဖျာအပြင်၌ နေ၏၊ ထိုအခါ နတ်သမီးတို့က ပန်းကိုတောင်းကြ၏၊ နာရဒရသေ့ကလည်း ''မြတ်သောသူ ယူလော့''ဟု ဆို၍ အဘယ်သူမြတ်တော့သနည်းဆိုလျှင် ''ဤသူမြတ်သည်, ဤသူယုတ်သည်ဆိုလျှင် ငြင်းခုံခြင်းဖြစ်တော့မည် မသင့်၊ သင်တို့အဖ သိကြားမင်းထံသွား၍အဆုံးအဖြတ်ကိုခံချေ'' ဆို၍ သိကြားမင်းလည်း''ငါ့သမီးချည့်ဖြစ်တော့သည်၊ ဤသူမြတ်၏ဆိုလျှင် အကြွင်းအမျက်ထွက်လတ္တံ့ဖြစ်သည်၊ငါ မဆုံးဖြတ်နိုင်၊ ဟိမဝန္တာ၌ ကောသိယရသေ့သည် သူတပါးကိုမပေးဘဲကိုမစား၊ ပေးသော်လည်း ဂုဏ်ရှိသောသူတို့အားပေး၏''ဆို၍လာပြီးလျှင် သိရီ,အရှေ့၊သဒ္ဓါ

တောင်၊ အာသာ, အနောက်၊ ဟိရီ,မြောက်၊ လေး ယောက်မျက်နှာတူရှုနေ၍ တောင်းလေသော် အဘယ် မည်ရှိသနည်း အသီးသီးမေးလျှင် သိရီမည်၏ ဆိုလျှင် အတတ်စသည်နှင့် ပြည့်စုံသူကို ဆည်းကပ်တတ်သော ကြောင့် အကန်းဆို၏။

ထိုသို့သောဝတ္ထုကိုစွန့်၍ တပါးသောဝတ္ထု၌ဖြစ်တတ် သောကြောင့် သဒ္ဓါ-အနိစ္စဖြစ်၏။

ဥစ္စာကိုလို၍ သဘော်သွား၍ပျက်စီး ချွတ်ယွင်းတတ် သောကြောင့် အာသာ--ချွတ်ယွင်းတတ်သည်။

ဟိရီသည် မြတ်သောဂုဏ်၌တည်သောကြောင့် မြတ် ၏ဟုဆိုးဖြတ်လေသည်။]

## လာဘုပ္ပတ္တိအကျင့် ၄-ပါး

၁၀။ ရှုးသည်တလိုက်၊ကုန်းတိုက်တခု၊ ကုတုဟာလ၊ နမ္မ တွင်မည်၊ ကခြေသည်ဟု၊ လေးမည်လာဘ၊ ဖြစ်ကြောင်း ပြသည်၊ ၊ရှောင်ကြလေမင်း လွတ်လွတ်ကွင်း။

[ဤကား-လာဘ်ဖြစ်ကြောင်းအကျင့်လေးပါး စကား ရပ် မှတ်ဖွယ်တည်း၊ ၊တိကနိပါတ်,လာဘဂရဟဇာတ် ငေါ်ချပ်(၃၇၉)သာ။

ရှင်သာရိပုတ္တရာ သဒ္ဓိဝိဟာရိကတပည့်မေး၍ လာ ဘုပ္ပတ္တိအကျင့်လေးပါးကို ဟောလျှင် ကဲ့ရဲ့၍သွား၏၊ ဗိသာပါမောက္ခဆရာတပည့်လုလင်မေး၍ ဆရာဖြေရာ၌ လည်း တပည့်လုလင် ကဲ့ရဲ့လေ၏။

ငရဲစသောဘေးကိုမကြောက်မရှက် အဓမ္မပြုဝံ့သော သူ မရှုးသော်လည်း ရှုးသည်ပင်မည်၏၊လာဘ်ရတတ်၏၊ ကုန်းတိုက်သောသူ လာဘ်ရတတ်၏၊ ကခြေသည်ကဲ့သို့ အရှက်မရှိ အဓမ္မကိုပြုဝံ့သောသူ လာဘ်ရတတ်၏၊ ကုတု

ဟာလမှာ အုဘ်အုဘ်ကျက်ကျက်စည်းဝေးရာ မင်းကြီးက မေးလျှင် သူတပါးမဆိုမီ ရှေးဦးစွာထ၍ ဆိုဝံ့သောသူကိုယူ၊ ဤလေးပါးကြောင့်ရသော သာဘ်ကို စားသောထက် ခွက်လက်စွဲ၍ တောင်းစား ရခြင်းက မြတ်၏ဟု ဟောတော်မူသည်၊ သတိရှိကြစေ၊ ၎ှရဟာန်းအားလျှော်စွာယူလေ။]

---

## ဩဝါဒတည်သော ဇာတ်တော် ၄–ဇာတ်

၁၁။ တေသကုဏာ၊ ဝါဒလေးသောင်း၊ တကြောင်းထို့နောင်၊ သောင်းနှစ်ထောင်မူ၊ ခွေးဝယ်ယူရှင့်၊ ကျီးမူခုနစ်ရာ၊ တဖြာထို့နောင်၊ ခုနစ်ထောင်မူ၊ အိုးထိန်းယူလော့၊ နောက်လှူသိဖွယ်၊ မှတ်ကြောင်းသွယ်သည်၊ ၊ဤဏ်ဝယ် ကြည်နူး ဇာတ်တော်ထူး။

[ဤကား–ဘုရားအဆုံးအမ ဩဝါဒ တည်ကြောင်း လေးဇာတ် မှတ်ဖွယ်တည်း။]

---

## ဆတ္တပါဏိပုဏ္ဏားဏ် အင်္ဂါ ၄–ပါး

၁၂။ ချစ်ခြင်းတထွေ၊ သေရည်,အမျက်၊ မထွက်ပြုံ၊ နောက်မူဘဝ၊ ဖြစ်သမျှ၊ ကင်းပါရစေ၊ တောင်းယူလေသည်၊ ၊လေးထွေတရား ပုဏ္ဏားအား။

[ဤကား–ဆတ္တပါဏိပုဏ္ဏားအင်္ဂါလေးပါးစကားရပ် မှတ်ဖွယ်တည်း၊ ၊ဒုကနိပါတ်, ဓမ္မဓဇဇာတ် ညှု ချ (၁၇၀)မှာကြည့်လေ။

ဗာရာဏသီပြည် ယသပါဏိ အမည်ရှိသော မင်းကြီးသည် ဘုရားလောင်း ဓမ္မဓဇ ပုရောဟိတ်ပုဏ္ဏားအား သတ်လို၍ ဥယျာဉ် ဖန်ဆင်း, ရေကန် ဖန်

ဆင်း, နန်းပြာသာဒ် ဖန်ဆင်း, ပတ္တမြား ဖန်ဆင်း, အင်္ဂါ လေးပါးနှင့် ပြည့်စုံသော ဥယျာဉ်, စောင့်ကို ဖန်ဆင်း၍ ပေးရမည်၊ မပေးနိုင်လျှင် သေရမည်ဆို၍ မကြံနိုင်၍ သူတပါးလက်၌ သေသောထက် တောထဲ၌အလိုလို ကိုးကွယ်ရာမဲ့ သေရခြင်းသည် မြတ်၏-ဟု သစ်ပင်ရင်း၌ သူတော်ကောင်းတရား ဆင်ခြင်၍နေရာ သိကြားလာ၍ ပုဏ္ဏားကိုမေးလေဟု ဆိုးမလာ၍ ၎င်းပုဏ္ဏားကိုမေးလျှင် အင်္ဂါလေးပါးအကြောင်းကို မသိ၍ မင်းကြီးကမေးလျှင် ပုဏ္ဏားက အကျယ်ဂါထာပြ၍ ဖြေလေသည်၊ မှတ်ဖွယ် စကားကောင်းစွ၊ မှတ်လေ၊ ။ဇာတ်တော် မှာလည်း ကြည့်လေ။]

## ပရိတ်နာရာ အကျိုးမရကြောင်း ၃-ပါး

၇၃။ ကံ,ကိလေသာ၊ နှစ်ဖြာအပြစ်၊ တားဆီးမြစ်ခဲ့၊ စင်စစ်တမည်၊ မယုံကြည်က၊ ရွတ်သည်ပရိတ်၊ အကျိုးဆိတ်သည်၊ ။စိတ်နေဖြောင့်စင်း နှလုံးသွင်း။

[ဤကား ပရိတ်နာရာအကျိုးမရကြောင်းတရားသုံးပါး စကားရပ် မှတ်ဖွယ်တည်း၊ ။မိလိန္ဒပဉှာ (၁၅၅)မှာ ကြည့်လေ။]

## ပရိတ်ရွတ်ရာ အာနုဘော်မရှိကြောင်း ၃-ပါး

၇၄။ အနက်မမှန်၊ တဖန်ပါဠိ၊ ချွတ်ယွင်းဘိမူ၊ မရှိအကျိုး၊ တမျိုးလာဘ၊ ငဲ့ချေကလည်း၊ မရချမ်းသာ၊ ကျမ်း၌လာသည်၊ ။သုံးဖြာအမြဲ လွတ်အောင်ခဲ။

[ဤကား ပရိတ်ရွတ်ရာ ပရိတ်အာနုဘော် မရှိကြောင်း သုံးပါး စကားရပ် မှတ်ဖွယ်တည်း။

သုတ်ပါထေယျ အဋ္ဌကထာ အာဋာနာဋိယသုတ် အဖွင့်(၁၃၀)မှာ ကြည့်လေ၊ ၊အကျိုးရကြောင်းသုံးပါး အာနုဘော်ရှိကြောင်း သုံးပါးကိုလည်း ဗျတိရေက နည်းအားဖြင့် သိလေ။]

---

## စစ်ထိုးနည်း ၃-မျိုး

၇၅။ သကဋနှင့်၊ စက္က, ပဒုမာ၊ သုံးဖြာဗျူဟာ၊ ထိုနည်းပြသည်၊ ၊မုချမလွဲ စစ်တိုက်ပွဲ။

[ဤကား စစ်ထိုးနည်း သုံးပါးစကားရပ် မှတ်ဖွယ်တည်း၊ ၊ပကိဏ္ဏကနိပါတ် တစ္ဆကသူကရဇာတ် ၇-ချပ်(၃၄၃)မှာကြည့်လေ။

လှည်းသဏ္ဍာန်, စက်ဝန်းသဏ္ဍာန်,ကြာချပ်သဏ္ဍာန်ဆင်သည်ဆိုသည်၊ဤစာကိုဇီရင်၍ အပြစ်လွှတ်မည် မလွတ်မည်မေးဖွယ်ရှိသည်၊ဘုရားပင်ဟောတော်မူခဲ့သည်၊ကျမ်းအစောင်စောင်ကပင် ပြတော်မူချေသည်ကို ထောက်လေ။]

---

## ဘဝတဏှာ အပြစ်များပုံ

၇၆။ လူ့,ကြက်တသီး၊ မင်းသမီး,ဖြဟ္မာ၊ ဖြစ်လှာသဌေး၊ မဝေးဝက်မ၊ရာဇဝိတာ၊တဖြာဝန၊အဿကုလာ၊ ဝါကဏ္ဌာ၌၊ ဖြစ်လှာတုံထ၊ နာဝိကမည်၊ကုးတို့သည်အိမ်၊ စည်းစိမ်ပိုးရ၊ ဂါမသခင်၊ နောက်လျှင်တသွယ်၊ သူကြွယ်တသီး၊ အမတ်ကြီးမယား၊ ဖြစ်ပြြားတုံလှာ၊ ဉာဏ်ဝါဇာတိ၊ မြင်လေဘိ၍၊ မချိမဆံ့၊ ကြောက်လန့်တုံငြား၊ သုံးပါးဘဝေ၊ ငြီးငွေ့လေ၍၊ ငါးထွေကာမ၊ စွန့်ပစ်ခွါ၍၊ ရဟန္တာမ၊ မုချအစစ်၊ ကေန်

ဖြစ်၍၊ ဆယ့်တစ်ငြိမ်းရာ၊ ရောက်လေပါသည်၊ ၊ခေမာ သောင်ကျွန်း ကူးဆိပ်ညွန်း။

[ဤကား ဘ၀တဏှာအပြစ်များကြောင်း စကားရပ် မှတ်ဖွယ်တည်း၊ ဤမထေရ်ကဲ့သို့ သံဝေဂရ၍ တောထွက်ကြလေဆိုလိုသည်။

သုမနအမည်ရှိသော ရဟန်းမိန်းမသည် ကြက်မဖြစ်ချိ, မင်းသမီးဖြစ်ချိစသည်ဖြင့် ကျင်လည်ခဲ့ရသည်ကို ဇာတိသရဉာဏ်ဖြင့်မြင်၍ ထိတ်လန့်သဖြင့် လင်ကိုခွင့်တောင်း၍ ရဟန်းပြု၍ ရဟန္တာမဖြစ်လေ၏၊ ပရိနိဗ္ဗာန်ပြုခါနီး၌ မငဲ့မလျော့ကြစေလင့်ဟု ပရိသတ်အား ဆုံးမတော်မူခဲ့လေသည်၊ ၊သုတ္တသင်္ဂဟဓမ္မပဒကျမ်းတို့၌လာသည်၊တဖြာဝန ၌ ဝနဝါသီမြို့၌ ဖြစ်သည် ယူလေ။]

## စကြာမင်းကျင့်ဝတ် ၁၂-ပါး

၈၇။ မိုလ်ပါတကြောင်း၊ ထီးဆောင်းမြို့စား၊ သူကြွယ်အားနှင့်၊ ပုဏ္ဏား,ရဟန်း၊တခန်းနိဂုံး၊ ဆုံးမဖြစ်ထာ၊ နှစ်ဖြာဘောကင်း၊ ပေးခြင်းဥစ္စာ၊ ပညာရှိထံ၊ ခံယူနည်းနာ၊ ဆယ့်နှစ်ဖြာသည်၊ ၊စကြာမင်းအား ကျင့်တရား။

[ဤကား စကြာမင်းတို့ ကျင့်ရာသော တရားဆယ့်နှစ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊သုတ်ပါထေယျ စက္ကဝတ္တိသုတ် (၅၀)၌ လာသည်။]

## တကာအင်္ဂါ ၉-ပါး

၈၈။ ခရီးဦးကြို၊ ဆိုသည်တမျိုး၊ ရှိခိုးတထွေ၊ နေရာခင်းပြား၊ ရိညွတ်တွားလျက်၊ လှူပြားမကွယ်၊ နှစ်သက်ဖွယ်

နှင့်၊ တသွယ်ဆည်းကပ်၊ လျောက်ပတ်စာနာ၊ အင်္ဂါကိုးပါး၊ ပြည့်စုံငြားက၊ သွားလာမပြတ်၊ ဆည်းကပ်အပ်သည်၊ မှတ်လေမယွင်း သတိသွင်း။

[ဤကား ရဟန်းသင်္ဃာ ဆည်းကပ်ရာသောတကာ တို့အင်္ဂါ ကိုးပါး စကားရပ် မှတ်ဖွယ်တည်း။
မဆည်းကပ်အပ်သော တကာအင်္ဂါကိုးပါး ကိုလည်း ဗျတိရေကနည်းဖြင့်သိလေ၊ ၊အင်္ဂုတ္တိုရ်ကျမ်း နဝကနိပါတ် (၁၉၂) မှာကြည့်လေ။]

---

## ပဏ္ဍုကမ္ဗလာကျောက်ဖျာ ပူခြင်းအကြောင်း ၆-ပါး

၁၉။ အသက်,ဘုန်းကံ၊ ကုန်ချိန်တန်က၊ ပူပန်စမြဲ၊ စွဲလမ်းတောင့်တ၊ သီလတေဇာ၊ များစွာဒါန၊ စိတ်သောက ကြောင့်၊ ပူထလေရာ၊ ကြောင်းခြောက်ဖြာသည်၊ ၊ဒေဝါ သိကြား နေရာအား။

[ဤကား သိကြားနေရာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ ပူကြောင်း စကားရပ် မှတ်ဖွယ်တည်း။
ဒသနိပါတ် ကဏှဇာတ်မှာ ကြည့်လေ၊ ၎င်းဇာတ်၌ ငါးပါး*သာလာသည်၊ပကိဏ္ဏကနိပါတ် စန္ဒကိန္နရီဇာတ် (၂၀၇) ၌ သောကကြောင့် ပူကြောင်း လာသည်ဖြစ်၍ ခြောက်ပါးဟု မှတ်လေ။]

---

## သူ့မယားပြစ်မှားခြင်းအပြစ် ၄-ပါး

၉၀။ အကုသလာ၊ ရလေပါ၍၊ ပိုရာဆန္ဒ၊ မအိပ်ရခဲ့၊ ရှုပ်ချဖွယ်ရာ၊ နောင်လာဘဝ၊ ငရဲကျသည်၊ ၊ရှောင်ကြ လေကား သူ့မယား။

---

မှတ်ချက်။ ။*ကဏှဇာတ်စာအုပ်မူများ၌ ၄-ပါးသာပါရှိလေသည်။

[ဤကား သူ့မယားကို ပြစ်မှားရာ အပြစ်လေးပါး ရောက်ကြောင်း စကားရပ် မှတ်ဖွယ်တည်း၊ ဓမ္မပဒ (၃၀၀) လာ။]

---

## မိန်းမတို့အပါယ်လားကြောင်းတရား၅-ပါး

၉၁။ သဒ္ဓါမရှိ၊ ဟိရီ,ဩတ္တပ္ပ၊ ကင်းထလေရာ၊ ပညာမဲ့ငြား၊ လင်စောင်ထားက၊ လားလိမ့်ပါယ်ရွာ၊ ဘုံခလေးဖြာ ဝယ်၊ ။ချာချာမစဲ နစ်လေမြဲ။

[ဤကား မာတုဂါမတို့ အပါယ်လားကြောင်း ငါးပါး စကားရပ် မှတ်ဖွယ်တည်း၊ ။သင်္ဂါယတန သံယုတ်ပါဠိတော် အတိစာရီသုတ် (၄၃၉) မှာ ကြည့်လေ၊ နတ်ရွာလားကြောင်း ငါးပါးကိုလည်း ဗျတိရေကနည်းဖြင့် သိလေ။]

---

## နတ်တို့စုတေခါနီး နိမိတ် ၅-ပါးထင်ပုံ

၉၂။ ပန်သည့်ပန်းညှိုး၊ ပုဆိုးတဖြာ၊ ကိုယ်မှာ မလှ၊ ထွက်ထယိုစီး၊ လက်ကတီးချွေး၊ ပူဆွေးနေရာ၊ မပျော်ပါခွဲ၊ မရဏာသန္န၊ နိမိတ်ပြက၊ သုံးဝစကား၊ မှာလိုက်ထားသည်၊ ။တရားသံဝေ ရကြစေ။

[ဤကား နတ်တို့စုတေခါနီးနိမိတ်ငါးပါးထင်ကြောင်း စကားရပ် မှတ်ဖွယ်တည်း။

နတ်ပြည်၌ နတ်တို့စုတေခါနီး၌ နိမိတ်ငါးပါးထင်လျှင် တပါးနတ်တို့က စကားသုံးခွန်း မှာလိုက်၏-ဟူလိုသည်၊ နတ်ပြည်မှာသာမဟုတ် လူ့ပြည်မှာလည်း ဘုန်းကံရှိသော သူတို့အား ဤငါးပါးပင်ထင်၏-ဟု အဋ္ဌကထာ၌ လာသည်။

သာသနာတော်ကရဟန်းတို့ ရွှေ့လျောလိုလျှင်လည်း ဤငါးပါးပင်ထင်လေသည်၊ ရဟန်းမှာမူကား သဒ္ဓါကိုပန်း, သီလကိုပုဆိုး, အကျော်အစောမွဲသည်ကို အဆင်းမလှ, လောဘစသော ကိလေသာကိုချွေး, တောသစ်ပင်ဆိတ်ငြိမ်ရာကို ဘုံဗိမာန်ယူလေ။

စကားသုံးခွန်းမှာ-သုဂတိဘုံသို့သွားပါလေ, လာဘ်ရအောင်ရှာပါလေ,လာဘ်၌မြဲပါလေ ဤသုံးပါးတည်း၊ ၊ သုတ္တသင်္ဂဟ ဒေဝါဝစနသုတ်မှာ အကျယ် ကြည့်လေ။]

## ခင်ပွန်းယုတ်လက္ခဏာ ၁၆-ပါး

၉၃။ မရှင်တပါး၊ မသနားတချက်၊ မနှစ်သက်မှာ၊ နှစ်ပါးရှာလေ၊ မြစ်ထာမကြား၊ သုံးပါးချီးမွမ်း၊ ခင်ပွန်းရန်သူ၊ နှစ်ပါးယူရှင့်၊ ရှေးရှုကြည့်ခါ၊ စိတ်မပါခဲ့၊ စောင့်ရာတရား၊ မစောင့်ငြားတည့်၊ စီးပွါးမဲ့ရာ၊ နှစ်သက်စွာလျက်၊ ဆန့်ကျင်ဘက်ပြု၊ စားမှုသောက်ရာ၊ ရသောခါလည်း၊ နေရာကမှ၊ မတောင်း,တခဲ့၊ မိတ္တမမှန်၊ ဆယ့်ခြောက်တန်ကြောင့်၊ ဇကန်မုချ၊ အမိတ္တစစ်၊ ခင်ပွန်းညစ်ဟု၊ စင်စစ်ဉာဏ်နှော၊ သိစိမ့်ဖွေသည်၊ ၊လေးခထွေမျိုးသား ကျင့်တရား။

[ဤကား ခင်ပွန်းယုတ်လက္ခဏာ တဆယ့်ခြောက်ပါး စကားရပ် မှတ်ဖွယ်ဘည်း၊ ၊ခင်ပွန်းကောင်း တဆယ့်ခြောက်ပါးကိုလည်း ဗျတိရေကနည်းဖြင့်ယူလေ၊ ၊ဥဒ္ဒါနသန်ပါတ် မိတ္တာမိတ္တဇာတ် (၁၉၇) မှာ ကြည့်လေ။

မနှစ်သက်နှစ်ပါးမှာ-မြင်၍မနှစ်သက်, စီးပွါး၌ မနှစ်သက်ယူလေ၊ မြစ်ထာမှာလည်း သူတပါးကဲ့ရဲ့သင့်ဟ်ဆိုသည်ကို မမြစ်ထာယူ၊ မကြားမှာလည်း မိမိလျှို့ဝှက်အပ်သောအမှုကို မကြားဆိုလိုသည်၊ သုံးပါးချီးမွမ်းမှာလည်း ရန်သူတို့အကျိုးမဲ့ဆိုသည်ကို ချီးမွမ်းသည်၊ အဆွေ

ခင်ပွန်းအမှုကို မချီးမွမ်း,ပညာရှိဂုဏ်ကျေးဇူးကို မချီးမွမ်း ဆိုလိုသည်။

ခင်ပွန်းရန်သူ ဟူရာ၌ အဆွေခင်ပွန်းကိုမမှီဝဲ၊ ရန်သူကို မှီဝဲသည် ဆိုလိုသည်၊ အဆွေခင်ပွန်း မလျှို့ဝှက်အပ်သောအမှုကို မစောင့်သည် ဆိုလိုသည်။]

## မြို့ရွာအစ ၄-ပါး

၉၄။ မနုဿနှင့်၊ ဓည,ဒါရု၊ ဥဒကအစ၊ ဤလေးဖြာသည်၊ ၊မှန်စွာမမှား မြို့ရွာအား။

[ဤကား မြို့ရွာအစလေးပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ပကိဏ္ဏကနိပါတ်, ဘိဿဇာတ် (၃၁၀) ၌လာ။]

## အတတ်ပညာ ၁၂-ပါး

၉၅။ ဆင်,မြင်း,ရထား၊ လက်နက်အားနှင့်၊ လေးမြားတမျိုး၊ လက်ဆစ်ချိုးတခန်း၊ ဂဏန်းအတွက်၊ လက်ရေး,ကဗျာ၊ လောကာယတ၊ သုံးဝပညာ၊ အမှုပါနှင့်၊ ဆယ့်နှစ်ဖြာအတတ်၊ သင်လေအပ်သည်၊ ၊မှတ်ကြအမြဲ နယစွဲ။

[ဤကား အတတ်ပညာ တဆယ့်နှစ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ဥဒါန်းပါဠိတော်(၁၁၃)နှင့် ၎င်းအဋ္ဌကထာ(၁၈၄)လာ။

တဆယ့်ရှစ်ပါးအတတ်- ပိဋကတ်သုံးပုံနှင့်သော် တဆယ့်ကိုးပါးအတတ်, အရာမကသောအတတ်ဟူ၍ ရှိသည်၊ ဤနည်းကိုယူ၍ ဗေဒင်, ဓမ္မသတ်, လောကနီတိ စသောအတတ်တို့ကို နည်းယူလေ၊ ပညာရှိအမှုကို သုံးဝပညာဆိုသည် တခုယူလေ၊ ၊အတွက်မှာ အပေါင်းအတွက် ဆိုလိုသည်။]

## စကြဝဠာကမ္ဘာတသိန်းအာဏာနှံ့သောပရိတ် ၇-သုတ်

၉၆။ ရတနသုတ်၊ ခန္ဓသုတ်ပြာ၊ အာဋာနာဋိယ၊ မောရ, ဓဇဂ်၊ ဤငါးချက်မှာ၊ ပါရာဇိကကဏ်၊ တဖန်လာထ၊ ဗောဇ္ဈင်နှင့်၊ မေတ္တသုတ်မှာ၊ တကျမ်းလာသည်၊ ၊စကြာဝဠာ သိန်းတွင်း နှံ့လိမ့်မင်း။

[ဤကား စကြဝဠာကုဋေတသိန်း အာဏာနှံ့သော ပရိတ် ၇-သုတ် စကားရပ် မှတ်ဖွယ်တည်း။]

## စတုမဓု ၄-ပါး

၉၇။ နှမ်းဆီ,ထောပတ်၊ ရောစပ်မခြား၊ သကာ,ပျားဟု၊ ဤလေးခုကို၊ စတုမဓု၊ ကျမ်းဝယ်ယူသည်၊ ၊လူလေကြည်နူး ဒါနထူး။

[ဤကား စတုမဓုလေးပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊သုတ်သီလက္ခန်အဋ္ဌကထာနိဒါန်းမှာ ကြည့်လေ။]

## ကဏ္ဍရသေ့၏ဆု ၄-ပါး

၉၈။ သုနိက္ခောဓ၊နိဗ္ဗေဒါသနှင့်၊ နိလ္လောဘတထွေ၊ နိသနေပဟာ၊ ဆုလေးဝကို၊ ၊ယူထခလေဖြား ရသေ့အား။

[ဤကား ဘုရားလောင်း ကဏ္ဍရသေ့ယူသည့် ဆုလေး ပါးစကားရပ် မှတ်ဖွယ်တည်း၊ ၊ဒသနိပါတ် ကဏှဇာတ် ကေချပ် ၁၀-မှာ အကျယ်ကြည့်လေ။

ဘုရားလောင်းနည်းကိုယူ၍ ဤဆုလေးပါးကို ယူလေ ဆိုလိုသည်၊ ၎င်းနိပါတ်မှာ အကျယ်ကြည့်လေ။]

## ဘုရားလောင်းအိပ်မက် ၅-ပါး

၉၉။ မြေကြီးဟိမဝန္တာ၊ သမုဒ္ဒရာခြေလက်၊ နေ့ဇာ မြက်နှင့်၊ ဖလောက်တက်,ငှက်ဖြူနည်းတူထို့ပြင်၊ မစင်တောင်

ဖျား၊ စင်္ကြံသွားက၊ ငါးပါးအိပ်မက်၊ မြင်လေမက်သည်၊ ဆက်ဆက်ဘုရား ဖြစ်မည်လား။

[ဤကား ဘုရားလောင်းအိပ်မက်ငါးပါးစကားရပ်မှတ်ဖွယ်တည်း။

၁။ မြေကြီးအိပ်ရာ, ဟိမဝန္တာ ခေါင်းအုံး, အရှေ့သမုဒ္ဒရာကိုလက်ဝဲ,အနောက်သမုဒ္ဒရာကိုလက်ျာ, တောင်သမုဒ္ဒရာကို ခြေနှစ်ဖက်ထား၍ အိပ်မက်ခြင်းသည်၊ သဗ္ဗညုတာလေးပါးကို သိခြင်း နိမိတ်တည်း။

၂။ နေဇာမြက် ချက်မှတက်၍ကောင်းကင်သို့ ထိခြင်းသည် အရိယာမဂ်ကိုရခြင်းနိမိတ်တည်း။

၃။ ဖြူသောကိုယ်ရှိသော မဲသောခေါင်းရှိသော ပိုးလောက် ခြေမှတက်၍ ဒူးဆစ်ကိုဖုံးလွှမ်းခြင်းသည် ပုဆိုးဖြူဝတ်သောသူ အသက်ထက်ဆုံး ကိုးကွယ်ခြင်းနိမိတ်တည်း။

၄။ အထူးထူးသော အဆင်း ရှိသော ငှက်လေးကောင် လေးမျက်နှာကလာ၍ ခြေရင်း၌ ဝပ်၍ အလုံးစုံဖြူခြင်းသည် အမျိုးလေးပါး ရဟန်းပြု၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းနိမိတ်တည်း။

၅။ မစင်တောင်ထက် မစင်မလိမ်းမကျံဘဲ စင်္ကြံကြွတော်မူ၏ဟု မက်ခြင်းသည်ပစ္စည်းလေးပါးကိုရ၍ အမုစ္ဆိတ,အာဒီနဝဒဿာဝီ,နိဿရဏပညာဖြင့် သုံးဆောင်ခြင်းနိမိတ်တည်း၊ အင်္ဂုတ္တိုရ် (၂၁၁) လာ။]

---

## တကာတို့ကုသိုလ်ပွားကြောင်းအင်္ဂါ ၅-ပါး

၁၀၀။ စိတ်ကြည်ညိုက၊ လားထနတ်ရွာ၊ နေရာခင်းထား၊ ရှိခိုးငြားမူ၊ ကြီးမားမျိုးမြတ်၊ ပေးလတ်ဒါန၊ ဘောဂမဟာ၊

ပုစ္ဆာမေးငြား၊ တရားနာသူ၊ ပညာဟူလိမ့်၊ ထို့တူမယွင်း၊ ဝန်တိုကင်းက၊ ကြီးခြင်းတန်ခိုး၊ ငါးမျိုးပုည၊ စိုက်ပျိုးရသည်၊ မုချမမှား တကာအား။

[ဤကား သီလဝန္တရဟန်း အိမ်သို့ကပ်ရာ တကာတို့အား ကုသိုလ်ပွားကြောင်း ငါးပါးစကားရပ်မှတ်ဖွယ်တည်း၊ အင်္ဂုတ္တိုရ်ပဥ္စကနိပါတ် (၂၁၃) မှာကြည့်လေ။]

---

## အကုံရ၏အလှူကြီးပေးရာ အမှုဆောင်အဖွဲ့

၁၀၁။ စားဖိုသည်သုံးသောင်း၊ ခြောက်သောင်း ထင်းခွဲ၊ ကိုင်စွဲယောက်မ၊ ထောင်းထစပါး၊ စွန်းငြားခြောက်ထောင်၊ တသောင်းနောင်ဝယ်၊ ဆောင်လေအမြဲ နှုတ်ဝယ်စွဲ။

[ဤကား အကုံရအိမ်၌ ဆန်လှည်းအစီး ခြောက်သောင်းတိုက် အလှူကြီးပေးရာ အမှုဆောင် စကားရပ်မှတ်ဖွယ်တည်း။

ဤအလှူသည် သာသနာပဖြစ်၍ သာသနာတွင်း တဟင်းချိုတယောက်မ အလှူကိုမတူ့မမှီဟု ဟောတော်မူသည်၊ ဤတရားကိုနှလုံးထား၍ကြိုးစားအားထုတ်မိစေ ဆိုလိုသည်။]

---

## သုဘာသိတဝါစာ အင်္ဂါ ၅-ပါး

၁၀၂။ သစ္စ,သဏှ၊အတ္ထ,ကာလာ၊မေတ္တာရှေ့ရှု၊ဤငါးခုကြောင့်၊ သုဘာသိတ၊ မည်လေရသည်၊ ၊ဆိုကြ စကားအကျိုးများ။

[ဤကား သုဘာသိတဝါစာအင်္ဂါငါးပါး စကားရပ်မှတ်ဖွယ်တည်း၊ အင်္ဂုတ္တိုပါဠိတော် (၂၁၃) လာ။]

# နိဂုံး

## ကျမ်းပြုဆရာ၏ဇာတိ,ပဝတ္တိနှင့်

## ကျမ်းစာစီရင်သော ခု,နှစ်

၁၀၃။ (က)စစ္စာပကာတူး၊ မြို့တည်ဦးက၊ ကဒူး ဘာသာ၊ သဒ္ဒါသုံးချက်၊ ဒွန်တွဲဖက်၍၊ ခုထက်မကင်း၊ဒီပဲရင်း၏၊ နယ်တွင်းအဝင်၊ မြောက်လက်ခွင်ဝယ်၊ မုန်တိုင်ပင်ရွာ၊ ရပ်ဂါမာ၌၊ ဝံသာဘိလင်္ကာရ၊ ဓဇနောက်လာ၊ မဟာဓမ္မ၊ရာဇဂုရု၊ ခြောက်ခုအက္ခရာ၊ တံဆိပ်စာနှင့်၊ သဃ်ာများဖ၊ မြတ်လှဆရာ၊ ကျမ်းတိုင်းရှာ၍၊ ကောဇာသက္ကရာဇ်၊ ရေတွက်စစ်သော်၊"အစ်နှင့်နှစ်နောက်၊ လှောက်ဖလေသုည၊ ချလေတသွယ်၊သုံးခုကယ်လိမ့်"၊ခြောက်ဆယ်အသက်၊တက်သည်သုံးနှစ်၊ ဝါဝယ်ဖြစ်မူ၊ လေးဆယ်ဟူလိမ့်၊ လ,မူတန်းခူး၊ ကျော်ထူးအထွက်၊ ဆယ့်နှစ်ရက်ဝယ်၊ သုံးသွယ်ဂမ္ဘာ၊ ဓမ္မသာလာ၊ ဓမ္မာသန၊ ဝိဟာရ၌၊ နေထလျှက်လျှင်၊ ထုတ်စီရင်သည်၊ ၊လူရှင်အများ နှုတ်ဝယ်ထား။

[ဤကား သုံးပုံလှေခါးပမာ ဤစာကို စီရင်သော ကောဇာသက္ကရာဇ်နှစ်တည်း။]

---

## ကျမ်းစာ၏ အခြင်းအရာ,ဥပမာ,ဥယျောဇဉ်

၁၀၄။ (ခ) စကားအရာ၊ သိသာလွယ်အောင်၊ ပမာဆောင်ပိမ့်၊ ကြီးခေါင်စွင့်စွင့်၊ သစ်ပင်မြင့်ထက်၊ သီးလင့်တုံငြား၊သစ်သီးအားကို၊စားလိုတုံထ၊ ရလိုတုံလျှက်၊ မဘက်နိုင်ပါ၊အစာမဝ၊ဗလန့်ပါး၊ ပိန်သောအားကြောင့်၊ အနားပင်ရင်း၊ရောက်တုံလျှင်းလည်း၊ လည်ပင်းမျှော်ကာ၊ လူပိန်တာ

များ၊ကြည့်သောလားသို့၊သုံးပါးသာသနာ၊တွေ့ကြုံမိပါလျက်၊ သုံးဖြာပရိယတ်၊ပိဋကတ်နား၊ရောက်ပါငြားလည်း၊သင်ကြား ခြင်းငှါ၊မစွမ်းပါ၍၊ သုံးဖြာဓမ္မ၊ မသိကြဘဲ၊ ယောင်တတသာ၊ ဉာဏ်ပိန်တာများ၊ နေသောအားကြောင့်၊ထက်ဖျားသစ်ပင်၊ တက်စိမ့်ဆင်သို့၊ သိခွင်ဓမ္မ၊ သိကြစိမ့်ငှါ၊ သုံးဖြာလှေခါး၊ ငင်းခဲ့ထားသည်၊ ၊ထက်ဖျားဉာဏ်နေ ဆွဲတက်လေ။

[ဤကား စာ၏အခြင်းအရာ,စာ၏ဥပမာ,တိုက်တွန်း သော ဥယျောဇဉ်တည်း။]

---

## ကျမ်းပြုဆရာ၏ ဆုတောင်း

၁၀၅။ (ဂ)သုံးပုံလှေခါး၊ တက်သွားစိမ့်ငှါ၊ ခင်းပါ ရသား၊ ကုသိုလ်အားကြောင့်၊ လှေခါးပမာ၊ ဉာဏ်ပညာနှင့်၊ နောင်လာဘဝ၊ ဖြစ်ပါရစေ—

ငါးထွေကာယ၊ ဘုံဘဝမှ၊ ကင်းလွတ်ရာ၊ နိဗ္ဗာနတာသို့၊ များစွာဝေနေ၊ ပေါင်းတထွေကို၊ ရောက်စေခြင်းငှါ၊ ရှစ်ဖြာ တရား၊ မဂ်လှေခါးဖြင့်၊ ထက်ဖျားရောက်အောင်၊ ပို့ဆောင် ကယ်ရပါလို၏။

ဗုဒ္ဓသာသနာ၊ မြတ်သုံးဖြာကို၊ ဓမ္မာနုဂ္ဂဟာ၊ ချီးမြှောက် ရကျိုး၊ ထက်မိုးကောင်းကင်၊ ကဲ့အသွင်သို့၊ ဂုဏ်အင်ကြီးလှ၊ မိ,ဖ,ဘိုးဘွား၊ ထွတ်ထားဆရာ၊ ပြည်ရွာသခင်၊ ရေမြေ ရှင်နှင့်၊ ကိုယ်တွင်မပြတ်၊ စောင့်သည်နတ်မှ၊ သုံးရပ်ဘုံသူ၊ နတ်နှင့်လူကို၊ အတူရစေ၊ ပေးဝေသည်၊ ျ္သေဦးခိုက်၊ ပွဲတင်ရိုက်မျှ၊ ၊နှစ်ခြိုက်သာဓုခေါ်စေသော်။ ။

**သုံးပုံလှေခါးစာ ဤတွင်ရှေပြီး၏။**

## ပေစာကူးသက္ကရာဇ်

[သက္ကရာဇ် ၁၂၁၃-ခု၊ နတော်လဆန်း ၁၂-ရက်၊ ၄-ဟူး နေ့တွင် "သုံးပုံလျှော့ခါးစာ"ကို ရေးကူးတင်၍ ပြီးအောင် မြင်သည်။]







# သုံးပုံတံတားကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ရှိခိုးခြင်းပဏာမ

၁။ သုံးပါးရတနာ၊ မြတ်ဆရာကို၊ သဒ္ဓါစုံမက်၊ နှစ်သက်ဝမ်းသာ၊ ရှိခိုးပါ၏၊ များစွာကျမ်းထွက်၊ စကားနက်ကို၊ ဆောင်ရွက်ဖွယ်ရာ၊ ညွှန်းလိုက် မှာသည်၊ ၊မကွာ နှုတ်ထဲ ဆောင်အမြဲ။

## နည်းပေါင်း ၂၄၀

၂။ (က)နည်းပေါင်း မှတ်ဖွယ်၊ အကျဉ်းသွယ်ပိမ့်၊ အကျယ်ကိုလို၊ သူ့စာကိုယ်၌၊ ထိုထိုပြယုဂ်၊ ကျမ်းတိုင်းထုတ်၍၊ မယုတ်စုံစီ၊ရှိလေပြီတည့်၊ ပစ္စာသန္န၊ ပဌာနနှင့်၊ နိဒ္ဒေသနတခု၊ ဥပလက္ခဏာတဖြာ၊ ပစ္စာသတ္တိ၊ အဝိနာဘာဝ၊

ယောဘုယျနှင့်၊ တဗ္ဗဟုလတဖြာ၊ နာနန္တရိက၊ ဘိန္နသတ္တိ၊မိဂါ
ပဒ၊ သိလေသနှင့်၊ ဒီပ,တဖန်၊ တန္တတခန်း၊ခေါ်မှန်းသညာ၊
အသာဓာရဏ၊ပေါင်းထဆယ့်ငါး၊ နည်းအပြားကို၊နှုတ်ဖျား
မကွေ စွဲမိစေ။

(ခ) ကေသေသ၊ သာမညနှင့်၊အမ္ဗသေစနတတန်၊စန္ဒြ
ကန္တ၊ သူရိယနှင့်၊ မဟိရူဟမည်ရှိ၊ အာဝတ္တိတည့်၊အမိကာရ၊
လိုက်ထလေတုံ၊ ပုညဉာဏ၊ သမ္ဘာရနှင့်၊ တူကွမပြား၊
ချန်ထား၍ဟော၊ ဂေါဗလိဗဒ္ဒ၊ အာဝတ္တနှင့်၊ သုံးဝယထာ၊
နာဝါ,သကဋ၊ပေါင်းထဆယ့်ငါး၊နည်းအပြားကို၊ ၊စကား
ထွေထွေ ခမေးတတ်စေ။

(ဂ) အာဒိ,မဇ္ဈေ၊ တထွေအန္တ၊ဂုဏ,ဒဗ္ဗ၊ကြိယာနှင့်၊
ကိုးဖြာဒီပက၊ ရုက္ခဥ္စဝယ်၊ ငှက်သဖွယ်တည့်၊ ဆင်စွယ်ဖြတ်
နည်း၊ တနည်းပွတ်ဟန်၊ဆွမ်းခံသောထွေ၊ မြွေအရေလဲ၊ ယူမြဲ
လွန်ထ၊ တိဿယနှင့်၊ အဝုတ္တသိဒ္ဓိ၊ ဗျတိရေက၊ပြန်ထအနက်၊
သစ်ပင်တက်ပမာ၊ ရုက္ခာရူဠှ၊ မဂ္ဂက္ကမကား၊ ခရီးသွားပမာ၊
ကာကောလောကန၊ နယမည်ရှိ၊ မျက်စိတဖက်၊ ကျီးကန်း
ငှက်လျှင်၊ နှစ်ချက်ကိုပင်၊ ကြည့်သောသွင်သို့၊ ထို့ပြင်တခြား၊
နွားရိုင်းဖမ်းတချက်၊ အနက်ရောက်ရာ၊ အတ္တာပန္န၊ ကြွင်းက
ယူရ၊ ပါရိသေသ၊ ဆယ့်ငါးဝတွင်၊ ကိုးချက်ဝင်၍၊ သုံးပျှင်
စွန်းကယ်၊ နှစ်ဆယ်သောနည်း၊ သိပ်သည်းဖြာဖြာ၊ ကျမ်း
အလာကို၊ ၊ဆရာဆွေးနွေး တွေ့တိုင်းမေး။

(ဃ) ရူဠှိ,အန္ဝတ္ထ၊ နေယျတ္ထနှင့် ဘူတပုဗ္ဗဂတိ၊ နိတတ္တ
တဖြာ၊ ဝဏ္ဏာဂမ၊ ဝိကာရနှင့်၊ လောပဝိပရိယာ၊ အတ္တာ
တိဿယ၊ ငါးဝနိရုတ္တိ၊ ဝိဘတ္တိဝစန၊ လိင်္ဂအက္ခရာ၊ ပြန်ရာ
ကာလ၊ ပုရိသနှင့်၊ ပေါင်းထခြောက်ဖြာ၊ ဝိပ္ပလ္လာသ၊ အဘေဒ

နှင့်၊ ဥက္ကဋ္ဌတထွေ၊ ဧကဒေသ၊ တွက်ကြံဆယ့်ကိုး၊ နည်းအမျိုးကို၊ ၊ထိုးထွင်းလေကား စာသင်သား။

(င) ခုနစ်ဆယ်နှစ်ပါး၊ နည်းအပြားမှ၊ တခြားထို့ပြင်၊ ကြိုလျှင်စုတ်နည်း၊ ရေချိုးနည်းနှင့်၊ မီးယူတသွယ်၊ နွားငယ်အမိ၊ တိုက်သဘိသို့၊ မည်ရှိတွင်ထ၊ ဂေါဝစ္ဆနည်း၊ ကြိုးချည်နည်းမှ၊ မဏ္ဍုကဖါး၊ ခုန်သွားသောနည်း၊ စီးသည်မြစ်ရေ၊ ကြည့်လေခြသေ့်၊ မင်္ဂလတမျိုး၊ တောင်ကျိုးသောနည်း၊ တနည်းသားဖွား၊ တပါးကမောက္ကမ၊ ရေးထပန်းချီ၊ တညီအနုလောမ၊ ပဋိလောမတဖြာ၊ ဝတ္တိစ္ဆာနု ပုဗ္ဗိက၊ မည်ရတခန်း၊ ရဟန်းသွားနည်း၊ တသီးသညာ၊ သုခုစ္စာရဏာ၊ သိလိဋ္ဌနှင့်၊ ဆင်ထတန်းဆာ၊ ဝစနာလက်ာရ၊ ပစ္စုန္နာဂတိ၊ တူဘိပမာ၊ မိုးရွာသောဟန်၊ ဂမျမာန်နှင့်၊ တဖန်လုတ္တနိဒ္ဒိဋ္ဌ၊ ဧကတ္တမှ၊ နာနတ္တ ဓမ္မတာ၊ အဗျာပါရ၊ တွင်ထမည်ရှိ၊ တိပုက္ခလ၊ အက်ုသနှင့်၊ ဝိက္ကိဋ္ဌိတ တဖြာ၊ ဒိသာလောစန၊ လေးဝရုံးစည်း၊ နေတ္တိနည်းတည့်၊ တသီးခြောက်ဖြာ၊ ဆနည်းမှာမူ၊ ပတ္တာရ ဥဒ္ဒိဋ္ဌ၊ နဋ္ဌတရပ်၊ အဒ္ဓကြိယာ၊ စဉ်လာပေါင်းချုပ်၊ ဝုတ္တသချာ၊ အဒ္ဓါ, နယ၊ ညွှန်ပြခြောက်ချက်၊ ဆန်းကထွက်ရှင့်၊နည်းခက်, နည်းဆန်း၊ ကျမ်းပဋ္ဌာန်းထွက်၊ ခြောက် ချက်၊ လေး သွယ်၊ နှစ်ဆယ်လေးပစ္စည်း၊ ပဋ္ဌာန်းနည်းနှင့်၊ ယှဉ်မှီးသမုပ္ပါဒ်၊ ဆယ့်နှစ်ရပ်တည့်၊ နှစ်ဆယ့်သုံးရပ်လက်ာ၊ သုံးဆယ့်ငါးဖြာတဝ၊ ကိုးဗျဂ္ဂနှင့်၊ သုံးဝသံဝဏ္ဏနာ၊ များစွာအနန္တ၊ ညွှန်ပြမဆုံး၊ အကျဉ်းရုံးသည်၊ နှလုံးဉာဏ်နေ နက်လှစေ။

[နည်းပေါင်းနှစ်ရာ့လေးဆယ်ပြီး၏။]

## ပဋိစ္စသမုပ္ပါဒ် စက်ဝဲ

၃။ အဝိဇ္ဇာ, သင်္ခါရ၊ ဖြစ်ကတဖန်၊ ဝိညာဏ်, နာမ်,ရုပ်၊ ဖြစ်, ချုပ်တုံစွာ၊ သဠာယတန၊ ဖဿ, ဝေဒနာ၊ တဏှာ, ဥပါဒါန်၊ နှစ်တန်ဘဝ၊ ဖြစ်ချတုံဘိ၊ ဇာတိတဖြာ၊ ဇရာ,မရဏာ၊ ဆယ့်နှစ်ဝဲ၊ ပင်လယ်ထဲ၌၊ မစဲမဆုံး၊ ရေမျောတုံးသို့၊ ရှည့်ကျုံးကမ္ဘာ၊ မျောလေရာခဲ့၊ သံသရာစက်၊ ဝဲမှထွက်အောင်၊ ကိုးချက်လုံ့လ၊ ဝီရိယကို၊ ၊နေ့ညမကင်း မြဲစေမင်း။

[ဤကားပဋိစ္စသမုပ္ပါဒ် ဆယ့်နှစ်ရပ် စက်ဝဲစကားရပ် မှတ် ဖွယ်တည်း၊ ဝီရိယစေတသိက် ကိုးဌာနတပ်သည်ကို ယူလေ။]

---

## ပဋိစ္စသမုပ္ပါဒ်တွင် သောကစသော တရား ၅ ပါး မပါဝင်ပုံ

၄။ သောကမည်ရှိ၊ ပရိဒေဝ၊ ဒုက္ခသဘော၊ ဒေါမနဿတဖြာ၊ ဥပါယာသ၊ ဤငါးဝကား၊ မုချမဟုတ်၊ သရုပ်အရ၊ ကျိုးစက်မျှဟု၊ ညွှန်ပြအဋ္ဌကထာ၊ ကျမ်းဝယ်လာသည်၊ ၊ အင်္ဂါမသွင်း လွတ်ရခြင်း။

[ဤကား ဇာတိ၏ မုချအကျိုးမဟုတ်၊ အကျိုးဆက်မျှသာဖြစ်၍ ဆယ့်နှစ်ပါးအင်္ဂါတွင် မဝင်ကြောင်း စကားရပ်မှတ်ဖွယ်တည်း။]

---

## အစွန့်သုံးပါး

၅။ တဆယ့်နှစ်ခု၊ တရားစုတွင်၊ နှစ်ခုရှေ့ဖျား၊ အတိတ်ထားလော့၊ နောက်ဖျားနှစ်ဝ၊ နာဂတ်ကြလိမ့်၊ ရှစ်ဝအလယ်၊ ခေါ်ဖွယ်မယုတ်၊ ပစ္စုပ္ပန်၊ သုံးကာလသည်၊ ၊မုချမယွင်း သိစေမင်း။

[ဤကား အစွန့်သုံးပါး စကားရပ် မှတ်ဖွယ်တည်း။]

## အကြောင်းတရားငါးပါး

၆။ အ-သင်-တ-ဥ၊ ရှုလေဘဝ၊ ဤငါးဝကို၊ မုချမယွင်း၊ အကြောင်းသွင်း။

[ဤကား အကြောင်းတရား ငါးပါး စကားရပ် မှတ်ဖွယ်တည်း။

အ-မှာ အဝိဇ္ဇာ၊ သင်-မှာ သင်္ခါရ၊ တ-မှာတဏှာ၊ ဥ-မှာ ဥပါဒါန်၊ ဘဝ-မှာ ကမ္မဘဝကိုယူလေ။ အစပ်သုံးခု၊ အလွှာလေးခု၊ အခြင်းအရာ နှစ်ဆယ်ဟူသည်လည်း ဤစကားရပ်ကိုပင် ယူလေ။
အတိတ်က အကြောင်းငါးပါးတစပ်, ပစ္စုပ္ပန်က အကျိုးငါးပါးတစပ်,ပစ္စုပ္ပန်က အကြောင်းငါးပါးတစပ်,အနာဂတ်အကျိုးငါးပါးတစပ် ယူလေ၊ အတိတ်စပ်,ပစ္စုပ္ပန်စပ်, အနာဂတ်စပ် ဆိုလိုသည်။]

---

## အကျိုးတရား ၅-ပါး

၇။ ဝိညာဏနှင့်၊ နာမ,ရုပ်၊ သဠာယတန၊ ဖဿ, ဝေဒနာ၊ ဤငါးဖြာကို၊ မှန်စွာမယွင်း အကျိုးသွင်း။

[ဤကား အကျိုးတရားငါးပါး စကားရပ် မှတ်ဖွယ်တည်း။]

---

## ဝဋ္ဋသုံးပါး

၈။ သုံးပါးဓမ္မ၊ ကိလေသတည့်၊ ကမ္မမှာမူ၊ နှစ်ပါးယူလော့၊ ထို့တူတဝ၊ ဝိပါကမှာ၊ ရှစ်ပါးလာသည်၊ ။ချာချာမစဲ သုံးဖြာဝဲ။

[ဤကား ဝဋ္ဋသုံးပါး စကားရပ်မှတ်ဖွယ်တည်း၊ သုံးပါးမှာ-အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ကိုဟူလေ၊နှစ်ပါးမှာ-သင်္ခါရနှင့် ကမ္မဘဝတစိတ်ကိုယူလေ၊ ရှစ်ပါးမှာ-အကြွင်းကိုယူလေ။]

## အညာနိဗ္ဗာန်ဆန်သင့်ကြောင်းစကားရပ်

၉။ ကာလသုံးစဉ်၊ ဝဲယဉ်သုံးထပ်၊ အစပ်သုံးခု၊ စတုသင်္ခေ၊ တွက်ရေဝိသ၊ အာကာရတည့်၊ ပဋိစ္စသမုပ္ပါဒ်၊ ဟောမှတ်လေတွဲ့၊ ဟိတ်,ဖိုလ်ချဲ့သား၊ တဆယ့်နှစ်အင်၊ ဒွါဒသင်နှင့်၊ ညွှန့်ရှင်ကျိုးဆက်၊ အဆက်ဆက်ကို၊ လွန်ထွက်နိုင်ကြောင်း၊ ကောင်းသည်လို့လ၊ အားထုတ်ကြလော့၊ မြစ်မနှစ်မြွာ၊ နှုတ်ဖြတ်ခွါ၍၊ အညာနိဗ္ဗာန်၊ သူတော်ထံကို၊ ၊ ဆန်လေမနှေး လွတ်လိမ့်ဘေး။

[ဤကား ပဋိစ္စသမုပ္ပါဒ်စက်ဝဲကထွက်၍ အညာနိဗ္ဗာန် သူတော်ထံသို့ ဆန်သင့်ကြောင်း စကားရပ် မှတ်ဖွယ် တည်း။]

---

## အသက်ရှည်ကြောင်းတရား ၅-ပါး

၁၀။ သပ္ပါယနှင့်၊ မတ္တာတဖြာ၊ သွားခါကာလ၊ ကျင့်ထအမြတ်၊ စားလတ်အစာ၊ ကျေစေရာသည်၊ ၊မှန်စွာမလွဲ သက်ရှည်မြဲ။

[ဤကား အသက်ရှည်ကြောင်းငါးပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊အင်္ဂုတ္တိုရ်ပဉ္စက ဒုကနိပါတ် (၁၂၀)လာ။]

---

## သမဏာသုခ ၅-ပါး

၁၁။ လေးပါးပစ္စည်း၊ နည်းစေတပ်ခြင်း၊ ကျင့်ငြင်းမေ့လျော့၊ ဤငါးဖေါ်သည်၊ ၊ခေါ်လေမှုချ ငါးသုခ။

[ဤကား သမဏာသုခငါးပါး စကားရပ် မှတ်ဖွယ် တည်း၊ သမဏဒုက္ခ ငါးပါးကိုလည်း ပြန်၍သိလေ၊ ၊ငင်း (၁၂၉) လာ။]

## ဒုက္ကထာ ၅-ပါး

၁၂။ သဒ္ဓါ,သီလ၊ သုတမရှိ၊ မစ္ဆရိယ၊ ဒုပ္ပညဟု၊ ငါး၀ ပုဂ္ဂိုလ်၊ ဆိုနိုင်ခဲ့ခက်၊ အမျက်ထွက်သည်၊ ၊နှစ်သက်ဖွယ် ကင်း မရှိလျှင်း။

[ဤကား ပုဂ္ဂိုလ်ကိုထောက်၍ဒုက္ကထာငါးပါး စကားရပ် မှတ်ဖွယ်တည်း၊ သုကထာ စကားရပ်ကိုလည်း ပြန်၍ သိလေ၊ ၊၎င်း ပဥ္စကနိပါတ် (၁၅၉) လာ။]

## အလှူအကျိုးတရား ၅-ပါး

၁၃။ အလှူပေးရာ၊ အကျိုးမှာကား၊ များစွာချစ်ခြင်း၊ ဆည်းကပ်ခြင်းနှင့်၊ ကောင်းခြင်း ကျော်စော၊ ကင်းသော ရွံ့ရှာ၊ သေခါနတ်ပြည်၊ ရောက်ခကြောင်းမည်သည်၊ ၊တည် စေမှား ကျင့်တရား။

[ဤကား အလှူအကျိုးတရားငါးပါးစကားရပ် မှတ်ဖွယ်တည်း၊ ၊၎င်းပဥ္စက နိပါတ် (၃၄) လာ။]

## တောင်း,တ မရသောတရား ၅-ပါး

၁၄။ အိုသည်တဖြာ၊ နာသည်တထွေ၊ သေသည်တချက်။ ပျက်သည်တ၀၊ ကုန်ထလေရာ၊ ဤငါးဖြာကို၊ ဘယ်ရွာသူမှ၊ တောင်းမရသည်၊ ၊သောကလွတ်ကင်း သတိသွင်း။

[ဤကား တောင်း,တ၍ မရသော တရားငါးပါး စကားရပ် မှတ်ဖွယ်တည်း၊၎င်းပဥ္စကနိပါတ်(၄၇)လာ။]

## ခိုးသူ ၅-ယောက်

၁၅။ ကာယ,ဝစီ,မနောမညီညွတ်ခြင်းသည်ဝိသမ၊မိစ္ဆာ အယူသည် ဂဟဏ၊ မင်း,မင်းအမတ်သည် ဗလ၊ ဆွမ်း,

သက်န်းစသည် သည်ဘောဂ၊အစွန်ဇနပုဒ်၌တယောက်တည်း
နေခြင်းသည် ကေစာရီ ခိုးသူမည်၏၊ မှတ်လေ။
[ဋင်းနိပါတ် (၁၁၃)-လာ။]

---

## လုပ်ကျွေးနိုင်ခဲသော သူနာအင်္ဂါ ၅-ပါး

၁၆။ မလျော်ကမ်မပတ်၊ ပြုတတ်စွာလျှ၊ မတ္တမရှိ၊ရှောင်ဘိ
ဆေးဝါး၊ မစားလိုပါ၊ အနာမကြား၊ သည်းကားမခံ၊ ငါးတန်
အင်္ဂါ၊ ပြည့်စုံပါက၊ သူနာဆင်းရဲ၊ မွေးနိုင်ခဲသည်၊ ၊ခဲလေ
ကြကား သူနာအား။

[ဤကား လုပ်ကျွေးနိုင်ခဲသောဂိလာန ဒု-ပဌကသူနာ
အင်္ဂါငါးပါး စကားရပ်မှတ်ဖွယ်တည်း။
လုပ်ကျွေးလွယ်သော ဂိလာနသုပဌက သူနာအင်္ဂါ
ငါးပါးကိုလည်း ဤမှပြန်၍ ဗျတိရေကနည်းဖြင့် သိလေ
၊ ၊ဋင်းနိပါတ် (၁၂၆)လာ။]

---

## သူနာ လုပ်ကျွေးထိုက်သူ၏အင်္ဂါ ၅-ပါး

၁၇။ ခဆေးကိုစီစဉ်၊ သိမြင်လျော်ပတ်၊ ဝဲ့လာဘ်မရှိ၊
ချစ်ဘိမေတ္တာ၊ လျော်စွာတရား၊ ဟောကြားပေရာ၊ ဤငါးဖြာ
ကြောင့်၊ သူနာတို့၌၊ လုပ်ကျွေးထိုက်ဟု၊ သုံးလူ့ဆရာ၊
မိန့်တော်လာသည်၊ ၊ငါးဖြာကိုယ်တွင်း မြဲစေမင်း။

[ဤကား သူနာလုပ်ကျွေးထိုက်သော ဂိလာနုပဌက
အင်္ဂါငါးပါး စကားရပ်မှတ်ဖွယ်တည်း။
မလုပ်ကျွေးထိုက်သော အင်္ဂါငါးပါးကိုလည်း ဤမှ
ပြန်၍ ဗျတိရေက နည်းဖြင့်သိလေ၊ ၊ဋင်းနိပါတ်
(၁၂၇) လာ။]

## အမျက်ငြိမ်းကြောင်းတရား ၅-ပါး

၁၀။ (က)မေတ္တာတခြား၊သနားကရုဏာ၊ဥပေက္ခာနှင့်၊ ကံသာမူလ၊ ကင်းထနှလုံး၊ ဤကျင့်ထုံးကို၊ ၊စွဲသုံးလေမင်း မျက်ကြွတ်ကင်း။

[ဤကား အမျက်ငြိမ်းကြောင်းတရား ၅-ပါးစကားရပ် မှတ်ဖွယ်တည်း၊ ၎င်းနိပါတ် (၁၆၃) လာ။]

---

## တနည်း-အမျက်ငြိမ်းကြောင်းတရား ၅-ပါး

(ခ) တပါးမစင်၊ နှစ်ပါးစင်နှင့်၊ ထို့ပြင်သုံးတန်၊တဖန် သုံး၀၊ သုံးဌါရကို၊ ဌာနငါးထွေ၊ ရအောင်ဖွေလော့၊ ပမေ ဖြင့်မှု၊ ပွံ့သကူနှင့်၊မှော်ထူသောကန်၊ တဖန်နွားခြေ, သောက် သည်ရေနှင့်၊ တထွေတောယဲ၊ဆင်းရဲသူနာ၊ ကြည်စွာရေကန်၊ သောက်ချိုးဟန်ကို၊ ၊ဉာဏ်ဝယ်အမြဲ အရခဲ။

[ဤကားတနည်း အမျက်ငြိမ်းကြောင်း တရားငါးပါး စကားရပ် မှတ်ဖွယ်တည်း။

ထို့ကြောင့်''အမျက်ငြိမ်းရန်၊ ငါးနှစ်တန်၊ ကျမ်းဂန် မုချလာ''ဟု စပ်လေသည်။

အဓိပ္ပါယ်ကား- ကာယမစင် ဝစီ,မနောစင်၏၊ ကာယ,ဝစီမစင်၊မနောစင်၏၊သုံးပါးလုံးမစင်၊သုံးပါးလုံး စင်၏-ဟုလိုသည်။ ကာယမစင်သည်မှာ-ပွံ့သကူကောက် သည်နှင့်တူ၏၊ ဝစီမစင်သည်မှာ- မှော်ရှိသော ရေကန်၌ ရေသောက်သည်နှင့်တူ၏၊ နှစ်ပါးမစင် တပါးစင်သည်မှာ- နွားခြေရာ၌ ရေသောက်သည်နှင့်တူ၏၊ သုံးပါးလုံးမစင် သည်မှာ- တောကြီးထဲ၌ လူနာကို သနားသည်နှင့်တူ၏၊ သုံးပါးစင်ကြယ်သည်မှာ- ချမ်းသောရေရှိသောရေကန် ကြီးဝယ် ရေသောက်သောသူနှင့် တူ၏-ဆိုလိုသည်၊ ကြီလေ၊ နည်းခံလေ၊ ၊၎င်းနိပါတ် (၁၆၄) လာ။]

## အားထုတ်နိုင်ခြင်းအကြောင်းတရား ၅-ပါး

၁၉။ အားထုတ်နိုင်ရာ၊ ကြောင်းငါးဖြာမူ၊ ပျို့စွာကာလ၊ ကင်းထအနာ၊ ဝပြောစွာလျက်၊ ညီညာလူများ၊ ရေနှစ်ပါးသို့၊ မပြားနေမြဲ၊မကွဲသံဃာ၊ ညီညွတ်ပါမှ၊အားထုတ်ရသည်၊ ၊ ထုတ်ကြလေမင်း ခေတ်အတွင်း။

[ဤကား အားထုတ်နိုင်ခြင်းအကြောင်းငါးပါး စကားရပ်မှတ်ဖွယ်တည်း၊ မထုတ်နိုင်ခြင်း အကြောင်းငါးပါးကို လည်းဤမှပြန်၍ ဗျတိရေကနည်းဖြင့် သိလေ၊ ၊ငုင်းနိပါတ် (၅၇)လာ။]

---

## အမြဲဆင်ခြင်အပ်သော အကြောင်းတရား ၅-ပါး

၂၀။ အိုခြင်း,နာခြင်း၊ သေခြင်းတထွေ၊ ကွဲထွေချစ်ခြင်း၊ ဖြစ်ခြင်းကံသာ၊ ဤငါးဖြာကို၊ ၊မကွာမယွင်း နှလုံးသွင်း။

[ဤကား အမြဲမပြတ် ဆင်ခြင်အပ်သော အကြောင်းတရားငါးပါး စကားရပ်မှတ်ဖွယ်တည်း၊ ၊ငုင်းနိပါတ် (၆၃) လာ။]

---

## ဆင်ခြင်ခြင်းအကျိုးတရား ၅-ပါး

၂၁။ ယောဗ္ဗတဖြာ၊ အာရောဂျမာန်၊ တဖန်ဇီဝိ၊ ကင်းဘိဆန္ဒ၊ ရာဂတခြား၊ ဆယ်ပါးဒုစရိုက်၊ ကင်းကွာထိုက်သည်၊ ၊တိုက်လေမှာ ဆေးငါးပါး။

[ဤကား ဆင်ခြင်ခြင်း အကျိုးတရား ငါးပါးစကားရပ် မှတ်ဖွယ်တည်း၊ ၊ငုင်းနိပါတ် (၆၃)လာ။]

## မီးလှုံခြင်းအပြစ် ၅-ပါး

၂၂။ မျက်စိမွဲထ၊ မလှအဆင်း၊ နာခြင်း ခွန်အား၊ စကားဖီလာ၊ များစွာအဖော်၊ ဓမ္မလျော်တုံရာ၊ မီးဝယ်လာသည်၊ ၊လှုံခါမကင်း သတိသွင်း။

[ဤကား မီးလှုံရာအပြစ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း။]

---

## အနုဂါမိ ဥစ္စာ ၅-ပါး

၂၃။ သဒ္ဓါ, သီလ၊ သုတ,စာဂါ၊ ပညာ,ဓန၊ ငါးဝဥစ္စာ၊ ပြည့်စုံပါက၊ နောင်လာဘဝ၊ ဓနများရှင်၊ လိုအင်ကိစ္စ၊ လိုတိုင်းရသည်၊ ၊ရှာကြလေကား ဥစ္စာငါး။

[ဤကား အနုဂါမိဥစ္စာငါးပါးစကားရပ် မှတ်ဖွယ်တည်း၊ ဤဥစ္စာနှင့် ပြည့်စုံသောသူကို သူဆင်းရဲမဆိုထိုက်ချေ၊ ကြွယ်ဝသောသူဆိုအပ်၏-မှတ်လေ။]

---

## ကုသိုလ် ၅-ပါး

၂၄။ ဆွမ်းနှင့် သင်္ကန်း၊ တခန်း ဆေး,ကျောင်း၊ ညောင်စောင်းအင်းပျဉ်၊ ဤငါးအင်ကို၊ လှူကျင်ရက၊ ပုညမြစ်ရေ၊ တတွေတွေသည်၊ လှူလေကြမင်း ကုန်မယွင်း။

[ဤကား သမုဒ္ဒရာမြစ်ကြီးကဲ့သို့ အကျိုးများသော ကုသိုလ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊၎င်းနိပါတ် (၄၅) လာ။]

---

## စင်္ကြံသွားခြင်းအကျိုးတရား ၅-ပါး

၂၅။ စင်္ကြံသွားရာ၊ အကျိုးမှာကား၊ အစာကြေခြင်း၊ ကင်းသည်အနာ၊ ရှည်စွာသမာဓိ၊ တည်ဘိတခန်း၊ကမ္မဋ္ဌာန်း

လည်း၊ စီးဖြန်းနိုင်ပေ၊ ဝေးလေတပါး၊ ခရီးအားလည်း သွားစွမ်းနိုင်စွာ၊ ဖြစ်လေရာသည်၊ ။ချမ်းသာ ရဆေး ဖော်၍ပေး။

[ဤကား စကြိုသွားကျိုးငါးပါး စကားရပ် မှတ်ဖွယ်တည်း၊ ။ငင်းနိပါတ်(၂၄)လာ။]

စစ်သည်နှင့် တူသော ရဟန်း ၅-ပါး

၂၆။ မြူတမ်းခွန်က၊ ကြားထအသံ၊ တဖန်ပုတ်ခတ်၊ အောင်လတ်စစ်ပွဲ၊ သူရဲငါးထွေ၊ ဖြစ်လေသောလား၊ ရဟန်း သားဝယ်၊ ဆယ်ပါးကိုလေ၊ တိုက်ရပေသည်၊ ။အောင် မြေတပ်ထဲ သုံးပုံပွဲ။

[ဤကား စစ်သည်ငါးယောက်နှင့် တူသော ရဟန်း ငါးပါး စကားရပ်မှတ်ဖွယ် တည်း။

မြူအခိုးကိုမြင်လျှင် တပ်လန့်တပ်ဆုတ်သော သူရဲ တယောက်၊ ရထားတမ်းခွန်ကို မြင်လျှင် တပ်လန့်သည့် သူရဲတယောက်၊ ဆင်, မြင်းသံကို ကြားလျှင် တပ်လန့် သည့် သူရဲတယောက်၊ အနည်းငယ်ပုတ်မိမှ လန့်သည့် သူရဲတယောက်၊ ပုတ်ခတ်မိသော်လည်း,မလန့်စေပဲအောင် တပ်ထဲမှာ အောင်ပွဲခံရသော သူရဲတယောက်၊ ဤသူရဲ ငါးယောက်ကဲ့သို့ သာသနာတော်၌ မာတုဂါမတို့ အဆင်း,အသံစသည်တို့ကို မြင်ခြင်း ကြားခြင်း စသည်တို့ ကြောင့် လူထွက်သော ရဟန်း, လူမထွက်သော ရဟန်း တို့ကို ယခင်စစ်သည်နှင့် အလားတူ ယူလေ၊ ။အင်္ဂုတ္တရ ပဉ္စကနိပါတ် (၇၁)လာ။]

ဗြဟ္မဝိဟာရတရား ၄-ပါး

၂၇။ အကျိုးရှိရာ၊ တောင့်တခါ၌၊ မေတ္တာမှန်လှ၊ ဒုက္ခခပ်သိမ်း၊ ကင်းငြိမ်းသမှု၊ ရွှေရှုသည်မှာ၊ ကရုဏာ

တည့်၊ ချမ်းသာသုခ၊ ပြည့်စုံကြရာ၊ ဝမ်းမြောက်ပါက၊ မုဒိတာဖြစ်၊ လျစ်လျူရှုကာ၊ ဥပေက္ခာတည့်၊ လေးဖြာမြဟ္မ၊ ဝိဟာရကို၊ ၊နေ့ညမကင်း စေနှင့် မင်း။

[ဤကား မြဟ္မဝိဟာရ တရားလေးပါး စကားရပ် မှတ်ဖွယ်တည်း၊ အပ္ပမညာ တရားလေးပါးလည်း ဟူ၏။]

## မြဟ္မဝိဟာရ ပွားပုံ

၂၀။ သားငယ်တခြား၊ နာသည်သားနှင့်၊ ပျိုပြေးတသွယ်၊ အရွယ်ကြီးမား၊ လေးယောက်သားကို၊ တရားလေးထွေ၊ ပွားဖြစ်လေသည်၊ ပုံသေမှား မိဘအား။

[ဤကား မိဘအား မြဟ္မဝိဟာရတရားလေးပါးပွားကြောင်း စကားရပ် မှတ်ဖွယ်တည်း။]

## သံဝဏ္ဏနာ ၅-နည်း

၂၉။ ဝုတ္တိ,ဥလ္လိင်၊ သုံးဝသမ္ဗန်၊ ဖွင့်လေဟန်ကို၊ ၊ ဉာဏ်ဝယ်အမြဲ သိအောင်ခဲ။

[ဤကား သံဝဏ္ဏနာ ငါးနည်း မှတ်ဖွယ်တည်း။
. သုံးဝသမ္ဗန်မှာ-သမ္ဗန္ဓသံဝဏ္ဏနာ, ဥလ္လိင်သမ္ဗန္ဓသံဝဏ္ဏနာ,ဝုတ္တိသမ္ဗန္ဓသံဝဏ္ဏနာ ဟူ၍ ယူလေ။]

## ပဒသံဝဏ္ဏနာ ၈-ပါး

၃၀။ ပဒ,အတ္ထ၊ ပဒတ္ထဟု၊ မူလသံဝဏ္ဏနာ၊ ဖွင့်ရာမှန်ဘိ၊ သုံးနည်းရှိလိမ့်၊ ဝိဘတ္တိ,လိင်၊ ပစ္စယဓာတု၊ လေးခုဒုတိယ၊ ရှစ်ပဒကို၊ ၊အရဉာဏ်ထဲ သိအောင်စွဲ။

[ဤကား ပဒသံဝဏ္ဏနာရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း။

လေးခု ဒုတိယဋ္ဌ-ဒုတိယလိင်္ဂပဒ, ဒုတိယဝိဘတ္တိပဒ, ဒုတိယဓာတုပဒ, ဒုတိယပစ္စယပဒကို ယူလေ။]

## လိင်္ဂပဒသံဝဏ္ဏနာ ၆-ပါး

၃၁။ သန္ဓိ,နာမ၊ ကာရက,သမာသ်၊ နိပါတ်တဖြာ၊ ဥပသာရ၊ လိင်္ဂခြောက်ဖြာ၊ ပြားသည့်ဘာကို၊ ၊သဒ္ဒါ ညာဏ်ရဲ သိလေမြဲ။

[ဤကား လိင်္ဂပဒခြောက်ပါး ပြားကြောင်း စကားရပ် မှတ်ဖွယ်တည်း။]

## အတ္ထသံဝဏ္ဏနာ ၉-ပါး

၃၂။ လိင်နှင့်ဝိဘတ်၊ ဓာတ်နှင့်ပစ္စည်း၊လေးနည်းဒုတိယ၊ အဘိဓေယျတ္ထတဖြာ၊ ဖွင့်ရာနယ၊ ကိုးအတ္ထကို၊ ၊သုံးဝ ဘုံတွင်း ရှာစိမ့်ခင်း။

[ဤကား သံဝဏ္ဏနာ ကိုးပါးစကားရပ် မှတ်ဖွယ်တည်း။]

## လိင်္ဂတ္ထသံဝဏ္ဏနာ ၅-ပါး

၃၃။ နာမ်,ကာရက၊ သမာသ်စသား၊ ဥပသဂ္ဂတရပ်၊ နိပါတ်နှင့်ပါ၊ ငါးဖြာနယ၊ လိင်္ဂတ္ထကို၊ ၊ဖွင့်ကြလေမင်း ကျမ်းအတွင်း။

[ဤကား လိင်္ဂတ္ထသံဝဏ္ဏနာ ငါးပါးစကားရပ် မှတ် ဖွယ်တည်း။]

## သံဝဏ္ဏနာ ၅-ပါး

၃၄။ သကတ်,ဒြပ်၊ လိင်္ဂတ်တဖြာ၊ သချာကာရက၊ ငါးနယကို၊ ၊သိကြစေမင်း ခေတ်အတွင်း။

[ဤကား သံဝဏ္ဏနာငါးပါး စကားရပ် မှတ်ဖွယ် တနည်းတည်း။]

## ၂-ပါး၊ ၂-ပါးအားဖြင့် သံဝဏ္ဏနာ ၆-ပါးပြားပုံ

၃၅။ နိတတ်,နေယျတ်၊ ပကတျတ်နှင့်၊ ပစ္စယတ်သဒ္ဒါ၊ ဘာဝတခြား၊ ခြောက်ပါးဒုက၊ နည်းနယကို၊ ၊ဆောင်ကြ လေမင်း နှုတ်အတွင်း။

[ဤကား နှစ်ပါး နှစ်ပါး ဒုကအားဖြင့် ခြောက်ပါး ပြား၏ ဟူလိုသည်။]

---

## သံဝဏ္ဏနာဆစ်-ဖြေ

၃၆။ အဘိဓေယျ၊ သဘာဝနှင့်၊ နာမထပ်တူ၊ ယူလေ တုံထ၊ ဂ-လ-ပြ-စစ်၊ လောင်းလစ်အတု၊ ခုနစ်ခုနှင့်၊ ပေါင်းစု တုံငြား၊ တပါးစွန်းကယ်၊ ခြောက်ဆယ်သံဝဏ္ဏနာ၊ ဖွင့်ဖွယ် ရာကို၊ ၊နှုတ်မှာအမြဲ အရဲ။

[ဤကား သံဝဏ္ဏနာဆစ်ခြောက်ဆယ်တစ် ဆောင် ပုဒ် စကားရပ် မှတ်ဖွယ်တည်း။

နာမထပ်တူ ဟူရာ၌-အဘိဓာနတ္ထ, အဘိဓေယျတ္ထဟု ယူလေ၊ ဂ-မှာ ဂရုကနည်း၊ လ-မှာ လဟုကနည်း၊ ပြ-မှာ ဝိဂ္ဂိုဟ်ပြ၊ စစ်-မှာ ဝိဂ္ဂိုဟ်စစ်၊ တု-မှာ ဝိဂ္ဂိုဟ်တု ယူလေ။]

---

## ဆောင်ပုဒ်

၃၇။ ပါဠိ,အဋ္ဌကထာ၊ ဋီကာဖွင့်ရိုး၊ အမျိုးမျိုးကို၊ နည်းခိုးစိမ့်ငှါ၊ စုံစွာပြယုဂ်၊ မပြုထုတ်ပဲ၊ ဆောင်ပုဒ်အလွယ်၊ ဆောင်စိမ့်ရွယ်သည်၊ ၊ညာဏ်ငယ်သူများ နှုတ်ဝယ်ထား။

## တရားနာခြင်းအကျိုး ၅ပါး

၃၈။ မကြားဘူးက၊ ကြားဘူးရခြင်း၊ ပြီးခြင်းစင်ကြယ်၊ ပျောက်ပယ်ယုံမှား၊ ဖြောင့်ပြားအယူ၊ ကြည်ဖြူစိတ်ထား၊ ဤငါးပါးကို၊ ၊တရားနာက ရလေရ၏

[ဤကား တရားနာခြင်းအကျိုးငါးပါး စကားရပ် မှတ်ဖွယ်တည်း၊ အင်္ဂုတ္တရပဉ္စကနိပါတ်(၂၁၆)လာ။]

---

## သီလညစ်ညူးကြောင်း, ဖြူစင်ကြောင်းစကားရပ်

၃၉။ ဥပနာဟ၊ပလာသနှင့်၊ကောဓ,မာယာ၊ ဣဿာ, မစ္ဆရိယ၊ ကောဓ,ထမ္ဘာ' သာရမ္ဘာနှင့်၊ မဒ,မာန၊ ပမာဒ မည်ရှိ၊ အတိမာန၊ ဖြစ်ချေကမူ၊ သီလညစ်ရာ၊နည်းစွာအလို၊ ထိုထိုခေါင်းပါး၊ ရောင့်ရဲများမှ၊သီလဖြူရာ၊ ကျမ်း၌လာသည်၊ ဆပ်ပျာလက်တွင်း ရှိစေမင်း။

[ဤကား သီလညစ်ညူးကြောင်းဖြူစင်ကြောင်းစကား ရပ် မှတ်ဖွယ်တည်း၊

ကောဓ-အမျက်၊ ဥပနာဟ-ရန်ငြိုး၊မကွ-ကျေးဇူးကို ချေခြင်း၊ ပလာသ-အဖျင်းဖျင်းဆိုခြင်း၊ ဣဿာ-ငြူစူခြင်း၊ မစ္ဆရိ-ဝန်တိုခြင်း၊ မာယာ-လှည့်ပတ်ခြင်း၊ သာဌေယျ-စဉ်းလဲခြင်း၊ ထမ္ဘာ-ခိုင်မာခြင်း၊ သာရမ္ဘာ-ချုတ်ချယ် ခြင်း၊မာန-မာန်တက်ခြင်း၊အတိမာန-အလွန်မာန်မူခြင်း၊ မဒ-ယစ်ခြင်း၊ ပမာဒ-မေ့လျော့ခြင်းကိုယူလေ။]

---

## မေထုနသံယောဇဉ် ၇-ပါး

၄၀။ ဆုတ်နယ်တခြား၊ကစားရယ်ခြင်း၊ကြည့်ခြင်း မျက်စိ၊ ကြားဘိအသံ၊ ရယ်ဟန်အောက်မေ့၊ ပျော်ရွှေ့ ကာမာ၊

မြင်လေပါရှင့်၊ နတ်ရွာတောင့်တ၊ ကျင့်ချေကမူ၊ ကျိုးထ သီလာ၊ ဖြစ်လေရာသည်၊ ၊သံသရာဝဲဝင်လိမ့်မြဲ။

[ဤကား မေထုနသံယောဇဉ်ခုနစ်ပါးစကားရပ်မှတ် ဖွယ်တည်း၊ ၊အင်္ဂုတ္တရသတ္တကနိပါတ်(၄၃၈) လာ။]

## နိကန္တတဏှာနှင့်မေထုနသံယောဇဉ်အပြစ်

၄၁။ နိကန္တဗလဝ၊မေထုနကြောင့်၊ တောင့်တ တဏှာ၊ မကင်းပါ၍၊ယုတ်ရာဌာန၊ဖြစ်လေရသည်၊ ၊ချမ်းရသူအား ဖြစ်ရငြား။

[ဤကား နိကန္တတဏှာအပြစ် မေထုန သံယောဇဉ် အပြစ်တရား စကားရပ်မှတ်ဖွယ်တည်း။

"နိကန္တဗလဝတ္တာ၊သတ္တဝိဓ မေထုနသံယောဂတ္တာ စ"ဟိတ်နှစ်ချက်ကြောင့် သူကြွယ် နှစ်ဦး နဂါး ဂဠုံ တိရစ္ဆာန်ဘုံ၌ဖြစ်လေသည်၊သိမဝိသောဓနေမှာကြည့်လေ၊ ဂေါပက နတ်ဆရာ ချမ်းရပါလျက် အထက်မှာ မဖြစ်၊ အောက်မှာဖြစ်ရလေသည်၊ ချမ်းမရသူဝယ် ဆိုဖွယ်မရှိ မှတ်လေ၊ သုတ်ပါထေယျအဋ္ဌကထာ စသည်မှာ ကြည့် လေ။]

## အင်္ဂါဘိက်တပ်

၄၂။ ခြောက်သောင်းနာဂ၊ တည်ထအရင်း၊ မြင်းနှင့် ရထား၊ စီးငြားကညာ၊ နောက်ပါမိန်းမ၊ လေးဝစဉ်ဆက်၊ ရာချည်းတက်လော့၊ အင်္ဂါဘိက်၊ ဇာလိနီလာ၊ သိစိမ့် မှာသည်၊ ၊မကွာနှုတ်တွင်း စွဲလေမင်း။

[ဤကား အင်္ဂါဘိက် အရေအတွက် စကားရပ် မှတ်ဖွယ်တည်း။

တနည်းလည်း၀ါးအစည်းခြောက်ဆယ်တိုက်ကိုမှုန့်မှုန့် ညက်ညက်ကျေအောင်နင်း၍ သွားနိုင်သော စစ်သည်အ ပေါင်းသည် အကြွောဘိဏီမည်၏၊ မဟောသဓာဘုရား အလောင်းသည် တဆယ့်ရှစ်ခေါ်ဘိဏီရှိသော မြဟ္မ ဒတ်မင်းစစ်သည် အပေါင်းတို့ကို ယင်ငယ် တကောင် သောက်မျှ သွေးမထွက်စေမူ၍မသေရအောင်ကယ်ဆယ် တော်မူလေသည်။

ဆင်ပေါင်းခြောက်သောင်း၊ ၎င်းဆင်တကောင် တ ကောင်၌မြင်းတရာတရာ၊ ၎င်းမြင်းတကောင်တကောင်၌ ရထား တရာတရာ၊၎င်းရထား တဆူတဆူ၌ သတို့သမီး ကညာ တရာတရာ၊၎င်းမိဖုရား တယောက် တယောက် ၌ အလုပ်အကျွေးနောက်လိုက် မိန်းမ တရာတရာ၊ ဤ ငါးရပ်ကိုပေါင်းလျှင် အကြွောဘိဏီမည်၏-ဟူ၍သိသည်။ ]

## အမိန့်ဒွာန် ၅-ပါး

၄၃။ ဗောဓိတိမ်တိုက်၊တလိုက်ရောင်ခြည်၊တမည် ညုပ် ရိုး၊ တမျိုးဓာတ်တော်၊ ဤငါးဖော်သည်၊ ၊ရှင်တော်ဘုရား မိဋ္ဌာန်ပြား။

[ဤကား ဘုရား အမိဋ္ဌာန်တော်မူခဲ့သော ငါးပါး စကားရပ်မှတ်ဖွယ်တည်း၊ဥဒါနဒီပနီစသည်မှာကြည့်လေ၊ ပါရာဇိကဏ်အဋ္ဌကထာ(၆၇)လာ။]

## ဓမ္မတာအပြား ၃၀

၄၄။ (က) သတိတသွယ်၊ ထက်၀ယ်တခြား၊ ဖွားကာ မတ်ဘတ်၊အရပ်တော်မှာ မျက်နှာမြောက်ပါး၊ခုနစ်ဖ၀ါးနှင့်၊ စကားသုံးထွေ၊ဆိုလေတုံငြား၊ တယောက်သားနှင့်၊ကျင့်ငြား ဒုက္ကရစရိယာ၊ ဂဏာရသ၊ ဘုဉ်းပေးရသည်၊ ၊နိစ္စမလွဲ ဖြစ်လေမြဲ။

(ခ) မြက်ခင်းပလ္လင်၊ ရှုချင်ထွက်သက်၊ စစ်ဖက်မာနတ်၊ သိအပ်ဝိဇ္ဇာ၊ပလ္လင်မှာတည့်၊ နေရာဌာန၊ ခုနစ်ဝဍ်၊ မြောက်ထလေးပါ၊ ခုနစ်ခါတည့်၊ ဗြဟ္မာတောင်းပန်၊ ဟောရန်ဌာန၊ ဓမ္မစကြာ၊ မိဂဒါတည့်၊ အင်္ဂါလေးဝ၊ ပြည့်စုံကြ၍၊ ပြသည်ပါတိမောက်၊ ထို့နောက်တတန်၊ ဇေတဝန်၌၊ မြမြန်ဝါကပ်၊ ပြုအပ်ပေရာ၊ယမိုက်ဟာကား၊ပြည်သာဝတ္ထိ၊ပြလေဘိသည်၊ ၊သတိအမြဲဉာဏ်ဝယ်စွဲ။

(ဂ) အဘိဓမ္မာ၊ ဝတိန်သာတည့်၊ သက်လှာတုံထ၊ သံကဿမှာ၊ မြစ္စာသမာပတ်၊ဝင်လတ်တုံငြား၊ နှစ်ပါးကာလ၊ ကြဉ်ထသတ္တဝါ၊ သိက္ခာတရား၊ ကြောင်းရှိငြားမှ၊ ဟောကြားပညတ်၊ အတ္ထုပ္ပတ္တိ၊ ရှိမှဇာတ်တော်၊ ဟောမြွက်ဖေါ်၏၊ ဆွေတော်မျိုးတွင်၊ ဗုဒ္ဓဝင်တည့်၊ ထို့ပြင်တဖြာ၊ အာဂန္တုကာ၊ ပြောထစကား၊ ပန်ကြားတကာ၊ ဝါကျွတ်မှာတည့်၊ငါးခါကိစ္စ၊ ပြုပေရသည်၊ ၊ဗုဒ္ဓဘုရား ရှင်ခတော်အား။

[ဤကား ဓမ္မတာအပြားသုံးဆယ် မှတ်ဖွယ် စကားရပ်တည်း၊ ၊သုတ်မဟာဝါ ပါဠိတော် (၁၁)လာ။]

---

## အန္တရာယ်မပြုနိုင်သည့်တရား ၄-ပါး

၄၅။ ရည်ရော်ပစ္စည်း၊ တနည်းအသက်၊ ခြောက်ချက်ရောင်ခြည်၊ သုံးဆယ့်နှစ်မည်လက္ခဏာ၊ သုံးဖြာလူ၌၊ မဖျက်ထိုက်သည်၊ ၊အမှိုက်အလား လွှင့်ရငြား။

[ဤကား ဘုရားတို့ဝယ် အန္တရာယ်မပြုနိုင်သည့် တရားလေးပါးစကားရပ် မှတ်ဖွယ်တည်း၊ ၊မိလိန္ဒပဉှာ(၁၅၈) နှင့် ဗုဒ္ဓဝံသအဋ္ဌကထာ (၃၅၂)လာ။]

## ဘုရားတို့မစွန့်သောအရပ် ၄-ပါး

၄၆။ ဗောဓိပလ္လင်၊ ထို့ပြင်တချက်၊ ဓမ္မစကြာ၊ ဟောရာဌာန၊ ညောင်စောင်းချရာ၊ လက်ယာခြေတော်၊ ချတော်မူရာ၊ နေရာဌာန၊ သက်သေတည့်၊ ဌာနလေးပါး၊ မစွန့်ငြားသည်၊ ။ ဘုရားဗုဒ္ဓ ဟူသမျှ။

[ဤကား ဘုရားတကာ မစွန့်ရာသော အရပ်လေးပါး စကားရပ် မှတ်ဖွယ်တည်း၊ ။သုတ်မဟာဝါ အဋ္ဌကထာ (၁၇) လာနှင့် ဗုဒ္ဓဝံသ အဋ္ဌကထာ (၃၅၁)လာ။]

---

## ပရိနိဗ္ဗာန်ကြွစံတော်မူကြောင်း ၃-ပါး

၄၇။ သုဒ္ဒသနနှင့်၊ သုဘဒ္ဒနှင့်၊ ဒေါဏဓာတု၊ ဝေဖန်မှုကြောင့်၊ သုံးလှူ့ဆရာ၊ ကုသိနာ္ခသို့၊ ပါဝါမြို့မှ၊ နားထနှစ်ဆယ်၊ ငါးထောက်ကယ်လိမ့်၊ တသွယ်မယုတ်၊ လွန်အားထုတ်၍၊ သုံးဂါဝုတ်ကွာ၊ လာရရှာသည်၊ ။ကြွင်နာသနားဖွယ်တကား။

[ဤကား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ကြွစံတော်မူကြောင်းသုံးပါး စကားရပ် မှတ်ဖွယ်တည်း၊ ။သုတ်မဟာဝါ အဋ္ဌကထာ (၁၆၄)လာ။]

---

## တမန်အင်္ဂါ ၈-ပါး

၄၈။ စကားကြားလွယ်၊ အဓိပ္ပါယ်သိ၊ မှတ်မိမြဲစွာ၊ ပြန်နိုင်ရာနှင့်၊ လိမ္မာကျိုး,ဖြစ်၊ မဖြစ်ခိုက်ရန်၊ ဟုတ်မှန်သိစေ၊ ရှစ်ထွေအင်္ဂါ၊ ပြည့်စုံပါက၊ စေရာတမန်၊ ခိုင်းဖွယ်မှန်သည်၊ ။ကေန်မမှား သူတို့အား။

[ဤကား တမန်အင်္ဂါရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ။စူဠဝါ်ပါဠိတော် (၃၆၄)မှာကြည့်လေ။]

---

## မလိမ္မာ၍ဘေးတွေ့ပုံနှင့်လိမ္မာ၍ချမ်းသာပုံ

၄၉။ လေးယောက်အပြား၊ နွားကျောင်းသားနှင့်၊ပုဏ္ဏားတသွယ်၊ ဆိတ်ဝယ်တချက်၊ ငှက်လင်းမြီးဆွဲ၊ မကွဲမပြား၊ သငှေးသားတို့၊ စကားအရာ၊ မလိမ္မာ၍၊ ဒုဘာသိတ၊ ဒုကမ္မကြောင့်၊ ဒုက္ခကြီးစွာ၊ တွေ့လေပါခဲ့၊ ကိန္နရာဗို့မ၊ မဟာစကား၊ မကြားမပြန်၊ ဆိုချိန်တန်မှ၊ ဆိုလေကြ၍၊ သုခကြီးစွာ၊ ရလေပါခဲ့၊ ဒုဘာသိတ၊ တသိန်းမျှထက်၊ ကျိုးရစကား၊ တခွန်းအားကို၊ စိတ်ငြားတဆယ်၊ စွန်းကယ်ခြောက်ပါး၊ တစုအားမျှ၊ မတူကြသည်၊ ၊ရစေထုံးနည်း ကျမ်းလာတည်း။

[ဤကား မလိမ္မာ၍ ဘေးတွေ့ကြောင်း, လိမ္မာ၍ချမ်းသာရကြောင်း စကားရပ် မှတ်ဖွယ်တည်း၊ ၊တေရသနိပါတ် တက္ကာရိယဇာတ် (၂၄၆) မှာကြည့်လေ၊ အဓိပ္ပါယ်ကျယ်လတ္တံ့ဖြစ်၍ မမှာလိုက်သည်။]

---

## ကြဉ်ရှောင်အပ်သောတရား ၄-ပါး

၅၀။ အဆိပ်သူရာ၊ ညွှန်မှာလာဘ၊ ရာဇမြွေဟောက်၊ ကျောက်မက်ဖွယ်ရာ၊မာတုဂါမ၊ ပပါတဟု၊ လေးဝတရား၊ ရှောင်ရှားလေပါ၊ အဖမှာလည်း၊ ၊ကျင့်ရာတရား လူတို့အား။

[ဤကား ကြဉ်ရှောင်အပ်သော တရားလေးပါး စကားရပ်မှတ်ဖွယ်တည်း၊ တေရသနိပါတ် စူဠနာရဒဇာတ် (၂၂၂)-မှာ ကြည့်လေ။

သားရသေ့က လူတို့နေရာ ရောက်သည်ကာလ ကျင့်ရာသည်ကို ဆုံးမပါဆို၍ ဘုရားလောင်း အဖရသေ့ ဆုံးမသော တရားလေးပါးတည်း၊ ပပါတ-ကို ကမ်းပါး-မှတ်လေ။]

## သီလရှိစဉ် အလှူဒါနပြု၍ အကျိုးကြီးပုံ

၅၁။ မြေခွေး, ယုန်, ဖျံ၊ တဖန်တောမျောက်၊ လေးယောက်ဥပုသ်၊ မယုတ်ဒါန၊ လှူဒါန်းကြလျက်၊ ပုညလယ်မြေ၊ စိုက်ကြလေသည်၊ ၊ယှုထွေကမ္ဗည်း လေးယောက်နည်း။

[ဤကား ဥပုသ်စောင့်သောသူအလှူပေးသင့်ကြောင်း စကားရပ်မှတ်ဖွယ်တည်း။

သာရိပုတ္တရာ အလောင်းမျောက်မှာ အစာရှာသွားရာက သရက်သီးခိုင်ကို ရခဲ့၍ လှူလေ၏၊

မောဂ္ဂလာန် အလောင်း မြေခွေးမှာ လယ်စောင့်ယောက်ျား လယ်ထဲ၌ထားသော အမဲနှစ်ကင်၊ ဖွတ်တကောင်၊ နို့ခမ်းတအိုးကို ရခဲ့၍ လှူလေသည်။

အာနန္ဒာအလောင်း ဖျံမှာ တံငါတို့သဲထဲမြှုပ်၍ ထားခဲ့သော ငါးကြင်းခုနစ်မကို ရခဲ့၍ လှူလေသည်။

ဘုရားအလောင်း ယုန်မင်းမှာ နှမ်း, ဆန်, ပဲနောက်မရှိ မြက်ပင်သာရှိသောကြောင့် မလှူဘူးသော ကိုယ်အသားကို မီးပုံသို့ဆင်း၍လှူလေသည်၊ ၊စတုက္ကနိပါတ်သသပဏ္ဍိတဇာတ် (၄၀)မှာကြည့်လေ။

ကိုယ်၌ သီလရှိခိုက် အလှူပေး၍ အကျိုးကြီးသောကြောင့် စားရဘိုကပင်ယူ၍ လှူကြဟု ဘုရားလောင်းသသပဏ္ဍိတက ဆုံးမတော်မူသည်၊ နှလုံးထားမိကြစေ။]

---

## သူဌေးသား ၄-ယောက် အမဲသားတောင်းပုံ

၅၂။ ဟယ်တောင်းရာမှု၊ ဒုူမြေးဟူ၏၊ထို့တူပေါင်သားအစ်ကိုအားဟု၊ တောင်းပြောလေပါ၊ ဖခင်မှာကား၊ နှလုံးသားကို၊ ပေးပြောတုံလေ၊ အဆွေတောင်းရာ၊ များစွာမံသ၊

အကုန်ရလိမ့်၊ ဝိယဝါစာ၊ သုဘာသိတ၊ ဖရုသဖြင့်၊ ဆိုကြ စကား၊ ကျိုး, ပြစ်များကို၊ မှတ်သားစေချင်၊ သိစိမ့်ဆင် သည်၊ ။ရွှေဘင်ကြည့်အမြဲ ကျင့်သုံးစွဲ။

[ဤကား အမဲရောင်းလာသော မုဆိုးအား သူဌေးသား လေးယောက် အမဲသားတောင်းသော စကားရပ် မှတ် ဖွယ်တည်း။

စတုတ္ထနိပါတ် သဗ္ဗမံသ လာဘဇာတ်၊(၄၆)မှာကြည့် လေ။

ဟရေလုဒ္ဒက-ဟယ်မုဆိုး အမဲသားတတုံး ငါ့အား ပေးလော့၊ ဇေဋ္ဌဘာတိက-အစ်ကိုကြီး၊ တာတ-ဖခင်၊ သဟာယ-အဆွေ၊ အမဲသား ငါ့အား ပေးလော့-ဟု သူဌေးသားလေးယောက်တို့မုဆိုးအား အမဲသားတောင်း ၍ စကားနှင့်လျော်စွာ သာရိပုတ္တရာ အလောင်းမုဆိုးက အမဲသားပေးလေသည်၊ဘုရားအလောင်း သူဌေးသားမှာ အဆွေဆို၍ တောင်းသောကြောင့် အဆွေခင်ပွန်းမည် သည် စီးပွားဖက်ဖြစ်တော့သည်၊ အဆွေခင်ပွန်းမရှိသော် ရွာတောနှင့်တူ၏ အလုံးစုံနှင့် ဆက်ဆံ၏၊ ဟုနှလုံးပြု၍ လှည်းနှင့်တကွ ပါသမျှ အမဲကိုပေးလေသည်၊ဤသို့သော ထုံးကို နှလုံးပြု၍ စကားပြောအရာ လိမ်မာကြစေ၊ ဘုရား အလောင်း သူဌေးသား ပြောဆိုသောထုံးကို နှလုံး ပြုလေ။]

---

## နသာစု တရား ၄-ပါး

၅၃။ ရာဇာစူးစမ်း၊ ရဟန်းကိုယ်-ကျင့်တ်၊ စောင့်ချုပ် မပျက်၊ အမျက်ကောဓ၊ ပယ်ချလေရာ၊ ပညာရှိအား၊ ပျင်းငြီးတုံထ၊ ကာမဘောဂီ၊ သညီတွင်ဘိ၊ ဂိဟိထိုအား၊

ရှောင်ရှားလေရာ၊ လေးဖြာဓမ္မ၊ လေးပါး န-ကို၊ ၊မှတ်ကြ လေကား အမျိုးသား။

[ဤကား န-သာဓုတရားလေးပါး စကားရပ် မှတ်ဖွယ် တည်း၊ စတုက္ကနိပါတ် ရထလင်္ဂဇာတ် ဆယ်-အချပ်၊ (၉၆)မှာ ကြည့်လေ။

ဘုရားလောင်းအမတ်ပညာရှိ မင်းကြီးအား ဆုံးမလေ သည်၊ မင်းတို့မရှုစမ်း မဆင်ခြင်ပဲ အဂတိလေးပါးသို့ လိုက်၍ စီရင်လျှင် လဆုတ်ပက္ခ လအရောင်ကဲ့သို့ စည်းစိမ် ဆုတ်ယုတ် ပျက်စီးကြောင်းဖြစ်၏၊ ကာသိကရာဇ် မင်းစ သည်တို့ကဲ့သို့ မှတ်လေ။

ရဟန်းတို့ ကိုယ်, နှုတ်မစောင့်မှု ကဿပ ဘုရား လက်ထက် ရဟန်းပြိတ္တာကဲ့သို့ အပါယ်လားကြောင်းဖြစ် ၏၊ အမျက်ထွက်ခြင်းသည် ခန္တီဝါဒ ရသေ့အား ကလာ ဗုမင်း အမျက်ထွက်၍ ပြစ်မှားသောကြောင့် မြေမျို၍ အဝီစိငရဲ၌ ခံရလေသည်။

ပျင်းခြင်းကြောင့် အပြစ်ခြောက်ပါး ရောက်ကြောင်းကို သုတ်ပါဒေယျ သိင်္ဂါလောဝါဒသုတ်၌ ဟောတော်မူ သည်၊ ပျင်းခြင်းကြောင့် သူဌေးသားဖြစ်လျက် ခွက် လက်စွဲ၍ တောင်းစားရကြောင်း၊ မဂ်, ဖိုလ် ရထိုက်လျက် မရပဲ ခွက်လက်စွဲ၍ ဆင်းရဲရကြောင်း လာသည်၊ မှတ်လေ။]

---

### သူဌေးသမီး ၄-ယောက်ကျိန်ဆိုပုံ

၅၄။ အချိန်လွှန်မှ၊ လင်ကိုရခြား၊ သွားကျိုးဆံဖြူ၊ လင် အိုသူနှင့်၊ အတူတကွ၊ နေရလေပါ၊ ဝေးစွာသွားလာ၊ လင် အားတောင့်တ၊ ချိန်ကာလတွင်၊ မမြင်ရပါ၊ နံ့သာလိမ်းကျံ၊ ဝေအောင်ပန်လျက်၊စံပျော်အိပ်ရာ၊ဘုံခန်းသာ၌၊ သာယာနှစ်

သက်၊ချစ်ဖက်မရ၊ဧကကသာ၊ဖြစ်လေရာဟု၊ သစ္စာလေးထွေ၊ ကျိန်ကြလေသည်၊ ၊သက်သေစကား ရသေ့အား။

[ဤကား သူဌေးသမီးလေးယောက်ကို ရှင်ရသေ့က သရက်သီးခိုးရိုး၍ မခိုးကြောင်းကို အသီးသီး ကျိန်ဆိုသောစကားရပ်မှတ်ဖွယ်တည်း၊ စတုက္ကနိပါတ်အမ္ဗဇာတ် ငံ-(၁၂၅)မှာကြည့်လေ။

မိန်းမတို့မည်သည် တဆယ့်ငါးနှစ်, တဆယ့်ခြောက်နှစ်အရွယ်၌ ယောကျ်ားတို့ ချစ်သည်၊ အရွယ်လွန်လျှင်မချစ်၊ ရှင်ရသေ့ သရက်သီး မခိုးလျှက်နှင့် အခိုးဆိုချေသော် အရွယ်ရှိခိုက်က လင်ကိုမရ၊ အရွယ်လွန်မှရသည်ဖြစ်စေ—ဟု သူဌေးသမီးကျိန်လေသည်၊ ရသေ့ကလည်း အလွန်ဝန်လေးသောစကားကို ကျိန်လေသည်၊ သင်တို့မခိုး၊ သူတပါးခိုးသည်ဖြစ်ရာ၏၊ သွားကြလေဟု လွှတ်လိုက်လေသည်။]

---

## တေမိမင်းသား တောထွက်ကြောင်းစကား

၅၅။ သတ်လေကုန်ကြ၊ နှောင်ဖွဲ့ထဟု၊ ဒုက္ခတမျိုး၊ လှံထိုး ဆံသားမံ၊ တဖန်တံကျင်၊ လျှိုလေကျင်ဟု၊ စီရင်လေရာ၊ ကြားလေပါက၊ ရှေးဘဝဝယ်၊ နှစ်ဆယ်အနှစ်၊ မင်းလျှင်ဖြစ်၍၊ရှစ်သောင်းကာလ၊ နိရယ၌၊ ခံရခဲ့အင်၊အလောင်းမြင်သည်၊ ၊လေးခွင်ပါယ်တွင်း လွတ်စိမ့်ကွင်း။

[ဤကား တေမိမင်းသား ဘုရားအလောင်း ငရဲဘေးကိုကြောက်၍ တောထွက်ကြောင်းစကားရပ် မှတ်ဖွယ်တည်း။]

## တေမိမင်းသားအလိုစမ်းခန်း

၅၆။ နို့ရေမှုံကြီး၊ သင်္သီးကြီးငယ်၊ ကစားဖွယ်နှင့်၊ တသွယ်ထမင်း၊ မယွင်းတသီး၊ မီး,နှင့်ဆင်,မြွေ၊ ကချေ,သန်လျက်၊ မပျက်မကင်း၊ ခရုသင်း,စည်ကြီး၊ ဆီမီး,တင်လဲ၊မကွဲထိုပြင်၊ မစင်မီးကျီး၊ တသီးမောင်းမ၊ ဤမျှရွေလောက်၊ တဆယ့်ခြောက်ခန်း၊ အလိုစမ်း၍၊ ကောင်းမှန်းကိုမျှ၊ မသိရသည်၊ ၊ဗုဒ္ဓအလောင်း တောထွက်ကြောင်း။

[ဤကား တေမိ မင်းသား ဘုရားအလောင်းအား တဆယ့်ခြောက်ခန်းအလိုစမ်းစကားရပ် မှတ်ဖွယ်တည်း၊ တေမိဇာတ် ကိ-အချပ်၊ ကီ-အချပ်၊ စာမျက်နှာ (၅) မှာကြည့်လေ။]

---

## တရားဟောပုဂ္ဂိုလ်နှလုံးသွင်းအပ်သော တရား၅-ပါး၊၆-ပါး

၅၇။ အနုပုဗ္ဗ၊ကင်းထအာမိသ်၊စိတ်ကရုဏာ၊ ဖြစ်စေပါလျက်၊ရှုရာပရိယတ်၊ နှစ်ရပ်မထိ၊မငြိမခိုက်၊မတိုက်စေရာ၊ငါးဖြာတရား၊အတွင်းထား၍၊ ဟောကြားလေပါ၊ ရှည်စွာတုံထ၊ ဂီတသရံ၊ သီချင်းသံဖြင့်၊ ခြောက်တန်ပဉ္စာ၊ ကင်းစေရာသည်၊ ၊သုံးဖြာတရား ဟောသူအား။

[ဤကား တရားဟောပုဂ္ဂိုလ်တို့အား အတွင်းထားရာသောတရား၅-ပါး၊၆-ပါးစကားရပ်မှတ်ဖွယ်တည်း။]

---

## တရားဟောပုဂ္ဂိုလ် ပြုကျင့်ရာသောတရား ၅-ပါး

၅၈။ တနည်းကျင့်ရာ၊မှတ်ဖွယ်မှာကား၊ပုဗ္ဗာပရ၊ အတ္ထဗျဉ္ဇနာ၊လိမ္မာစေထ၊ကာလပရိသာဘ်၊ သိတတ်စေရာ၊သဒ္ဓါဆယ်ပါး၊မမှားစေရ၊သာရုပ္ပနှင့်၊ ဆောင်ထဒေသနာ၊ သိသာ သန္

ရှင်း၊နားတွင်းချမ်းသာ၊ခေါ်ရာရှေးမှီး၊ ပြည်ကြီးသူထုံး၊ စွဲသုံး လောဘ၊ပရိမဏ္ဍလ၊ပီသမချွတ်၊ ဌာန်မလွတ်အောင်၊ ဖတ်ရှုတ် ဖွယ်ရေး၊ မနှေးမလျင်၊ မျှလေကျင်ဟု၊ သံလျှင်ပရိသာတ်၊ ချောက်ချားလတ်၍၊ ထက်ရပ်ဂင်္ဂါ၊ကဲ့ပမာသို့၊ များစွာထုံးပုံ၊ ဆောင်တုံဖွဲ့နွဲ့၊ဟိတ်လောင်းချဲ့၍၊မဖဲ့မစောင်း၊ ဦးခေါင်း မလှုပ်၊လက်ခြေယုတ်၍၊ ဗုဒ္ဓသဖွယ်၊ စံပယ်သောလား၊ ဟော ကြားလေပါ၊သံသရာမှ၊ထွက်ပါလေစေ၊ ဤစိတ်နေဖြင့်၊ ငါး ထွေတရား၊အတွင်းထား၍၊ တရားဟောရာ၊ ကျင့်နည်း လာ သည်၊ ၊မကွာနှုတ်ဖျား စွဲလေကား။

[ဤကား တရားဟော ပုဂ္ဂိုလ်တို့ဝယ် ကျင့် ဖွယ် စကားရပ် မှတ်ဖွယ်တည်း၊ သုတ္တသင်္ဂဟကျမ်းလာ။]

---

## ပြုနိုင်ခဲ့သောတရား ၄-ပါး

၅၉။ သန့်လျှက်ကိုမျို၊ပေးမည်ဆိုခြင်း၊မယွင်းဆိုတိုင်း၊မ ဆိုင်းနှောင်တ၊ လေးဝတရား၊ ခံလေ ဌြားသည်၊ ၊စကား အလွယ် ကျဉ်းမှတ်ဖွယ်။

[ဤကား ပြုနိုင်ခဲ့သောတရားလေးပါးစကားရပ်မှတ်ဖွယ်တည်း၊ သတ္တနိပါတ် ပဏ္ဏာကဇာတ် ဒု၊အချပ်(၃၁၇) လာ။

ဗာရာဏသီပြည် မဒ္ဒဝမင်းကြီးမိဖုရားကို ပုရောဟိတ် ပုဏ္ဏားအားပေးပြီး၍ နောက်ကာလ မရ၍ စိုးရိမ်ခြင်း ကြောင့် နှလုံးပူပန်၍ သွေးအန်၏၊ ဝမ်းမှသွေးထွက်၏၊ ကြီးစွာသောအနာရောက်၍ ဆေးသမားများစွာ ကုပါ သော်လည်း မပျောက်နိုင်ပဲရှိ၍ ဘုရားအလောင်း သေ နကအမတ် ဤတရားကိုပြ၍ဆုံးမရာတွင်မှ ချမ်းသာရာ ရ

လေသည်၊ ပေးပြီး၍ နောင်တမရှိပဲခဲရာ၌ ဝေဿန္တရာ မင်းကိုသက်သေပြလေ၊ဒါနအရာ၌ အပရစေတနာ ခက်ခဲ သည့် မှတ်လေ၊''ဒါနဦဒတ္တ၁ အပရစေတနာဝ ဒုဿန္တ၁ ရှိယာ''ဟုလာသည်။]

---

## မရောင့်ရဲနိုင်သောတရား ၁၆-ပါး

၆၀။ နတပ္ပတိ၊ပါဠိအရ၊ ဖွင့်ထုတ်ပြမူ၊ မြစ်မသမုဒ္ဒရာ၊ သဒ္ဓါဒါယက၊ ရှာနရသေက္ခာ၊ ပညာဓမ္မ၊ ဝိရိယနှင့်၊ ဗာလ အဂ္ဂိ၊ ရှဏ္ဍိအပိစ္ဆာ၊ ရာဇာဝိသာရဒ၊ ပြဟ္မဏာနှင့်၊ လေးဝ ပရိသာတ်၊ ဆယ့်ခြောက်ရပ်ကား၊ အားမရရာ၊ ကျမ်းဝယ် လာသည်၊ ၊မကွာမြဲထွေ စွဲမှတ်လေ။

[ဤကား အားမရ မရောင့်ရဲနိုင်သော တရားတဆယ့် ခြောက်ပါးစကားရပ်မှတ်ဖွယ်တည်း၊ သတ္တနိပါတ် သတ္တု ဘဿဇာတ်ဌ-အချပ်(၃၂၂)လာ။

မြစ်ကြီးမြစ်ငယ်တို့က လာသမျှရေကို သမုဒ္ဒရာ အားမ ရ၊ ထို့အတူ-

သဒ္ဓါရှိသူ-သံဃာတော်ကို လုပ်ကျွေး၍ မရောင့်ရဲ။

ပေးကမ်းခြင်းနှင့်ပြည့်စုံသောသူ-လှူဒါန်း၍အားမရ။

ရှာန်ရသောသူ-သမာပတ်ဝင်စား၍ အားမရ။

သေက္ခပုဂ္ဂိုလ်-ဖလသမာပတ်ဝင်စား၍အားမရ။

ပညာရှိ-တရားနာ၍ အားမရ။

ဓမ္မကထိကပုဂ္ဂိုလ်-ဆွေးနွေး၍ အားမရ။

ဝိရိယရှိသောသူ-အားထုတ်၍ အားမရ။

သူမိုက်-မကောင်းမှု ပြု၍အားမရ။

မီး-လောင်၍ အားမရ။

သားဖွားခြင်း,တန်းဆာဆင်ခြင်း,မေထုန်မှီဝဲခြင်းမိန်း မ-အားမရ။

အလိုနည်းသောသူ-မူတင်ဆောင်၍အားမရ၊
မင်း-တိုင်းနိုင်ငံခံစား၍အားမရ။
ရဲရင့်သောသူ-ပရိသတ်၌ အားမရ။
ပုဏ္ဏား-ဗေဒင်သင်၍အားမရ။
ပရိသတ်လေးပါး-ဘုရားဖူးမြင်၍အားမရနိုင်၊ မရောင့်ရဲနိုင်မှတ်လေ။]

## မင်းလေးပါးလက္ခဏာရေး ၄-ခုကို အာရုံပြု၍ လက္ခဏာရေးသုံးပါးရှုပုံ

၆၁။ (က) သရက်ပင်နှင့်၊ ထို့ပြင်တယောက်၊ လက်ကောက်တလီ၊ စွန်ချီသားတစ်၊ ငှဲ့လစ်နွားလား၊ ခိုက်ရန်ပွား၍၊ အူကားထွက်ရာ၊ မြင်သည့်တာကြောင့်၊ သုံးဖြာမမွေ၊ ပွားတုံထ၍ ပစ္စေကဗုဒ္ဓါ၊ ဖြစ်လေရာသည်၊ ။သုံးဖြာတရား ပွားလေကား။

(ခ) ကရဏ္ဍကနဂ္ဂဇိ၊နိမိတွင်ထ၊ဒုမ္မုခဟု၊လေးဝရာဇာ၊ လူ့ပြည်ရွာကို၊စွန့်ခွါရက်ရက်၊ မငဲ့ကွက်ပဲ၊ တောထွက်သည်တာ၊ကျမ်းဝယ်လာသည်၊ ။နောင်လာအများ နည်းယူကား။

[ဤကား မင်းလေးပါး လေးခုကိုအာရုံပြု၍ လက္ခဏာရေးသုံးပါးကိုရှု၍ ပစ္စေကဗုဒ္ဓါဖြစ်ကြောင်း စကားရပ်မှတ်ဖွယ်တည်း၊ ။သတ္တနိပါတ်ကုမ္ဘကာရဇာတ် ပေါ-အချပ် (၃၅၅)လာ။]

## အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ပုံဥဒါဟရုဏ်

၆၂။ ရေခိုးမယား၊လှည့်စားတုံထ၊လနတ်တင်ရာ၊ သူရာသဘင်၊ခံမြပင်ကို၊ခံချင်လိုက၊ခံလေကြဟု၊ စိုးရပိုင်နင်း၊ စီရင်ခြင်းကြောင့်၊မကင်းပါပ၊အခမ္မသည်၊ငါ့အား၍ခါ၊မှားခဲ့ရာဟု

နှလုံးပြု၍၊သုံးခုလက္ခဏာ၊ပွားသည်တာကြောင့်၊ဗုဒ္ဓါပစ္စေကဖြစ်လေရသည်၊ ၊ခမ္ဘသုံးကား ပွားစေကား။

[ဤကား အကုသိုလ်ကြောင့် ကုသိုလ် ဖြစ်ကြောင်း ဥဒါဟရဏ်ပုံသက်သေငါးပါးစကားရပ်မှတ်ဖွယ်တည်း။ *ကောဒသနိပါတ် ယုဓဥ္စယဇာတ်မှာကြည့်လေ။

ထို့ကြောင့် ပဋ္ဌာန်းကျမ်း၌လည်း ''အကုသလော ဓမ္မော ကုသလဿဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော''စသည်ဖြင့် ဟောတော်မူသည်မှတ်လေ။

အဆွေခင်ပွန်းနှစ်ဦးလယ်ထွန်းရာ တဦးရေဘူးကရေကို ခိုး၍ သောက်မိသောကြောင့် သံဝေဂရ၍ ခိုး၍သောက်မိသောရေကို အာရုံပြု၍ ဝိပဿနာပွား၍ ပစ္စေကဗုဒ္ဓါဖြစ်လေသည်၊ ဤနည်းတူ မိမိမယားကို သူတပါးခိုးသည်ကိုအာရုံပြု၍ ဝိပဿနာကိုပွားစေသည်၊ သားအဖဖြစ်လျက် အဖမဟုတ်ဟုလည့်စားမိသည်၊ ရွာတွင်အကြီးဖြစ်၍ လနတ် ပူဇော်မြ ပူဇော်ကြတော့ဟု ခွင့်ပေးမိသည်၊ ရွာစားအကြီးဖြစ်၍ သူရာသဘင် ခံချင်တိုင်းခံကြတော့-ဟု ခွင့်ပေးမိလေသည်။]

---

## မင်းကျင့်တရား ၁၀-ပါး

၁၃။ အဘိုဒါန်၊ စောင်သီလနှင့်၊ စာဂမယုတ်၊ ဥပုသ်တလီ၊ ခ ,ကောဓ၊ ဝိဟိံသနှင့်၊ ဝိရောဓနတဖြာ၊ ရာဇာဓမ္မ၊ သုံးပါးအနှင့်၊ ညွန်ပြမိန့်မှာ၊ ကျမ်းဝယ်လာသည်၊ ၊ ရာဇာတို့အား ကျင့်ဆယ်ပါး။

[ဤကား ပြည့်ရှင်မင်းတို့ကျင့်ရသော တရားဆယ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊သုံးပါးမှာ-အကောဓ,

မှတ်ချက်။ ။*ကောဒသနိပါတ်၌ ဤပုံ-ငါးခုအကြောင်း ယခုစာမူများ၌ မတွေ့ရပေ။

အဝိဟိံသ, အဝိရောမနေကိုယ်ူလေ၊ သတ္တနိပါတ် ကုဏ္ဍ ဇာတ်(၃၀၀)ကုမ္မာသဇာတ် (၃၉၁)တို့၌ လာသည်။]

**မှတ်ချက်။** ။ဤ၌ ရှစ်ပါးသာရှိသည်၊ မစုံ, အဇ္ဈဝ, မဒ္ဒဝ အကျင့်နှစ်ပါး ကျန်ခဲ့၏။

---

## ကံအကျိုးပေးပုံ

၆၄။ (က) အသက်တိုခြင်း၊ အဆင်းယုတ်စွာ၊ အနာလည်းများ၊ ရှားပါးဥစ္စာ၊ နည်းစွာတန်ခိုး၊ အမျိုးယုတ်မာ၊ ပညာမဲ့ငြား၊ ဤတရားမှ၊ ပြန်ထတုံလေ၊ ဗျတိရေက၊ ဆယ်လေးရသည်၊ ၊ရှာကြလေကား ကံတရား။

[ဤကား ကံအကျိုးပေးရာဝယ် မှတ်ဖွယ် စကားရပ်တည်း၊ ၊အသက်တိုခြင်း,အသက်ရှည်ခြင်း, အဆင်းလှ, အဆင်းမလှ ဤသို့ စသည်ဖြင့် အန္ဝယ-ဗျတိရေကနည်း အစုံအစုံယူလေ ဆိုလိုသည်။]

---

## ကံ ၁၄-ပါးဝေဖန်ဟန်

(ခ) ပါဏာတိပါတ၊ ဝိဟေဌနှင့်၊ ကောဓ,ဣဿာ၊ ပုစ္ဆာ,ဒါန၊ ဝန္ဒနဝယ်၊ အ,အက္ခရာ၊ အရင်းပါက၊ လေးဖြာစွန်းကယ်၊ တဆယ်သောကံ၊ ဝေဖန်ဟန်ကို၊ ၊ဉာဏ်ဝယ် အမြဲ သိအောင်ခဲ။

[ဤကား တဆယ်သောကံ ဝေဖန်၍ အကျိုးပေးဟန် မှတ်ရန် စကားရပ်တည်း၊ ၊ပါဏာတိပါတ,အပါဏာတိပါတ,ဝိဟေဌ,အဝိဟေဌ စသည်ဖြင့် အ,အက္ခရာနှင့် ယှဉ်လေဆိုလိုသည်၊ဥပရိပဏ္ဏာသစူဠကမ္မဝိဘင်္ဂသုတ်(၂၄၃) လာ။]

---

## သမုဒ္ဒရာမြစ်၏ မှတ်ဖွယ်များ

၆၅။ (က) ခုရ,အဂ္ဂိ၊ ဒဓိ,ကုသ၊ နဠ,သမုဒ္ဒရာ၊ ဗလ ဝါမုခ၊ ဝဲညြိုယထက်၊ ဆထက်ထောင်,ရာ၊ ကြောက်အပ် စွာသည်၊ ၊သံသရာဝဲ သည့်ထက်ခဲ။

[ဤကား သမုဒ္ဒရာမြစ်ဝယ် မှတ်ဖွယ် စကားရပ်တည်း။]

---

## သမုဒ္ဒရာ ၅-စင်းမှ ရတနာ ၅-ပါး

(ခ) ဝရဇိန်,ရွှေ,ငွေ၊ တထွေပတ္တမြား၊ ကျောက်မျက် အားဖြင့်၊ ငါးပါးရတနာ၊ တည်သည်တာကြောင့်၊ သမုဒ္ဒရာ က၊ ယူခဲ့ကြသည်၊ ၊ခနစီးပွါး သင်္ဘောသား။

[ဤကား သမုဒ္ဒရာ ငါးစင်း၌ ရတနာငါးပါးရှိကြောင်း စကားရပ် မှတ်ဖွယ်တည်း၊ ၊ကောဒသနိပါတ် သုပ္ပါရက ဇာတ် ခေါ်-အချပ်၊ (၁၄၁)လာ၊ အချောက်ကျမ်းအစ ပဏ္ဏာမ၌လည်း ဤကုန်သည်တို့ကို ဥပမာပြုလေသည်။

ဘုရားအလောင်းမျက်စိနှစ်ဖက်မမြင် ကန်းလျက်နှင့် ပင် သင်္ဘောသူကြီးအရာတင်၍ သင်္ဘောသား ခုနစ်ရာနှင့် သမုဒ္ဒရာသို့ သွားလေသော် လေနှောင့်ရှက်၍ ပကတိ သမုဒ္ဒရာကိုလွန်၍ ခုရမာလိသမုဒ္ဒရာသို့ ရောက်လေလျှင် သင်္ဘောသားတို့က အဘယ်မည်သော သမုဒ္ဒရာနည်းမေး လျှင် ခုရမာလိအမည်ရှိ၏ ပြောလေ၏၊ ဤနည်းတူ အဂ္ဂ မာလိ,ဒဓိမာလိ, ကုသမာလိ,နဠမာလိ သမုဒ္ဒရာတို့ကို မြင်လျှင် မေး၍ သင်္ဘောသူကြီးကျမ်းနှင့်ထောက်၍ ကြား လေ၏။

ထို့နောက် ဗလဝါမုခဝဲကိုတွေ့၍ မေး၏၊ ဤဗလဝါ မုခဝဲသို့ရောက်သော သင်္ဘောသည် ထွက်နိုင်ရိုးမရှိ၊ နစ် တတ် ပျက်တတ်သည်ဆိုလျှင် သင်္ဘောသားတို့ အဝီစိငရဲ သို့ ရောက်သကဲ့သို့ ကြောက်လန့်၍ ငိုကြွေးကြလေကုန် သည်၊ ထိုအခါ ဘုရားအလောင်းသည်—

''ယတော သရာမိ အတ္တာနံ၊
ယတော ပတ္တော သ္မိ ဝိညုတံ၊
နာဘိ ဇာနာမိ သဥ္စိစ္စ၊
ကေပါဏမှိ ဟိံသိတံ၊
တေန သစ္စဝဇ္ဇေန
သောတ္ထိံနာဝါ နိ္ဝတ္တတု''။

ဤသို့ စသည်ဖြင့် သစ္စာပြု လေ၏၊ လေးသတိုင်တိုင် ခရီးမဟုတ် လမ်းလွဲ၍ သွားသော သင်္ဘောသည် သစ္စာ အာနုဘော်ဖြင့် သင်္ဘောဆိပ်သို့ နေ့ခြင်းရောက်လေ၏၊ ရှစ်ဥသဘမျှရှိသော အရပ်သို့ပြေး၍ သင်္ဘောသူကြီးအိမ် သို့ ရောက်လေ၏။]

---

## ဒေဝဒတ် သတ်နိုင်သော ဇာတ် ၅-ဇာတ်

၆၆။ စူဠနန္ဒိယ၊ ဒဒ္ဒရနှင့်၊ ဓမ္မပါလာ၊ မဟာကပိ၊ တွင်ဘိသညီ၊ ခန္တီဝါဒ၊ နာမပညတ်၊ ဤငါးဇာတ်၌၊ မုန်းလတ်တုံကျင်၊ ရှင်ဒေဝဒတ်၊အသေသတ်၍၊လူ့နတ်ဆရာ၊ သေရရှာသည်၊ ၊ကြင်နာသနား ဖွယ်တကား။

[ဤကား ငါးရာငါးဆယ်သော ဇာတ်တို့တွင် တပါး သောဇာတ်၌ ဒေဝဒတ် မသတ်နိုင်၊ ဤငါးဇာတ်၌သာ သတ်နိုင်ကြောင်း စကားရပ်မှတ်ဖွယ်တည်း။]

---

## ဥပါသကာမြတ်၏ အင်္ဂါ ၅-ပါး

၆၇။ သဒ္ဓါ,သီလ၊ ကမ္မယုံစွာ၊ မရှာဗဟိဒ္ဓါ၊ ပုဗ္ဗဒါနာ၊ အင်္ဂါငါးခု၊ စုံသည်မှုကြောင့်၊ ဥပါသကာ၊ ရတနာနှင့်၊

တဖြာနက်စုံ၊ ပုဏ္ဍရိက၊ ပဒုမဟု၊ နာမသညာ၊ သုံးထွေလာသည်၊ ၊သုံးဖြာအောင်ပွဲ ရအောင်ခဲ့။

[ဤကား နဘနာသုံးပါးကို ကိုးကွယ်သောဥပါသကာ ကောင်း ဥပါသကာမြတ် အင်္ဂါငါးပါး စကားရပ် မှတ်နည်းတည်း အင်္ဂုတ္တရ ပဥ္စက နိပါတ်(၁၈၁)။]

## ဥပါသကာယုတ်၏ အင်္ဂါ ၅-ပါး

၆၇။ ဥပါသက၊ စဏ္ဍာလနှင့်၊ မလမည်ရှိ၊ ပတိကုဋ္ဌ၊ သုံးဝသညာ၊ မည်သည်မှာကား၊ အင်္ဂါငါးဝ၊ ရှေ့ပုဒ်ရကို၊ ပြန်ထလိုက်ပါ၊ မည်ထိုက်စွာသည်၊ ၊သုံးဖြာအလွဲ လွတ်အောင်ခဲ့။

[ဤကား ဥပါသကာယုတ်ဥပါသကာမိုက်အင်္ဂါငါးပါး စကားရပ်မှတ်ဖွယ်တည်း၊ သဒ္ဓါကို အသဒ္ဓါ၊ သီလကို ဒုဿီလ၊ ဤသို့စသည်ဖြင့် အနွယ ဗျတိရေကနည်းယူလေ ဆိုလိုသည်၊ ၎င်းနိပါတ်(၁၈၁)။]

## မရောင်းဝယ်အပ်သော ကုန် ၅-ပါး

၆၈။ သတ္တ၊သတ္တ၊မံသ,သုရာ၊ တဖြာဝိသ၊ ဝါဏိဇ္ဇာကို၊ စွန့်ထပယ်ခွါ၊ ရောင်းလေပါက၊ မိစ္ဆာစာရ၊ ကျင့်ရာကြသည်၊ ၊ရှောင်ကြလေကား ကုန်ငါးပါး။

[ဤကား ဥပါသကာတို့ မရောင်းရာသော ကုန်ငါးပါး စကားရပ် မှတ်ဖွယ်တည်း၊အင်္ဂုတ္တရ ပဥ္စကနိပါတ်(၁၈၃) မှာ ကြည့်လေ၊ သတ္တ-မှာ-လူသတ္တဝါကိုယူ၊ သတ္တမှာ-ခါးစသောလက်နက်ကို ယူလေ။]

## သုံးပါးရတနာ ကိုးကွယ်ပါ

၇၀။ (က) သုံးပါးရတနာ၊ ကိုးကွယ်ပါက၊ဥပါသကာ မုချ၊ မည်ထိုက်လှ၏၊ မွေလေးပါး၊ ပြည့်စုံငြားက၊ လေးပါး သစ္စာ၊ လေးဖြာမဂ္ဂ၊ လေးဖလကို၊ ကူးရလွယ်အောင်၊ ငြမ်းကြိုးထောင်သည်၊ ။ရောက်အောင်အမြဲ သက်လုံးစွဲ။

---

## ဥပါသကာတို့ ကျင့်ရာသောတရား ၄-ပါး

၇၁။ (ခ) သဒ္ဓါ, သီလ၊ စာဂ,ပညာ၊ ဥစ္စာလေးပါး၊ ပြည့်စုံငြားမှ၊ သုံးပါးရတနာ၊ ကိုးကွယ်ရာ၌၊ ဥပါသကာစစ်၊ အမြွတ်ဖြစ်သည်၊ ။ရှင်ချစ်ဘုရားမိန့်စကား။

[ဤကား ဥပါသကာ ဥပါသိကာတို့ ကျင့်ရာသောတရား လေးပါး စကားရပ် မှတ်ဖွယ်တည်း၊ မဟာဝဂ္ဂ သံယုတ် ပါဠိတော် (၃၄၄)လာ။]

---

## ခိုးသူကြီး ၅-ယောက်

၇၂။ ပထမမှာ၊ လာဘ်ကိုရှာ၏၊ တဖြာဒုတိယ၊ ကျော် စောထ၏၊ တတိယမှာ၊ စွပ်စွဲသာတည့်၊ ဒါယကာအား၊ ဖြားယောင်းတုံကြ၊ စတုတ္ထတည့်၊ ပဉ္စမမှာ၊ ရှာနိမင်လာ သည်၊ ။မဟာစောရမှတ်လေကြ။

[ဤကား သာသနာတော်၌ မဟာစောရ ခိုးသူကြီး ငါးယောက် စကားရပ်မှတ်ဖွယ်တည်း၊ ပါရာဇိကဏ် ပါဠိ တော် (၁၁၄)၌လာသည်။]

## မင်းတို့ မကျင့်အပ်သော တရား ၃-ပါး

၇၃။ မုသာဝါဒ၊ ပထမတည့်၊ ဒုတိယမှာ၊ ကောဓလော ၏၊ တဖြာဟာသ၊ ဤသုံးဝကို၊ ရှောင်ကြဉ်အပ်စွာ၊ မင်းဝယ် လာသည်၊ ၊မကွာမြဲထွေ စွဲမှတ်လေ။

[ဤကား မင်းတို့ မကျင့်အပ်သော စကားရပ် မှတ် ဖွယ်တည်း။]

---

## အလှူဝတ္ထု၊ တခုခု လှူရာ၌ပင် ပါရမီ ၃၀-ပြည့်နိုင်ပုံ

၇၄။ ဒါတဗ္ဗကို၊ စွန့်ရသည်မှာ၊ ဒါနသာတည့်၊ တဖြာ နှစ်လီ၊ ဝစီ, ကာယ၊ စောင့်ရသည်မှာ၊ သီလသာတည့်၊ ယုတ်မာအဓမ္မ၊ ထွက်ရသည်စိတ်၊ နိက္ခမလာ၊ ဟိတာဟိတ၊ ဆင်ခြင်ရရာ၊ ပညာမည်ထ၊ ဒါနဝတ္ထု၊ ရမှုကြိုးကုတ်၊ အားထုတ်တိုက၊ ဝီရိယယှု၊ ထို့တူတဖြာ၊ သည်းခံရာမှု၊ ခန္တီဟူ၏၊ ယူလေမှား၊ စကားမှန်ရာ၊ သစ္စာမည်ရ၊ဆောက် တည်ကမှု၊ အိဋ္ဌာန်ဟူလိမ့်၊လှူနတ်ပြဟ္မာ၊ သတ္တဝါအား၊စီးပွါး လိုရာ၊ မေတ္တာဖြစ်ထ၊ သမစိတ္တာ၊ ဥပေက္ခာတည့်၊ ဒါန ဝတ္ထု၊ တခုခု၌၊ ဆယ်ခုဖြည့်ရာ၊ ကျမ်းဝယ်လာသည်၊ ၊ ပါရမီဖြည့်နည်း တတ်ဖွယ်တည်း။

[ဤကား အလှူဝတ္ထု၊တခုခုကို လှူရာ၌ပင် ပါရမီ ဆယ် ပါး ပြည့်ကြောင်းစကားရပ် မှတ်ဖွယ်တည်း၊ ၊စရိယာ ပိဋကတ် စသည်၌ လာသည်ကြည့်လေ။

''ကေက္ခဏေ သဗ္ဗာပိ သမတိံသ ပါရမီယော သိဒ္ဓါတိ''

ဟု ဇိနာလင်္ကာရ၌လာသည်၊ တခုသော ခဏ၌ပင် ပါရမီသုံးဆယ်ပြည့်ကြောင်းတည်း၊ ကောရပ္ပမင်းကျွန်

ငါဟုတ်၏ဟု ဝိမူရဘုရားအလောင်းဆိုသော စကားတ ခွန်း၌ပင် ပါရမီသုံးဆယ်ပြည့်လေသည်။]

---

## ပဝါရဏာ ၄-ပါး

၇၅။ ယာဝတတ္တ၊ပစ္စယနှင့်၊ ပဋိကွေပတတန်၊ ဝဿန် ဥဋ္ဌ၊ လေးဝပဝါရဏာ၊ ကျမ်းဝယ်လာသည်၊ ၊ပဝါရဏာ အပြား သိလေကား။

[ဤကား ပဝါရဏာအနက်အပြား စကားရပ် မှတ် ဖွယ်တည်း၊ ၊ဝိနယဂဋ္ဌိဒီပနီ ခ-ချပ်လာ။]

---

## သိက္ခာကျကြောင်းစကားရပ်

၇၆။ အရဟန္တ၊ ဝင်ထတိတ္ထိ၊ ပါရာဇိက၊ ချသည် သိက္ခာ၊ သေက္ခာသီလ၊ ကျလေရသည်၊ ၊မုချမမှား ကျမ်းစကား။

[ဤကား သိက္ခာကျကြောင်း စကားရပ် မှတ်ဖွယ် တည်း၊ ၊သုံတ္တန်ဂဏ္ဌိလာ၊ ''ပဉ္စသိက္ခာပဒါ ကုသလာ ယေဝ''ကို ထောက်လေ။]

---

## သာဝကဗောဓိ ၃-ပါး

၇၇။ မခေါ်ပဲလာ၊ ခြောက်ဖြာဘိညာ၊ ရလေတုံဘိ၊ ဗောဓိ ဘိက္ခု၊ နေမှုပန္တရသီ၊ လေးပါးညီက၊ သာဝကဗောဓိ၊ သုံး ပါးရှိသည်၊ ၊မုနိထွတ်ထား တဆူအား။

[ဤကား သာဝကဗောဓိမည်ကြောင်း စကားရပ် မှတ်ဖွယ်တည်း၊ ၊ဗုဒ္ဓဝင်ပါဠိတော် အဋ္ဌကထာတို့မှာ ကြည့်လေ။]

## နို့ဂဏာဆွမ်းအကျိုး ၁၂-ပါး

၇၈။ သိတ,ဥဏှ၊ ဝိပါသနှင့်၊ ခုဒ္ဒအရတိ၊ တန္ဒိဒရထ၊ ကိလန္တနှင့်၊ ကောဓတခု၊ ဥပနာဟ၊ ဝိဝါဒနှင့်၊ ဝိသုဏာစဉ်လာ၊ သန္နာမယုတ်၊ သုဒ္ဓါဘုတ်နက်ဩဇာ၊ စားရပါက၊ ဆယ့်နှစ်ဖြာဘေး၊ ကင်းလွတ်ဝေးသည်၊ ၊လေးဆယ်ကျော်ပြား ဆွမ်းလုပ်အား။

[ဤကား သူဌေးသမီးသုဇာတာ ကပ်လှူအပ်သော ရေမရောသော နွားနို့ဂဏာ နတ်ဩဇာဆွမ်းတော် အကျိုး တဆယ့်နှစ်ပါး စကားရပ် မှတ်ဖွယ်တည်း။

ဘုရားအလောင်းတော် လေးဆယ့်ကိုးလုပ် ဘုဉ်းပေးတော်မူ၍ လေးဆယ့်ကိုးရက် ဆာလောင်ခြင်းမရှိ သတ္တသတ္တာဟကာလပတ်လုံး သိတင်းသုံး၍ နေတော်မူနိုင်လေသည်၊ အသိတိနိပါတ် သုဓာဘောဇနဇာတ်မှာကြည့်လေ။]

---

## သူမိုက်တို့ပျင်းခြင်းအကြောင်း ကုသိတတရား ၈-ပါး

၇၉။ ခရီးသွားနှင့်၊ ဆွမ်းစားအနာ၊ ပြုရာကိစ္စ၊လေးနှစ်ဝကြောင့်၊ ဗာလဇနာ၊ ပျင်းကြောင်းလာသည်၊ ၊ရှစ်ဖြာ တရား သတိထား။

[ဤကား သူမိုက်တို့အား ပျင်းခြင်းအကြောင်း ကုသိတတရား၈ှစ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊တပါးတပါးက နှစ်ပါးနှစ်ပါးစီပြားသောကြောင့် ရှစ်ပါးဖြစ်သည် မှတ်လေ၊ ကြံလေ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ အဋ္ဌကနိပါတ် (၁၄၇)၌လာ။]

## သူတော်ကောင်းတို့အားထုတ်ကြောင်း ဝီရိယာရမ္ဘတရား ၈-ပါး

၁၀။ ခရီးသွားနှင့်၊ ဆွမ်းစား, အနာ၊ပြုရာကိစ္စ၊ လေးနှစ်ဝကြောင့်၊ ပဋ္ဌိတမှာ၊ အားထုတ်ရာသည်၊ ၊ရှစ်ဖြာတရား သူတော်အား။

[ဤကား သူတော်ကောင်းတို့ အားထုတ်ကြောင်း ဝီရိယာရမ္ဘတရား ရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ ၎င်းလာ။]

---

## ရသေ့ ၈-မျိုး

၁၁။ အလိုလိုကြွေ၊ တထွေပေါက်တူး၊ မီးရှူးလုပ်ကျွေး၊ လေးဝတံခါး၊ တင်းကုပ်ထား၍၊ ရှစ်ပါးလေးထွေ၊ ကျင့်ကြလေက၊ သုံးထွေသာသနာ၊ ကွယ်ကြောင်းလာသည်၊ ၊လေးဖြာရှစ်မျိုး ရသေ့ဆိုး။

[ဤကား ရသေ့အပြား စကားရပ် မှတ်ဖွယ်တည်း၊ ရသေ့ရဟန်း အဖြစ်သည် သာသနာကွယ်ခြင်း အကြောင်း ဖြစ်သည်-ဆိုလိုသည်၊ ရသေ့ရှစ်မျိုးသည် လေးမျိုးအတွင်း သို့ဝင်လေသည်၊ ၊သီလက္ခန်အဋ္ဌကထာ၃၂-အချပ်၊ ၂၄၁-မှာ အကျယ်ကြည့်လေ။]

---

## ပုဏ္ဏားမည်ရာသော အင်္ဂါ ၅-ပါး

၁၂။ အဆင်းအ[illegible]၊ တွက်ရိုးဗေဒင်၊ ထို့ပြင်တာဝ၊ သီလ, ပညာ၊ အင်္ဂါငါးပါး၊ ပြည့်စုံငြားမှ၊ ပုဏ္ဏားမည်ရာ၊ ကျမ်းဝယ်လာသည်၊ ၊မက္ကာမြထွေ စွဲမှတ်လေ။

[ဤကား ပုဏ္ဏားမည်ရာသော အင်္ဂါငါးပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊သီလက္ခန် သောဏ ဒဏ္ဍသုတ် ၁၁၃-လာ။]

---

## အလှူဦးရာ ၅-ပါး

၈၃၊ ခေတ္တ,ခလ၊ဘဏ္ဍာ,ဥက္ခလိ၊ ပါတိအင်္ဂ၊ ငါးဌာနဌ၊ လှူကြလေပါ၊ လှူနည်းမှာလည်း၊ ၊ကျမ်းလာ ကမ္ဘည်း ပုဏ္ဏားနည်း။

[ဤကား အလှူဦးရာသော ငါးပါးစကားရပ် မှတ်ဖွယ်တည်း၊ ၊ဓမ္မပဒကျမ်းလာ ပစ္စင်္ဂဒါယကာ ပုဏ္ဏား ၏ ကဲ့သို့ အဦးငါးပါးလှူလေ။]

---

## ဥပသမ္ပဒကံ၏ ပုစ္ဆကိစ္စ ၈-ပါး

၈၄။ ယူ,ကြား,သမုတ်၊ ပြင်ထုတ်ဆုံးမ၊ ခေါ်ထဟတ္ထ ပါသ်၊ တောင်းလတ်ပဉ္စင်း၊ သမုတ်ခြင်းနှင့်၊ မေးခြင်း အန္တရာယ်၊ ရှစ်သွယ်ကိစ္စ၊ ကျမ်းဝယ်ပြသည်၊ ၊ပြုကြလေ ကား သံဃာအား။

[ဤကား ဥပသမ္ပဒကံကို ရွက်ဆောင်ရာ ပုစ္ဆကိစ္စ ရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ဝိမတိ ဝိနောဒနီကျမ်း ၁၃၆-လာ။

ယူမှာ-ဥပဇ္ဈာယ် ယူသည်၊ ကြားမှာ-သပိတ်သင်္ကန်း ကြားသည်၊ သမုတ်မှာ- ဆုံးမစိမ့်သောငှာ သမုတ်သည် ပြင်ထုတ်ဆုံးမမှာ-သွား၍ ဆုံးမသည်၊ ခေါ်ထဟတ္ထပါသ် မှာ ပဉ္စင်းလောင်းကို ခေါ်သည်၊ တောင်းလတ်မှာ-ပဉ္စင်း အဖြစ်ကို တောင်းသည်၊ သမုတ်ခြင်းမှာ-အန္တရာယ်ကို မေးစိမ့်သောငှာ သမုတ်သည်၊ မေးခြင်း အန္တရာယ်မှာ- သမုတ်ရသော ရဟန်းမေးသည်-ယူလေ။]

## စကြာမင်း၏ တန်းခိုး ၄-ပါး

၇၅။ အသက်ရှည်ခြင်း၊ အဆင်းအနာ၊ များစွာလူအား ချစ်လေငြားသည်၊ ၊လေးပါးတန်းခိုး စကြာမျိုး။

[ဤကား စကြာမင်းအား တန်းခိုးလေးပါး စကား ရပ်မှတ်ဖွယ်တည်း၊ ၊ဥပရိ ပဏ္ဏာသ ပါဠိတော် ၂၁၄- မှာကြည့်လေ။]

---

## အင်္ဂါဇာတ်ခိုင်ကြောင်း ၅-ပါး

၇၆။ ရာဂ,ဝါတ၊ ပဿာဝနှင့်၊ ဝစ္စတဖြာ၊ ဥစ္စာလိင်၊ ပိုးကိုက်ကြ၍၊ အင်္ဂဇာတာ၊ ခိုင်လေရာဟု၊ မြတ်စွာဘုရား၊ ဟောညွှန်ကြားသည်၊ ၊မှတ်သားလေပါ ကျမ်းအလာ။

[ဤကား အင်္ဂါဇာတ်ခိုင်ကြောင်း ငါးပါးစကားရပ် မှတ်ဖွယ်တည်း၊ ၊ပါရာဇိကဏ် ပါဠိတော်၁၅၄-လာ။]

---

## ရှင်အာနန္ဒာပညာကြီးကြောင်းတရား ၄-ပါး

၇၇။ သောတ, ဗဟု၊ ဥပနိဿယ၊ တိတ္ထဝါသေ၊ လေးထွေတရား၊ အကြောင်းအားကြောင့်၊ ကြီးမားဉာဏ်နေ၊ နက်နဲလေသည်၊ ၊ပုံသေမယွင်း နှုလုံးသွင်း။

[ဤကား ရှင်အာနန္ဒာ ဉာဏ်ပညာကြီးကြောင်း တရား လေးပါး စကားရပ် မှတ်ဖွယ်တည်း။

သောတမှာ-သောတာပန်ကိုယူ၊ ဗဟုမှာ-ဗဟုဿုတ ကိုယူ၊ ဥပနိဿမှာ- ရှေးဘဝက သပိတ်ခြေ, သပိတ်ခံ လက်နှီးစသည် လှူခဲ့ဘူးသည်ကိုယူ၊တိတ္ထဝါသေမှာ-ဆရာ ထံ သင်ခဲ့,နာခဲ့ဘူးသည်ကို ယူလေ။]

## အဝိဇ္ဇာ ဥဒ္ဒံ မှ ပေါက်တော်မူရပုံ

၈၈။ အနန္တအဋ္ဌေ၊ ဝပ်လေ့တုံထ၊ ကြက်မတို့ဝယ်၊ သုံးသွယ်ကိစ္စ၊ ပြုလေရသို့၊ဗုဒ္ဓရှင်ပင်၊ ရွှေပလ္လင်၌၊ သုံးအင်ကိစ္စ၊ ပြုလေရသည်၊ ။မုချမမှား ကျမ်းစကား။

[ဤကား ဘုရားသခင် ကြက်မတို့အား သုံးကိစ္စပြုမှ ကြက်ဥမပုပ်ပဲ ပေါက်လေသကဲ့သို့ ဗောဓိပင်နှင့် ရွှေပလ္လင်၌ လက္ခဏာရေးသုံးပါးကို ပွါး၍ အဝိဇ္ဇာဥဒ္ဒံမှပေါက်တော်မူကြောင်း စကားရပ် မှတ်ဖွယ်တည်း။]

## ဇမ္ဗူဒီပကျွန်း မြို့,ရွာ,ကျေးလက်အရေအတွက်

၈၉။ သုံးဖြာခေတ္တ၊ သောင်လေးဝတွင်၊ နာမမှည့်ယူ၊ ဇမ္ဗူဒီပါ၊ ကျွန်းတောင်ညာထက်၊ သချာတွက်ကိန်း၊တသိန်းရှစ်သောင်း၊လောင်းလေထို့နေ၊ကိုးထောင်သောမြို့၊ ခရိုင်တို့နှင့်၊ စို့စို့ကျေးလက်၊ပေါင်းလိုက်တွက်သော်၊ကိုးသန်းပေါ်ဝယ်၊ ခြောက်သန်း ကယ်လိမ့်၊ တသွယ်တခန်း၊ ဆိပ်ကမ်းသဘော်၊ကျယ်ပြောများစွာ၊မြို့ရွာဂါမ၊ ရပ်ဒေသတွင်၊ သုံးဝသာသနာ၊တည်ရာမှန်ဘိ၊ ရပ်သိရိမူ၊ ပဋိရူပ၊ မည်ထိုက်လှသည်၊ ။ဆယ်ဝတရား ပွားစေကား။

[ဤကား ဇမ္ဗူဒီပကျွန်း၌ မြို့ပေါင်း,ကျေးလက် ခရိုင်ပေါင်း စကားရပ် မှတ်ဖွယ်တည်း။]

## ကုသိုလ်အကျိုးကြောင့် စည်းစိမ်ပြည့်စုံသော သဌေးသား ၄-ယောက်

၉၀။ ယောသကမူ၊ ဖြစ်ထခုနစ်တန်၊ သေကြောင်းကြုံလည်း၊ သူ့ကံတန်းခိုး၊ပုညမျိုးကြောင့်၊မညှိုးမငယ်၊ စည်းစိမ်ကြွယ်သား၊သဌေးသားသို့၊ မမှားနောင်လာ၊ ဖြစ်ပါရစေ၊ တ

တွေ့ထို့နောင်၊အတောင်ရှစ်ဆယ်၊ ကြီးကျယ်အံ့လောက်၊ ရွှေတောင်ပေါက်၍၊စားသောက်မဆုံး၊ပေးသုံးဝေငှ၊ ဇဋိလပမာ၊ မဟာဘောဂ၊များခနှင့်၊ ဘဝနောင်လာ၊ဖြစ်ပါရစေ၊ တတွေ့တသီး၊မြဖြင့်ပြီးသည်၊မြေကြီးထဲမှ၊ပေါက်ထတုံလတ်၊ ဘုံပြာသာဒ်နှင့်၊သီးလတ်ပဒေသာ၊ဝေဆာဖြိုးမောက်၊ ခြောက်ဆယ့်လေးပင်၊များဖြင့်သောသော၊ဥစ္စာပေါသည်၊ ဇောတိကပမာ၊မဟာဘောဂ၊များခနှင့်၊ဘဝနောင်လာ၊ဖြစ်ပါရစေ၊ တတွေ့ထို့ပြင်၊များဖြင့်ကြီးကျယ်၊ တပါယ်မျှလောက်၊ ဆိတ်ချုပ်ပေါက်၍၊ တောက်ပဝင်းဝါ၊ ရတနာခုနစ်ပါး၊ ပြီးငြားတုံထ၊ လိုတိုင်းရသည်၊ မေဏ္ဍကသဖွယ်၊ နောက်ဝယ်ဘဝ၊ ဖြစ်ပါရစေ၊တောင်းသင့်လေသည်၊ ၊လာတွေ့မှား ကျမ်းစကား။

[ဤကား ကုသိုလ်အကျိုးကြောင့် ဥစ္စာစည်းစိမ်နှင့် ပြည့်စုံသော သဌေးသားလေးယောက် စကားရပ် မှတ်ဖွယ်တည်း၊ ၊ဓမ္မပဒကျမ်းလာပုဏ္ဏက,ကာကဝလ္လိသဌေး နှစ်ယောက်ဟူ၍လည်း လာသည်။]

---

## ● ● အိပ်မက် ၄-မျိုး

၉၁။ ဒေဝခါတု၊အနုဘူတ၊ပုဗ္ဗတသွယ်၊ အိပ်မက် ဖွယ်တည်း၊အလယ်နှစ်ဝ၊မှားတတ်စွရှင့်၊ဒေဝမက်ရန်၊ မှန်-မမှန်တည့်၊ကောနပုဗ္ဗ၊ မှန်တတ်လှသည်၊ ၊မှတ်ကြလေကား အမျိုးသား။

[ဤကား အိပ်မက် ၄-ပါးစကားရပ်မှတ်ဖွယ်တည်း၊ နတ်လှည့်ပတ်၍မက်ခြင်း, ဓာတ်ချောက်ချား၍မက်ခြင်း, ဖြစ်ဖူး၍မက်ခြင်း, ကောင်းကျိုး မကောင်းကျိုးပေးလို၍ မက်ခြင်းဟူ၍ လေးပါးတည်း။]

ဘုရားအလောင်း သားတော်ရလတ္တံ့နိမိတ်အိပ်မက်, ဘုရားအလောင်း ဘုရားဖြစ်လတ္တံ့နိမိတ်ငါးပါးအိပ်မက်, ကောသလမင်း အိပ်မက် တဆယ်ခြောက်ပါး အိပ်မက် ဘို့ကား ပုဗ္ဗနိမိတ် အိပ်မက်တို့တည်း၊ ၊ပါရာဇိကကဏ် အဋ္ဌကထာ ဒု-အချပ်(၁၀၇)လာ။]

## သရဏဂုံ သီလအကျိုး

၉၂။ သုံးပါးသရဏာ၊ငါးဖြာသီလ၊ဓမ္မလေးထွေ၊ ပြည့်စုံပေက၊ အသချေ်ယျ၊ မြစ်မသမုဒ္ဒရာ၊ ရေပမာသို့၊ များစွာအနန္တ၊ အကျိုးရသည်၊ ၊ဓမ္မလေးပါး စုံစေကား။

[ပဥ္စသီငါးပါးကို တပါတည်းယူလေ၊ ၊အင်္ဂုတ္တိုရ်စတုက္ကနိပါတ်(၃၆၆)လာ။]

## ရဟန်းမိန်းမတို့ကျင့်ရသည့် ဂရုဓမ္မတရား ၈-ပါး

၉၃။ အဘိက္ခု၊က၊ဝိဟာရေ၌၊နေကမအပ်၊နှစ်ရပ်တရား ယောကျ်ားယံမှ၊ တောင့်တလေပါ၊ ဝါတရာရ၊ ဖြစ်တုံက လည်း၊ မှန်လှမလစ်၊ ရဟန်းသစ်ကို၊ ကျစ်လစ်ရှိသေ၊ ရှိခိုး လေလော့၊ ခြောက်ထွေဓမ္မ၊ နှစ်—နှစ်ကျအောင်၊ ကျင့်ထ သိက္ခမာန်၊ ပဥ္စင်းခံရှင်၊ တဖန်ဆိုးမ၊ ယောကျ်ားကလည်း၊ ပက္ခမာနတ်၊ ကျင့်အပ်မည်၊ မခဲရေးရာ၊ နှစ်ဖြာသံဃ၊သုံးဝ ပဝါရဏာ၊ ကျင့်ထိုက်စွာသည်၊ ၊ရှစ်ဖြာတရား မိန်းမ အား။

[ဤကား ရဟန်းမိန်းမတို့ ကျင့်ရသော ဂရုဓမ္မတရား ရှစ်ပါးတည်း၊ ၊စူဠဝါပါဠိတော် တ-အချပ်(၄၄၄)လာ။]

## ဝါဒ ၁၀-ပါးပြား၍ သံဂါယနာ တင်ရကြောင်း

၉၄။ သိင်္ဂီလောဏ၊ဒွင်္ဂုလနှင့်၊ ဂါမန္တရတဖြာ၊ အာဝါသကပ္ပ၊အာစိဏ္ဏတခု၊ အနုမတိ၊ ဇဠောဂိနှင့်၊ အမထိတဖြာ၊ အဆာမရှိ၊နိသီဒန၊ဇာတရူပံ၊ဆယ်တန်တရား၊ အယူပြား၍၊ တင်ထားသံဂါယနာ၊ခုနစ်ရာမျှ၊ ကျမ်းဝယ်ပြသည်၊ ၊ဝါဒ တရား ညီစေကား။

[ဤကား ဝါဒဆယ်ပါး ပြား၍ သံဂါယနာ တင် ကြောင်းစကားရပ်မှတ်ဖွယ်တည်း၊ ပါရာဇိကဏ် အဋ္ဌက ထာ (၂၆) လာ။]

---

## လ,နေ ညစ်ကြေးကြောင်း ၄-ပါး

၉၅။ အဗ္ဘမဟိ၊ မည်ရှိတွင်ထ၊ ဓူမ,ရာဟု၊ လေးခု ညစ်ကြေး၊ လ,နေဘေးသည်၊ ၊ရစ်ထွေးချေက မထွန်းပ။

[ဤကား လ,နေအညစ်အကြေးစကားရပ် မှတ်ဖွယ် တည်း၊ ၊အင်္ဂုတ္တရ စတုက္ကနိပါတ်(၃၆၂)လာ။]

---

## ရဟန်းတို့အညစ်အကြေး ၄-ပါး

၉၆။ သုရာမေရယ၊ မေထုနနှင့်၊ ဇာတရူပါ၊ မိစ္ဆာ ဇီဝ၊ ဤလေးဝကြောင့်၊ သမဏ,ဗြာဟ္မဏာ၊ ညစ်ညူးရာ သည်၊ ၊ကျမ်းလာစကား နှလုံးထား။

[ရဟန်းတို့ အညစ်အကြေးလေးပါးစကားရပ် မှတ် ဖွယ်တည်း၊ ၊စူဠဝါပါဠိတော် (၄၉၂)လာ။]

---

## ဗိမ္ဗိသာရမင်းကြီး၏ တောင့်တခြင်း ၅-ပါး

၉၇။ ဘိသိက်ခံငြား၊ ဘုရားကြွလာ၊ ဆည်းကပ်ပါရ၊ ဓမ္မတရား၊ ဓဟာကြား, သိမြင်၊ ငါးအင်တောင့်တ၊ ပြည့်စုံ ရသည်၊ ၊ဗိမ္ဗမည်ငြား မင်းကြီးအား။

[ဤကား ဇိမ္ဗိသာရမင်းကြီး တောင့်တခြင်း စကားရပ် မှတ်ဖွယ်တည်း။ ။ဝိနည်းမဟာဝါ လာ။]

## တိတ္ထိတထောင်တို့အား တန်းခိုးပြခြန်း

၉၀။ နဂါးတခု၊ စတုမဟာရာဇ်၊ ရောက်လစ်တုံထ၊ သက္ကဒေဝါ၊ လာသည်တဖန်၊ သဟမ္ပတိ၊ မည်ရှိတွင်ထွန်း၊ မြောက်ကျွန်းဆွမ်းခံ၊ လျော်ရှန်နယ်ပြင်၊ လှမ်းချင်ခေါက်ထ၊ မှုကိစ္စကြောင့်၊ သက္ကဒေဝါ၊ တူးလှာရေကန်၊ တဖန်ကျောက်ပြင်၊ ခတက်ပင်နှင့်၊ ကျောက်ပြင်တသီး၊ အသီးလေးမျိုး၊ အရိုးတသွယ်၊ ပင်လယ်ကသစ်ပန်း၊ နှစ်ခန်းထင်ယှ၊ မီးမှုငါး မျိုး၊ မိုးကြီးသည်းစွာ၊ ရွာသည်ကစ၊ ပေါင်းတိုကမှု၊ အရ မြားမြောင်၊ သုံးထောင်ငါးရာ၊ မြောက်ဆယ်သာလိပ့်၊ ဇိနာ လှုဘ၊ ဟန်းပုံးပြ၍၊ ထောင်မျှမှင်အား၊ တရားမြိုက်ရေ၊ ဘိုက် ကျွေးပေသည်၊ ။ကြီးလေမျှိုးမှူး ဂုဏ်အထူး။

[ဤကား တိတ္ထိတထောင်တို့အား တန်းခိုးပြကြောင်း စကားရပ် မှတ်ဖွယ်တည်း။ ။နှင်းခန်းထင်ယှ ပွဲ-မကွဲ ယှု၊ မီးမျိုးငါးမျိုးမှ ငြိ,မငြိ၊ ငြိမ်း- မငြိမ်း ခိမယ်ဖြို ဖန် ဆင်းသည်ယှု ။ဝိနည်းမဟာဝါ (၂၄၁)မှာ အကျယ် ကြည့်လေ။]

## သက်န်းဝတ်တိုင်း ဆင်ခြင်သူအားအကျိုး ၈-ပါး

၉၉။ အချမ်း,အပူ၊ ချင်,မှက်ဟူသား၊ နေပူတတွေ၊ မြွေ,လေ,အရှက်၊ ရှစ်ချက်အာနိုး၊ သင်္ကန်းဝတ်ရာ၊ ကျိုးရှစ် ဖြာသည်၊ ။မှန်စွာမလွဲ ရလေပြီ။

[ဤကား သင်္ကန်းဝတ်တိုင်း ဆင်ခြင်ရာ အကျိုးရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း။]

**ကျောင်းကိုမှီဝဲတိုင်းဆင်ခြင်သူအားအကျိုး ၁၀-ပါး**

၁၀၀။ ခြင်,မှက်,နေပူ၊ မြွေ,လေ,ဟူသား၊ အပူ,အချမ်း၊ တခန်းဥတု၊ တခုဘေးရန်၊ ဈာန်,ဝိပဿနာ၊ ကိန်းအောင်းရာသည်၊ ၊ဆယ်ဖြာဟောရိုး ကျောင်းနေကျိုး။

[ဤကား ကျောင်းကိုမှီဝဲသုံးဆောင်တိုင်း ဆင်ခြင်ရာသော အကျိုးဆယ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ သုတ္တန်ဒေသနာအားဖြင့် ကိုးပါး၊ ရူဋ္ဌဝါခန္ဓကအားဖြင့် ခုနစ်ပါးလာသည်၊ဥတုနှင့် ဘေးရန်ကိုတခုတည်း တနည်းယူလေ။]

---

**ဆွမ်းပစ္စည်းသုံးဆောင်တိုင်း ဆင်ခြင်သူအား အင်္ဂါ ၈-ပါး**

၁၀၁။ မြူးထူးတဝ၊ ယစ်ထ,တန်းဆာ၊ တင့်တယ်စွာလတ်၊ ဤလေးရပ်မူ၊ မအပ်ဟူလိမ့်၊ ဆာပူပျောက်ကင်း၊ မျှတခြင်းနှင့်၊ တည်ခြင်းခန္ဓာ၊ သုံးဖြာသာသန၊ ချီးမြှောက်ရရာ၊ ဝေဒနာဟောင်း,သစ်၊ မဖြစ်ပယ်ဖျောက်၊ လျောက်ပတ်စွာလား၊ ပြစ်ကားကင်းရာ၊ အင်္ဂါရှစ်ရပ်၊ ပိဏ္ဍပါတ်ဝယ်၊ ၊ မှတ်လေအံ့မြဲ ဉာဏ်အထဲ။

[ဤကား ဆွမ်းပစ္စည်းကို သုံးဆောင်တိုင်း ဆင်ခြင်ရာ အင်္ဂါရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ရှင်မဟာသီလဝံမထေရ်အယူ၊ ဖာသုဝိဟာရော စကို အကျိုးယူသည်။]

---

**ဆေးပစ္စည်းသုံးဆောင်တိုင်း ဆင်ခြင်သူအား အကျိုး ၂-ပါး**

၁၀၂။ လေးပါးသောဓာတ်၊ ချောက်ချားလတ်၍၊ စွဲကပ်ရောဂါ၊ပျောက်လေပါက၊ ချမ်းသာသုခ၊ ရစေခြင်းငှါ၊မှီဝဲရာသည်၊ ၊နှစ်ဖြာသုံးနည်း ဆေးပစ္စည်း။

[ဤကား ဆေးပစ္စည်းကိုဆင်ခြင်၍သုံးဆောင်ရာသော အကျိုးနှစ်ပါး စကားရပ်မှတ်ဖွယ်တည်း။]

နှစ်ဖြာရေးနည်းဆိုရာ၌ အခေါ်သည့်ကာလ, စားသည့်ကာလ နှစ်ပါး၌ ဆင်ခြင်ရမည်ဟုဆိုသည်၊ နေ့၁၀ါယမှ ငါးနာရီသနတ်ကင် လေးပုဒ်ဖြင့် ကာမသုခဝလ္လိကာနုယောဂ အန္တခမ္မကိုပယ်သည်၊ လေးပုဒ်တို့တွင်လည်း ရှေ့နှစ်ပုဒ်ဖြင့် အတ္တကိလမထာနုယောဂကိုပြသည်၊ နောက်နှစ်ပုဒ်ဖြင့် ပယ်ရမည့်ယောဂကိုပြသည်၊ ကြွင်းသော ဒုတိယ စသော ပုဒ်တို့ဖြင့် အတ္တကိလမထာနုယောဂအန္တခမ္မ ကိုပယ်သည်။ အယုတ်တရားနှစ်ပါး ပယ်ရသဖြင့်လည်း ဤဝိဇ္ဇာပါဌ်-စသော ပါဌ်တို့ဖြင့် မဇ္ဈိမပဋိပဒါကို ပြသည်၊ ထို့ကြောင့် ဓမ္မစကြာပါဠိတော်၌''ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ ... မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ''စသည်ဖြင့် ပြတော်မူသည်၊ သက်နိုး, ကျောင်း ဆေးကို ဆင်ခြင်ရာ၌လည်း နည်းတူယူလေ။]

---

# နိဂုံး

၁၀၃။ (က) စစ္ဆာပကတူး၊ မြို့တည်ဦးက၊ ကန့်းဘာသာ၊ သဒ္ဒါသုံးချက်၊ ရောရှက် ပေါင်းစည်း၊ ကမ္မဓာရည်း သမာသ်၊ပညတ်မချက်၊ခုထက်မကင်း၊ ပဲရင်း၏၊ နယ်ပေါင်း အဝင်၊မြောက်လက်ခွင်၌၊ပုန်တိုင်ပင်ဖွာ၊ရပ်ဂါမာမှ၊ သုံးပြာ ဓမ္မ၊ မှုကိစ္စကြောင့်၊ လာရတုံးငြား၊ မင်းဖျားစံရာ၊ မဟာ အမရ၊ နဂရ၏၊ ပစ္ဆိမဒိသာ၊ နောက်မျက်နှာ၌၊ သာယာ သန့်းထူး၊ရှေးဆိပ်ဦးကျင်၊ ကြည်နူးဖွယ်ရာ၊ လေးဖြာစု၊ အမြဲစုရှိ၊ ရောင်းမှုဝယ်တာ၊ လှယ်သည်တာကြောင့်၊ ဥစ္စာမနှ၊ ပြည့်စုံကြ၍၊ သုံးဝရတနာ၊ ဆယ်ဖြာကုသလ၊ ဗုဂ်ပြီး ချလျက်၊များလှဗိုလ်လူ၊ သောင်းသောင်း မျှ၊ မှုယူအမျက်၊ ရှေးချိုတိုက်ဟု၊ သမိုက်ခေါ်တွင်၊ တိုက်သာခွင်၌၊ တိုက်ရှင်

ဒါယကာ၊ သဒ္ဓါသွတ်တွား၊ ထင်ရှားကျော်စော၊ သီပေါမင်းသား၊ လှူပြားတိုရှောင်း၊ ယာယီကျောင်းဝယ်၊ အပေါင်းသံဃာ၊ဝန်းရံကာလျက်၊ သုံးဖြာဓမ္မ၊ ပို့ချသင်ကြား၊ တရားရေအေး၊ကယ်တိုက်ကျွေးလျက်၊နှစ်သက်ဝမ်းသာ၊ နေသောခါ၌၊ငါးဖြာရန်သူ၊အကြောင်းတူ၍၊မီးရန်သူဖျက်၊ နေရာပျက်၍၊ အကွက်နေရာ၊ မရခဲ့ပါ၊ခိုရာမဲ့ခိုက်၊ ရေလည်တိုက်၌၊ အလိုက်ဘာသာ၊နေစဉ်ခါ၌၊ နောင်လာအများ၊ အမျိုးသားတို့၊ မှတ်သား စိမ့်ငှါ၊ ကရုဏာဖြင့်၊ " ဝံသာဘိ လင်္ကာရ ဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဆယ့်ကိုးခု အက္ခရာ၊ တံဆိပ်စာနှင့်၊ သံဃာများဖ၊ မြတ်လှဆရာ၊ ကျမ်းတိုင်း ရှာ၍၊ ကောဇာသက္ကရာဇ်၊ ရေတွက်စစ်သော်၊အစ်-နှစ်-နှစ်နောက်၊ လျှောက်လေသည၊ လုံး၎ကတည့်၊ ချလေလေးခု၊ ဥတုဂိမ္ဟန္တ၊ ကဆုန်လတွင်၊ ထုတ်စီရင်သည်၊ ၊**လူရှင်အများ နှုတ်ဝယ်ထား။**

၁၀၄။ .(ခ) **လောကူပမာ၊** နှိုင်းရန်ရှာမူ၊ ကျယ်စွာတုံမြောက်၊ ချောင်းကပ်စောက်ကို၊ ကူးရောက်ခြင်းငှါ၊ မတတ်ပါ၍၊ လိုရာမရ၊ တ-တတဖြင့်၊ ဒုက္ခနှင့်သာ၊ ကမ်းဝယ်ကြာသို့၊လေးဖြာဓမ္မ၊ ဂမ္ဘီရကို၊ ဉာဏာခြေထောက်၊ နင်းသွားလျှောက်၍၊ ကူးရောက်ခြင်းငှါ၊ မတတ်ပါ၍၊ သုံးဖြာဓမ္မ၊ မသိကြပဲ၊ ငါးဝခန္ဓာ၊ ကမ်းဝယ်ကြာခဲ့၊ လျှောက်ရာတံတား၊ နင်းသွားလွယ်ကူ၊ ခင်းသောတူသို့၊ ထုတ်ယူညွှန်ပြ၊ မြတ်ဓမ္မကို၊ သိကြလွယ်အောင်၊ စာစောင်ဖွဲ့ကုံး၊ အကျဉ်းရုံးလျက်၊ စွဲသုံးဆောင်ရာ၊ ဆရာမြတ်လှ၊ ထုတ်ဖေါ်ပြ၏၊ ပဏ္ဍိတကမ်း၊ ဗာလကမ်းမှ၊ ကူးလှမ်းကြလေ၊ လေးထွေပွဲဝ၊လိုတိုင်းရလိမ့်၊

ကြွယ်ဝကုံလုံ၊ စကားစုံပြင့်၊ သုံးပုံတံတား၊ ခင်းခဲ့ထားသည်၊ လေးပါးဉာဏ်ခြေ ကူးလျှောက်လေ။

၁၀၅။ (ဂ) **တံတားတကာ၊** ကဲ့ပမာသို့၊ သုံးဖြာတံတား၊ ကူးသွားဖွယ်ရာ၊ ခင်းပါရသား၊ ကုသိုလ်အားကြောင့်၊ တံတားပမာ၊ ဉာဏ်ပညာနှင့်၊ သံသရာဘဝ၊ ဖြစ်ပါရစေ၊ သုံးထွေပိဋကတ်၊ ငါးရပ်နိကာယ်၊ ကိုးသွယ်အင်္ဂါ၊ များစွာသောကျမ်း၊ သုံးပုံကမ်းကို၊ ကူးလှမ်းနိုင်စွာ၊ ဉာဏ်ပညာနှင့်၊ ဖြစ်ပါရစေ၊ လေးတွေညြဏ၊ မြစ်ဝဲမသို့၊ နစ်ကြမျောပါး၊ လူတလွှားကို၊ ရှစ်ပါးမဂ္ဂင်၊ တံတားဆင်၍၊ ပို့တင်ကယ်ရပါလိုသော်၊ ဗုဒ္ဓသာသနာ၊ မြတ်သုံးဖြာကို၊ ဓမ္မာနုဂ္ဂဟ၊ ချီးမြှောက်ရကျိုး၊ ထက်မိုးကောင်းကင်၊ ကဲ့အသွင်သို့၊ ဂုဏ်အင်ကြီးလှ၊ မိဖဘိုးဘွား၊ ကျေးဇူးထားဆရာ၊ ပြည်ရွာသ[illegible]၊ ရေမြေရှင်နှင့်၊ ကိုယ်ကျင့်မပြတ်၊ စောင့်သည်နတ်မှ၊ သုံးရပ်ဘုံသူ၊ နတ်နှင့်လူကို၊ အ[illegible]ရစေ၊ ပေးငှဝေသည်[illegible] [illegible]သေ ဦးမုက်၊ ပဲ့တင်ကြိုက်မျှ၊ နှစ်ခြိုက်သာဝု ခေါ်ဝေသော်။

၁၀၆။ (ဃ) **ဤသို့စေတနာ၊** [illegible]ပါရသ[illegible]း၊ အ[illegible]ျိုး **အားကြောင့်၊** ပြောင်းသွားဘဝ၊ နေ[illegible]ကာလ[illegible]၊ သုံးဝ[illegible] **ကတ်၊ လေးတက်**[illegible]ခင်၊ ထိုမြင်တခြား၊ ဘုရားအလောင်း၊ **သူတော်**ကောင်း[illegible]၊ တတ်ကောင်းသ[illegible]။ အာဝဇ်၊ ကြွဆိုပြ[illegible]၊ **ဟင်းလင်း**[illegible]၍၊ ကောင်းကင်အလယ်၊ လမင်းနှယ်လျှင်၊ ဖြစ် **ရ**[illegible]၍၊ လေးအောင်[illegible]းသား၊ သူတို့အားကို၊ ယဉ်ပါးစေ[illegible]၊ မိုးပြိုးဝက်သို့၊ တချက်တည်းသာ၊ ဖြစ်သောတာကြောင်း၊ ခ[illegible]လာသထုတ်၊ [illegible]အယုတ်ကို၊ ဖုံးအုပ်ဉာဏ်အောင်၊ ကယ်ယူဆောင်၍၊ ကောင်းအောင်ပြုသ[illegible]

မွေ့ကို၊ ကြားကကြည်ယုံ၊ ကိုယ်လုံးထုံ၍၊ ယမ်းပုံအဝ၊ မီးခဲကျသို့၊ လောဘတဏှာ၊ အဝိဇ္ဇာကို၊ ပညာမီးပွား၊ ဟုန်းဟုန်းစား၍၊ ခြောက်ပါးအာရုံ၊ မမက်ကုန်ပဲ၊ ဉာဏ်ဟုန်နှင့်သာ၊ ပြည့်စုံပါ၏၊ ခေမာအမတ၊ တွင်ထအမည်၊ နိဗ္ဗာန်ပြည်သို့၊ ကြည်ချမ်းသာ၊ မီးငြိမ်းရာကို၊ ၊မကြာလျင်ဆော ပြည့်စေသော်။





# အက္ခရာစဉ်အညွှန်း


**အ**

အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ပုံဥဒါဟရုဏ် ၈၇
အကုံရ၏အလှူကြီးပေးရာ အမှုဆောင်အဖွဲ့ ၅၄
အကျွောဘိဏီတပ် ၇၅
အကျိုးစီးပွားဖြစ်ကြောင်း တရား ၆-ပါး ၂၂
အကျိုးတရား ၅-ပါး ၆၃
အကြောင်းတရားငါးပါး ၆၃
အခါမဲ့သေကြောင်းတရား ၇-ပါး ၁၂
အင်္ဂါဇာတ်နိုင်ကြောင်း ၅-ပါး. ၉၉
အဆွေခင်ပွန်းဖွဲ့ရာ ၃-ပါး ၂၃
အညာနိမ္မာန် ဆန်သင့် ကြောင်းစကားရပ် ၆၄
အတတ်ပညာ ၁၂-ပါး ၅၁
အန္တရာယ်မပြုနိုင်သည့် တရား ၄-ပါး ၇၇
အတ္တသံဝဏ္ဏနာ ၉-ပါး ၇၂
အဓိဋ္ဌာန် ၅-ပါး ၇၆
အဓွန့်သုံးပါး ၆၂
အနာဖြစ်ကြောင်း ၈-ပါး ၅
အနုဂါမိဥစ္စာ ၅-ပါး ၆၉
အပိုင်းအခြားအနားမရှိ သော တရား ၅-ပါး ၃၁
အပြစ်ဒဏ် ၁၀-ပါး ၉
အပြစ် ၈-ပါး ၉
အမြေ ၄-ပါး ၁၃
အမျက်ငြိမ်းကြောင်း တရား ၅-ပါး ၆၇
အမြဲဆင်ခြင်အပ်သော အကြောင်းတရား ၅-ပါး ၆၈
အရပ်ပြစ် ၈-ပါး ၂၄
အလှူအကျိုး ၅-ပါး ၆၅
အလှူဦးရာ ၅-ပါး ၉၀
အလှူဝတ္ထု တခုခုလှူရာ၌ပင် ပါရမီ ၃၀-ပြည့်နိုင်ပုံ ၉၄
အဝိဇ္ဇာဥခွံမှပေါက်တော် မူရပုံ ၁၀၀
အသက်ရှည်ကြောင်း တရား ၅-ပါး ၆၄
အသံကြီး ၄-ပါး ၂၄
အသံနေအသံထားဖြင့် တရားဟောခြင်းအပြစ် ၅-ပါး ၂၇
အာဒါသမုခမင်းသား ဆုံးဖြတ်သောတရား ၁၄-ပါး ၃၆

အာနာပါနကမ္မဋ္ဌာန်း ဒီးဖြန်းပုံ [illegible]

အားထုတ်နိုင်ခြင်း အကြောင်းတရား ၅-ပါး ၆၇

အိပ်မက် ၄-မျိုး ၁၀၁

### ဥ

ဥပသမ္ပဒကံ၏ ပုဗ္ဗကိစ္စ ၇-ပါး ၉၇

ဥပ္ပဒ္ဒဝေါ ၁၆-ပါး ၇

ဥပါသကာတို့ကျင့်ရမည့် တရား ၄-ပါး ၉၃

ဥပါသကာယုတ်၏ အင်္ဂါ ၅-ပါး ၉၂

ဥပါသကာမြတ်၏အင်္ဂါ ၅-ပါး ၉၁

### ဩ

ဩဝါဒတည်သော ကျောင်တော် ၄-ဆောင် ၄၄

### က

က[illegible]ဆို ၄-ပါး ၅၂

ကပ္ပဋ္ဌိတိ ၄-ပါး ၁၇

ကပ်လှာတတ်သောရောဂါ ၁၁-ပါး ၁၁

ကုရုဓမ္မတရား ၅-ပါး စောင့်သူ ၁၁-ယောက် ၃၇

ကုသိုလ် ၅-ပါး ၆၉

ကုသိုလ်အကျိုးကြောင့် စည်းစိမ်ပြည့်စုံသောသူဌေး သား- ၄ယောက် ၁၀၀

ကိုးဆယ်ခြောက်ပါးရောဂါ ၅

ကောသလအိပ်မက် ၁၆-ချက် ၁၉

ကံ ၁၄-ပါးဝေဖန်ဟန် ၇၉

ကံအကျိုးပေးပုံ ၇၉

ကျောင်းကိုမှီ၍တိုင်းဆင်ခြင် သူအားအကျိုး ၁၀-ပါး ၁၀၅

ကျောင်းထိုင်ပုဂ္ဂိုလ်ငရဲလား ကြောင်းတရား ၅-ပါး ၂၇

ကျောင်းလှူခြင်းအကျိုး ၁၄

ကြက်သရေပြောင်းဟန် ၄-ပါး ၄၀

ကြက်သား၃-မျိုးစား[illegible] ၄၁

ကြည်ညိုခြင်းအကျိုး ၈-ပါး ၂၅

ကြည်ညိုဖွယ်ရာပြုလုပ်ခြင်း အကျိုး ၅-ပါး ၂၆

ကြည့်ရှောင်အပ်သော တရား ၄-ပါး ၇၉

### ခ

ခရီးခဲ ၅-ပါး ၃၆

ခင်ပွန်းယုတ် လက္ခဏာ ၁၆-ပါး ၉၃

ခန္ဓာငါးရပ် စွဲလှာတတ်
သောရောဂါများ ၅
ခိုးသူကြီး ၅-ယောက် ၄

**စ**

စကားများခြင်း အပြစ်
၅-ပါး ၂၅
စတုမဓု ၄-ပါး ၅၂
စားသောက်ရာဝယ်ဆင်ခြင်
ဖွယ်တရား ၁၀-ပါး ၁၇
စကြဝဠာ ကမ္ဘာတသိန်း
အာဏာနှံ့သော ပရိတ်
၇-သုတ် ၅၂
စကြာမင်းကျင့်ဝတ်
၁၂-ပါး ၄၇
စကြာမင်း၏တန်းခိုး ၄-ပါး
၉၉
စကြီသွားခြင်းအကျိုးတရား
၅-ပါး ၆၉
စစ်ထိုးနည်း ၃-မျိုး ၃၆
စစ်သည်နှင့်တူသော ရဟန်း
၅-ပါး ၇၀
စည်းစိမ်ဥစ္စာ ပြည့်စုံကျိုး
၅-ပါး ၂၅
စိတ်ကိုနှောင်ဖွဲ့ခြင်း တရား
၅-ပါး ၂၀
စိတ်၏ ဆူးငြောင့် တံသင်း
တရား ၅-ပါး ၂၀

**ဆ**

ဆတ္တပါဏိပုဏ္ဏားဏ်အင်္ဂါ
၄-ပါး ၄၄
ဆေးပစ္စည်းသုံးဆောင်
တိုင်း ဆင်ခြင်သူအား
အကျိုး ၂-ပါး ၁၀၅
ဆင်ခြင်ခြင်းအကျိုးတရား
၅-ပါး ၆၀
ဆွမ်းပစ္စည်းသုံးဆောင်
တိုင်း ဆင်ခြင်သူအား
အကျိုး ၂-ပါး ၁၀၅
ဆောင်ပုဒ် ၇၃

**ဇ**

ဇမ္ဗူဒိပါကျွန်း မြို့,ရွာ,ကျေး
လက် အရေအတွက် ၁၀၀

**တ**

တကာအင်္ဂါ ၉-ပါး ၄၇
တကာတို့ကုသိုလ်ပွား
ကြောင်းအင်္ဂါ၅-ပါး ၅၃
တကျိပ်တယောက်
ကုဏ္ဍုစ္ဆဖြစ်ဟန် ၃၀
တနေ့အတွက် ထွက်သက်,
ဝင်သက် ၁၆
တမန်အင်္ဂါ ၈-ပါး ၇၀
တနည်း-အမျက်ငြိမ်း
ကြောင်းတရား၅-ပါး ၆၇
တနည်း-အဖြေ ၅-ပါး ၁၄

တရားနာခြင်းအကျိုး
တရား ၅-ပါး ၇၄
တေမိမင်းသားအလိုစမ်း
ခန်း ၈၄
တေမိမင်းသား တော
ထွက်ကြောင်းစကား ၈၃
တရားဟော ပုဂ္ဂိုလ်ပြုကျင့်
ရာသော တရား၅-ပါး ၈၄
တရားဟောပုဂ္ဂိုလ်နှလုံး
သွင်းအပ်သော တရား
၅-ပါး ၆-ပါး ၈၄
တမ်းခွန်လှူခြင်းအကျိုး ၁၄
တိတ္ထိတထောင်တို့အား
တန်းခိုးပြခန်း ၁၀၄
တောင့်တအပ်သော
တရား ၄-ပါး ၂၂
တောင့်တမရသောတရား
၅-ပါး ၆၅

ထ

ထွက်သက်,ဝင်သက်ကာယ
သင်္ခါရဖြစ်, မဖြစ် ၁၆

ဒ

ဒိဋ္ဌိဖြစ်ကြောင်း ၈-ပါး ၁၂
ဒုက္ခထော ၅-ပါး ၆၅
ဒုသီလမယား ၃-မျိုး ၃၉
ဒေဝဒတ်သတ်နိုင်သော
ဇာတ် ၅-ဇာတ် ၃၁

ဓ

ဓမ္မသောအပြား ၃၀ ၇၆

န

နသာမုတရား ၄-ပါး ၈၁
နိကန္တိတဏှာနှင့် မေထုန
သံယောဇဉ်အပြစ် ၇၅
နည်းပေါင်း ၂၄၀ ၅၉
နတ်ကိုးစုတေခါနီးနိမိတ်
၅-ပါး ထင်ပုံ ၄၉
နတ်သမီး ၄-ယောက် ၄၂
နတ်ကိုးစုတေကြောင်း
၄-ပါး ၂၃
နိဗ္ဗာနကာသွမ်းအကျိုး
၁၂-ပါး ၉၆
နှိပ်စက်တတ်သော
ရောဂါ ၁၁-ပါး ၅
နှစ်ပါးနှစ်ပါးအားဖြင့်
သံဝဏ္ဏနာ၆-ပါးပြားပုံ၇၃

ပ

ပဋိစ္စသမုပ္ပါဒ် ၆၂
ပဋိစ္စသမုပ္ပါဒ်တွင် သောက
စသောတရားငါးပါး
မပါဝင်ပုံ ၆၂
ပဒသံဝဏ္ဏနာ ၈-ပါး ၇၁
ပရိနိဗ္ဗာန်ကြွစံတော်မူ
ကြောင်း ၃-ပါး ၇၀
ပရိတ်နာရသအကျိုးမရ
ကြောင်း ၃-ပါး ၄၅

ပရိတ်ရွတ်ရာအာနုဘော်
မရှိကြောင်း ၃-ပါး ၄၅
ပဝါရဏာ ၄-ပါး ၉၅
ပုဏ္ဏာ ၅-ပါး ၁၃
ပုဏ္ဏားမည်ရာသော
အင်္ဂါ၅-ပါး ၉၇
ပဉ္စသီလကျင့်ခြင်းအကျိုး ၃၀
ပဉ္စာနန္တရိယကံ ၅-ပါး ၂၇
ပဏ္ဍုကမ္ဗလာကျောက်ဖျာပူ
ခြင်းအကြောင်း
၆-ပါး ၄၀
ပြုနိုင်ခဲသောတရား၄-ပါး ၅၀

ဗ

ဗိမ္ဗိသာရမင်းကြီး၏
တောင့်တခြင်း
၅-ပါး ၁၀၃
ဗြဟ္မဝိဟာရတရား ၄ပါး ၇၀
ဗြဟ္မဝိဟာရပွားပုံ ၇၁

ဘ

ဘဝတဏှာ အပြစ်များပုံ ၄၆
ဘုရားကြိမ်းဝါးတော်မူရာ
တရား ၄-ပါး ၃၀
ဘုရားတို့မစွန့်သောအရပ်
၄-ပါး ၇၀
ဘုရားလောင်းအိပ်မက်
၅-ပါး ၅၂
ဘေး ၂၅-ပါး ၈
ဘုန်းတန်းခိုးကြီးကြောင်း
ကောင်းမှု ၆-ပါး ၃၃

မ

မပြည့်နိုင်ရာသောတရား
၄-ပါး ၃၂
မရောင့်ရဲနိုင်သောတရား
၁၆-ပါး ၈၆
မရောင်းဝယ်အပ်သော
ကုန် ၅-ပါး ၉၂
မလိမ္မာ၍ ဘေးတွေ့ပုံနှင့်
လိမ္မာ၍ ချမ်းသာပုံ ၇၉
မီး ၃-ပါး ၄၀
မီးလှုံခြင်းအပြစ် ၅-ပါး ၆၉
မေထုနသံယောဇဉ်၇-ပါး ၇၄
မင်းလေးပါးလက္ခဏာရေး
၄-ခုကို အာရုံပြု၍
လက္ခဏာရေးသုံးပါးရှုပုံ ၈၇
မင်းကျင့်တရား ၁၀-ပါး ၈၈
မင်းတို့မကျင့်အပ်သော
တရား ၃-ပါး ၉၄
မိန်းမတို့အပါယ်လား
ကြောင်းတရား ၅-ပါး ၄၉
မိန်းမတို့ အားမရနိုင်သည့်
တရား၃ -ပါး ၃၁
မိုးသံကြားရခြားအကွာ ၁၈
မြေလှုပ်ခြင်းအကြောင်း ၁
မြေလှုပ်ခြင်းအကြောင်း
၈-ပါး ၁

မြေလှုပ်ကြောင်း ၄-ပါး ၂
တနည်း-မြေလှုပ်ကြောင်း
ဂ-ပါး ၂
မြေလှုပ်ကြောင်း ၆-ပါး ၃
မြို့ရွာအစ ၄-ပါး ၅၁

ရ

ရဟန်းတို့အညစ်အကြေး
၄-ပါး ၁၀၃
ရဟန်းမိန်းမတို့ ကျင့်ရသည့်
ဂရုဓမ္မတရား ဂ-ပါး ၁၀၂
ရသေ့ ဂ-မျိုး ၉၇
ရန်အောင်ကြောင်းတရား
၅-ပါး ၁၅
ရှိခိုးခြင်းပဏာမ ၅၉
ရှင်ဒေ နန္ဒာ ပညာကြီး
ကြောင်းတရား၄-ပါး ၉၉

လ

လ, နေ ညစ်ကြေးကြောင်း
၄-ပါး ၁၀၃
လာဘ်ပွင့်အကျင့် ၄-ပါး ၄၃
လေပျက်ကြောင်း ၁၀-ပါး ၁၀
ငရဲနက်ကြီး ၄-ပါး ၂၀
ငရဲသံဝေဇနာ ၅-ပါး ၇၂
ငရဲပဒသံဝေဇနာ ၆-ပါး ၇၂
လုပ်ကျွေးနိုင်ခဲသောသူ
အင်္ဂါ၅-ပါး ၆၆

ဝ

ဝါဒ ၁၁-ပါးပြား၍ သံဃါ
ယာနာ ဘင်ရကြောင်း ၁၀၃
ဝေဒနာပျက်ကြောင်းဂ-ပါး၁၁
ဝဋ်သုံးပါး ၆၃

သ

သမဏသုခ ၅-ပါး ၆၄
သမုဒ္ဒရာ ၅-စင်းမှ ရေတန
၅-ပါး ၉၀
သမုဒ္ဒရာမြစ်၏ မှတ်ဖွယ်
များ ၉၀
သရဏဂုံသီလအကျိုး ၂
သလိပ်ပျက်ကြောင်း
၃-ပါး ၁၁
သာသနာ ၃-ပါး ၃၃
သာသနာ ၃-ပါး ပုံဥပမာ
စကား ၃၄
သာဝက ဗောဓိ ၃-ပါး ၉၅
သိကြားကျကြောင်း
စကားရပ် ၉၅
သိမ်းငင်ခဲသော တရား
၅-ပါး ၃၁
သီလအကျိုး ၅-ပါး ၂၆
သီလညစ်ညူးကြောင်း,
ဖြူစင်ကြောင်း
စကားရပ် ၇၄

သီလရှိစဉ်အလှူဒါနပြုခြင်း အကျိုးကြီးပုံ ၈၀

သုဘာသိတ ဝါစာအင်္ဂါ ၅-ပါး ၅၄

သုသီလမယား ၄-မျိုး ၃၉

သူဌေးသမီး ၄-ယောက် ကျိန်ဆိုပုံ ၈၂

သူဌေးသား ၄-ယောက် အမဲသားတောင်းပုံ ၈၀

သူတော်ကောင်းတရား ၇-ပါး ၁၆

သူတော်ကောင်းတို့အား ထုတ်ကြောင်းဝိရိယ ရမ္မတရား၈-ပါး ၉၇

သူနာလုပ်ကျွေးထိုက်သူ၏ အင်္ဂါ ၅-ပါး ၆၇

သူမိုက်တို့ပျင်းခြင်း အကြောင်း ကုသိတ တရား ၈-ပါး ၉၆

သူ့မယားပြစ်မှားခြင်း အပြစ် ၄-ပါး ၄၈

သေခြင်းအကြောင်းတရား ၈-ပါး ၁၂

သဲလှူခြင်းအကျိုး ၁၅

သံဝေဇနာဆစ်-၆၁ ၇၃

သံဝေဇနာ ၅-နည်း ၇၁

သံဝေဇနာ ၅-ပါး ၇၂

သားအပြား ၄-ပါး ၁၈

သက်နှုန်းဝတ်တိုင်းဆင်ခြင် သူအားအကျိုး၈-ပါး ၁၀၄

သစ္စာတရား ၆-ပါး ၂၉

သည်းခြေပျက်ကြောင်း ၃-ပါး ၁၁

သည်းမခံနိုင်ခြင်းအပြစ် ၅-ပါး ၂၄

သုံးဆယ့်နှစ်ဖြာကံကြမ္မာ ၆

သုံးပါးရတနာကိုးကွယ်ပါ ၉၃

သုံးပါးသာသနာ တွေ့ခဲ ကြောင်းစကားရပ် ၃၄

